www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၇၃၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၄၇၀၇၁၁
ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချုန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ ♦ ၅၀၀ အုပ်
တန်ဖိုး ♦ ၁၀၀ ကျပ်
ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764, 095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ခေဝီ
မိုင်းမောရတနာသိုက် လျှို့ဝှက်ပုရပိုက် / ခေဝီ ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၄ ) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) မိုင်းမောရတနာသိုက် လျှို့ဝှက်ပုရပိုက်

## ပါဝင်သောအခန်းများ

- ဥစ္စာစောင့်မလေးကို ရှာဖွေနေသော အရှုံတစ်ယောက်
- လက်ချောင်းများမရှိသောဧည့်သည်
- နှစ်ဆောင်ပြိုင်စံအိမ်တော်
- နားရွက်ပြတ်မုံကြီး
- စဉ့်အိုးခေါင်းထဲမှ မပုတ်မသိုးသေးရေစိမ်ရုပ်အလောင်း
- မိုင်းမောရွှေပြည်ပျက်မြို့တော်
- ပျဉ်းမသမီးကလေး ခေါ်ရာနောက်လိုက်ခဲ့သူ
- ဘဝပြောင်းတာချစ်သူ
- မိုင်းမောရတနာသိုက် လျှို့ဝှက်ပုရပိုက်
- တောကြီးမားယား ရတနာသိုက်လိုက်ရှာ

www.burmeseclassic.com

www.burmeseclassic.com

# ဥစ္စာစောင့်မလေးကို ရှာဖွေနေသော အရူးတစ်ယောက်

တသွင်သွင်စီးဆင်းနေသော ဝန်းလောင်မြစ်ကမ်းဘေးတွင် မြစ်နဒီရွာကလေး တည်ရှိသည်။ ရွာကလေး၏နောက်ခံကားမှာ ပြာသွင်လွှင်မှိုင်းပျပျ ရှမ်းရိုးမတောင်တန်းကြီးများဖြစ်ကြသည်။ ရှမ်းတောင်တန်းကြီးများ၏ တောင်စွယ်များဖြစ်ကြသော မိန်းမလှတောင်ဟုခေါ်သည့် နတ်ထိပ်တောင်သည် မြစ်နဒီရွာကလေးနှင့် ဝေးကွာလှသည်တော့မဟုတ်ချေ။

ထို့အတူ မိုင်းမောရွာများတွင် ပျူနိုင်ငံတော် မြို့ဟောင်းတစ်ခုသည်း လွန်ခဲ့သောနှစ်ပေါင်းများစွာက တည်ရှိခဲ့ဖူးလေသည်။

မြစ်နဒီရွာ တောင်ဖက်တွင် ရှေးဟောင်းစေတီဘုရားတော်တို့ အပြိုအပျက်များနှင့်အတူ စံအိမ်တော်ဟုခေါ်သည့် နန်းဆောင်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းအိမ်အိုကြီးအား တောခြုံရိုင်းများက လွှမ်းမိုးဖုံးအုပ်ထား လျက်ရှိသည်။ ရှေးယခင်နှစ်ပေါင်းများစွာက မြို့ပိုင်မင်းတစ်ဦး နေထိုင်ခဲ့ဖူးသည်ဟု ပြောဆိုကြသည်။

ဘုရားကုန်းပျက်ကြီးဟု ရွာမှလူများ ခေါ်ကြသည်။ အဆိုပါ အရပ်ဒေသသည် မြစ်နဒီရွာကလေးနှင့် တစ်မိုင်ခန့်သာ ကွာဝေးသည်။ ဘုရားကုန်းပျက်ကြီးဘက်သို့သွားရာ လမ်းဘေးတစ်လျှောက်တွင်လည်း မြေပုံမို့မို့များ၊ သချိုင်းဂူများ ဇရပ်ပျက်တစ်ဆောင်နှင့် သုသာန်ကလည်း ရှိနေပေသေးသည်။ သုသာန်ဝင်းဝတွင် ကြီးမားသောညောင်မုတ်ဆိတ်ပင်ကြီးများလည်း ရှိသည်။

သုသာန်မြေကို ဖြတ်သွားရခြင်းကြောင့် ရွာမှလူများ မသွားဝံ့ မလာဝံ့သော ဒေသဖြစ်သည်။

ပိုဆိုးသည်မှာ မြို့ပိုင်မင်း နေထိုင်ခဲ့ဖူးသည်ဆိုသော ရှေးဟောင်းနှစ်ဆောင်ပြိုင် အိမ်အိုဟောင်းကြီးသည် သရဲတစ္ဆေများ ခိုအောင်းနေခြင်း၊ သုသာန်အဝ ညောင်မုတ်ဆိတ်ပင်များတွင် ကုန်းစီး တစ္ဆေမှင်စာကလေးများရှိခြင်းတို့ကြောင့် မြေကြမ်းဒေသအဖြစ် သတ်မှတ်ထားကြသည်။





ညနေစောင်း နေဝင်သည်နှင့်တစ်ပြိုင်နက် ဘုရားကုန်းပျက် ကြီးဘက်ဆီသို့ မည်သူတစ်ဦးတစ်ယောက်မျှ မသွားဝံ့မလာဝံ့တော့ပေ။

မြစ်နဒီရွာသားများမှာလည်း ရိုးသားပြီး ရှေးရိုးဆန်လွန်းသူ များ ဖြစ်ကြသည်။ မိရိုးဖလာ ရိုးရာအစဥ်အလာများကိုလည်း တရိ သော ယုံကြည်ကိုးကွယ်ကြသည်။

တစ္ဆေသရဲများရှိသည်ဟုလည်း လက်ခံထားကြသည်။

နတ်ထိပ်တောင်ခြေတွင်ရှိသော တောအုပ်ညို့ညို့များထဲသို့ …တွက်သူ၊ ဟင်းရှာသူ၊ ဝါးခုတ်သူ၊ ထင်းခုတ်သူများမှာလည်း …စောင်းသည်နှင့် ဘုရားရားကုန်းပျက်ကြီးအနီးမှ မဖြတ်သန်းဝံ့ကြ …တဲ့ လမ်းကြောရှည်သည့် ပန်းလောင်မြစ်ကမ်းစပ်မှသာ လှည့်ပြီး …သာလေ့ရှိသည်။

တချို့ဖြတ်သန်းသွားမိကြသူများအဖို့ ဘုရားကုန်းပျက်ကြီး … စေတီပုထိုးအပြိုအပျက်များကြားမှ ချုံနွယ်ပိတ်ပေါင်းများသည် …တို့သဲ သွက်သွက်ခါအောင် လှုပ်ယမ်းလျက်ရှိခြင်း၊ ခေါ်သံ …များကြားရခြင်း၊ ရှေးဟောင်းနှစ်ဆောင်ပြိုင်အိမ်မည်းမည်းကြီး … ညှော်ညှော်နံ့သဏ္ဍာန်အရိပ်များ သွားလာနေကြခြင်းနှင့် နက်မှောင်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သောဆံပင်ရှည်များကို ဖားလျားချကာ သွားလာနေသည်တတ်သည်တို့ကို တွေ့မြင်ရသည်ဟု တစ်ဆင့်စကား တစ်ဆင့်နားကြားကာ ပြောဆိုမိရာမှ စိုးရိမ်ထိတ်လန့် ကြောက်လန့်ပြီး သွားဝံ့သူမရှိသော နေရာဒေသတစ်ခု ဖြစ်လာခဲ့သည်။

အထိတ်တလန့်ဖြစ်စေပြီး ကြောက်မက်ဖွယ်ကောင်းသော ဘုရားကုန်းပျက်ကြီးရှိရာသို့ ရွာထဲရှိ သတ္တိကောင်းသောလူငယ်ကလေးများပင် မသွားရဲမလာရဲရှိသည့်တိုင် ဖန်းငုံဆိုသည့် မိန်းကလေးကတော့ မကြောက်မရွံ့ လှည့်လည်သွားလာနေတတ်ပေသည်။

သူမအနေဖြင့် မြို့ပိုင်မင်း နေထိုင်ခဲ့ဖူးသည်ဟုဆိုသော နှစ်ဆောင်ပြိုင်အိမ်မည်းကြီးသည် သူမစိတ်ထဲတွင် တရင်းတနှီးရှိနေသည်ဟု ခံစားမိသည်။ ကြောက်ရွံ့ ထိတ်လန့်စိတ်လည်း မဖြစ်မိပေ။

အဆိုပါအိမ်ကြီးသည် သူမ၏ ယခင်ဘဝဘဝဟောင်းများက ဆက်နွယ်ပတ်သက်ခဲ့ဖူးသည်လားမသိ ယိုယွင်းပျက်စီးလျက်ရှိသော အဆောင်အခန်းများအား စိတ်ထဲတွင် မှိုးတဝါးမှတ်မိလျက်ရှိနေသည်။ ပြတ်ပြတ်ထင်ထင် ရေရေရာရာသိရှိခြင်းတော့မဟုတ် မှိုးတိုးဝါးတား ရေးတေးတေးသိနေသလိုဖြစ်သည်။





သူမစိတ်ထဲတွင်၌ ထိုအရပ်ထိုဒေသရှိ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးကား တစ်ချိန်ချိန်က သူမ သွားလာခဲ့ဖူးသောနေရာ နေထိုင်ခဲ့ဖူးသည့် အိမ်ကြီးပင်ဖြစ်မည်ဟု ထူးဆန်းစွာခံစားရမိသည်။

အစ်ကိုဝဏ္ဏ ရှိခဲ့စဉ်က မောင်နှမနှစ်ယောက် အရဲစွန့်ပြီး နှစ်ဆောင်ပြိုင်အိမ်မည်းကြီး ဆီသို့ စူးစမ်းလေ့လာကြည့်ခဲ့ကြဖူးသည်။

ဖန်းငုံ၏ သိစိတ်အာရုံများသည် ဘဝဟောင်းသို့ ပြန်လည်ခေါ်ဆောင်သွားပုံရသည်။ ညှော်ခန်းဆောင်ဟုထင်ရသော ခန်းမဆောင်ထဲရှိ သစ်တိုသစ်စွေးပုံများကြားတွင် ပန်းချီကားတစ်ချပ်ကို အမှတ်မထင် တွေ့ရှိရာမှ ကော်ကပ်ယူသိမ်းဆည်းမိခဲ့သည်။

ကြည့်ပါဦး ဒီပန်းချီကားကလည်း အထူးအဆန်းဖြစ်သည်။ အစ်ကိုဝဏ္ဏကိုယ်တိုင် ပန်းချီကားထဲမှ ရေးဆွဲထားသော မိန်းကလေးပုံကိုကြည့်ပြီး တအံ့တဩဖြစ်သွားလေသည်။

'ညီမလေးဖန်းငုံ သေချာကြည့်စမ်း ဒီစံအိမ်ဟောင်းကြီးထဲက တွေ့ရတဲ့ ပန်းချီကားထဲက မိန်းကလေးပုံက ဖန်းငုံမှ ဖန်းငုံအစစ်ပဲ။ ဖန်းငုံကိုကြည့်ပြီးပန်းချီဆွဲထားသလား အောက်မေ့ရတယ်။ ဘယ်ဟာလည်း တကယ့်ကို ချွတ်စွတ်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် အစ်ကို၊ မသိတဲ့သူတွေက ပန်းငုံကိုကြည့်ပြီး ခွဲထားတယ်လို့ ပြောကြမှာပဲ'

မောင်နှစ်မနှစ်ယောက် တိတ်တဆိတ်လျှို့ဝှက်ပြီး ပန်းချီကားကိုယူဆောင်လာခဲ့ကြသည်။ ထိုအချိန်မှစ၍ ဝေဝေဝါးဝါး ပြန်ရသော ပန်းငုံ၏ အတိတ်ဘဝများသည် အိမ်မက်ထဲတွင် ပီပြင်စွာ ရုပ်လုံးပေါ်လာသည်။

အစ်ကိုဝဏ္ဏ ထူးဆန်းစွာပျောက်ဆုံးသွားပြီးနောက်ပိုင်းတွင် ပန်းငုံတစ်ယောက်တည်း မကြာခဏဆိုသလို နှစ်ဆောင်ပြိုင်စံအိမ်ဟောင်းကြီးဆီသို့ ရောက်လာခဲ့သည်။

သူ့လက်ထဲတွင်လည်း စားသောက်ဖွယ်ရာ ယူလာသည်။ ဘယ်သူ့အတွက် ယူဆောင်လာရပါသနည်း။

စံအိမ်တော်ကြီးထဲတွင် လျှို့ဝှက်စွာပုန်းအောင်းနေသော လူတစ်ယောက်ရှိသည်လား၊ ရွာမှလူများမရိပ်မိအောင် လျှို့ဝှက်စွာ သွားလာနေတတ်သော ပန်းငုံဆိုသည်ပင် လျှို့ဝှက်ချက်များစွာကို ဖုံးကွယ်ထားလေသည်။

အစ်ကိုဖြစ်သူ ကိုဝဏ္ဏပျောက်ဆုံးသွားပုံမှာလည်း ရွာမှလူများကို တအံ့တသြဖြစ်စေသည်။





လွန်ခဲ့သောတစ်လခန့်က ကိုဝဏ္ဏသည် မိုင်းမောတောင်ဖက်မြို့ရိုးဟောင်းနားရှိ စိမ့်ကြီးပေါက် ရိုးချောင်းကလေးအနီးမှဖြတ်၍ မိုင်းမောတောထဲသို့ ဝင်ရောက်သွားရာမှ ပြန်ရောက်ရှိလာခြင်း မရှိတော့ပေ။ ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်း ဖြစ်သည်။

သေဆုံးသွားသည်လား အသက်ရှင်လျက်ရှိနေသေးသည်လားကိုလည်း ကွဲကွဲပြားပြားရေရေရာရာ သတင်းအစအနမရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားရခြင်းဖြစ်သည်။

ထို့အတူ နောက်ထပ်အစ်ကိုတစ်ယောက်ဖြစ်သော ကိုဗလကို ဘုရားကြီးကုန်းပျက်ကြီးထဲမှ ရှာဖွေခေါ်ယူရသည်မှာလည်း ပန်းငုံအတွက်တာဝန်ဝတ္တရားတစ်ခုလိုဖြစ်နေပေသည်။

ကိုဗလကလည်း အမြဲတမ်းရူးသွပ်နေသူတော့မဟုတ်။ စိတ်ဓာတ်ဖောက်ပြန်လာလျှင် ထိန်းရခက်သည်။ ရူးသွပ်နေသော စိတ်မနှံ့သည့် စိတ်ဝေဒနာရှင် တစ်ဦးဖြစ်နေပေသည်။ ထူးဆန်းသည်မှာ နှမဖြစ်သူ ပန်းငုံတစ်ယောက်ကိုသာ ကောင်းစွာမှတ်မိပြီး ပန်းငုံစကားကို နားထောင်သည်။ တကယ်တော့ ပန်းငုံသည် ရူးသွပ်နေသော စိတ်ဝေဒနာရှင်တစ်ဦးအား ထိန်းကျောင်းပေးနေရခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဗလကား အခြားသူမဟုတ်။ ပန်းငုံ၏အဒေါ်ကိုတစ်ဝမ်းကွဲ အစ်ကိုဗလက သူကြီးဦးယက္ခ၏ သားဖြစ်သည်။ ပန်းငုံ၏မိခင်ဖြစ်သူ ဒေါ်သူဇာက ဦးယက္ခ၏နှမ။ မိခင်ဖြစ်သူဒေါ်သူဇာနှင့် ဖခင်ဖြစ်သူ တို့မှာ ပန်းငုံတို့ မောင်ဝဏ္ဏတို့ မောင်နှမ ငယ်စဉ်ကတည်းက ဆုံးပါး သွားခဲ့သည်။ ဦးကြီး ဦးယက္ခက သားသမီးအရင်းပမာ ပြုစုကျွေးမွေး စောင့်ရှောက်ရင်း လူလားမြောက်လာခဲ့ကြသည်။

သူကြီးဦးယက္ခတွင် ကိုဝဏ္ဏနှင့်သက်တူရွယ်တူ ကိုဗလဆို သည့်သားတစ်ယောက်ရှိသည်။ သားတစ်ယောက်ဆို ဆိုသလောက်ပင် ဆိုးခဲ့ပေခဲ့မိုက်ခဲ့သူဖြစ်သည်။ ရွာနီးချုပ်စပ် တခြားရွာများအထိ ကိုဗလ သည် နာမည်ဆိုးနှင့် ကျော်ကြားသူဖြစ်သည်။

သူကြီးဦးယက္ခ၏တစ်ဦးတည်းသောသားဖြစ်သလို ငယ်စဉ်က ပင် အလိုလိုက်ထားခဲ့သည်။ အရွယ်ရောက်လာသောအချိန်တွင် နောက် လိုက်နောက်ပါတပည့်တပန်းအပေါင်းအသင်းများနှင့် ဆိုးသွမ်းလာ သည်။ အရက်လည်းသောက်၊ မိန်းမှုလည်းမွှေသည်။ လောင်းကစားမျိုးစုံနှင့် မွေ့လျော်သည်။ အချော်အပါးလိုက်စားသည်။ အုပ်စုလိုက်ရန်ပွဲများ ကြောင့် သူကြီးဦးယက္ခကိုယ်တိုင် ခေါင်းကိုက်ခဲ့ရပေါင်းများလှပြီ။





ပန်းငုံ့အစ်ကိုဖြစ်သူ ကိုဝဏ္ဏနှင့်တော့ တခြားစီဖြစ်သည်။ ကိုဝဏ္ဏက အေးဆေးတည်ငြိမ်သူ စိတ်ကောင်းလည်းရှိသည်။ ရပ်ကျိုး ရွာကျိုး သာရေးနာရေးတွင် ရှေ့ဆုံးက ကူညီဆောင်ရွက်ပေးသည်။ အားလပ်သည်နှင့်ရွာဦးကျောင်းသို့ ရောက်လာတတ်ပြီး ဘာသာရေး အသေများဖတ်ရှုခြင်း၊ ပုတီးစိပ် တရားထိုင်သည်။ မြနန္ဒီရွာမှ လူများက လည်း ဗလအား ကြောက်ရွံ့မုန်းကြသလောက် ဝဏ္ဏကိုမူ ချစ်ခင် လေးစားကြသည်။

ကိုဗလရူးသွပ်သွားသည့် အကြောင်းအရင်းကိုလည်း ရွာမှလူ များအနေနှင့် ဘုရားကုန်းပျက်ကြီးမှ ဥစ္စာစောင့်များ ဖမ်းစားနှောင့်ယှက် ခြင်းကြောင့် ရူးသွပ်ဖွယ်များသည်ဟု ထင်မှတ်ထားကြသည်။ ကိုဗလ သည်း ငှက်ကြီးတောင်ဓားတရမ်းရမ်းနှင့် ဥစ္စာစောင့်မကို သတ်မည် ဟုလိုက်ရှာနေသူဖြစ်သည်။

ပန်းငုံသည် ညောင်မှတ်ဆိတ်ပင်ကြီးများအောက်မှဖြတ်ပြီး ကျောင်းဝင်းထဲသို့ ဝင်လာခဲ့သည်။ ဂူဟောင်းတစ်ခုအနီးသို့ ရောက်လာ သောအခါ ယူလာသောစားစရာများကို လျှို့ဝှက်စွာဂူထဲသို့ ထည့်ထား ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းငုံအစားအသောက်များလာပို့သည်ကို တစ်စုံတစ်ယော
က သစ်ပင်ရှိုင်းဝှမ်းများကြားတွင် ပုန်းကွယ်ပြီးစောင့်ကြည့်လျက်ရှိသည်
ပန်းငုံပြန်သွားလျှင် အဆိုပါစားသောက်ဖွယ်ရာများကို ယူငင်စ
သောက်နေကျဖြစ်သည်။

ပန်းငုံသည် နှစ်ဆောင်ပြိုင် စံအိမ်တော်ဟောင်းကြီးထဲသ
ဝင်လာခဲ့သည်။ ထုံးစံအတိုင်းအိပ်ပျော်နေသော ကိုဗလကိုနိုးလိုက်သည

'ကိုဗလ ထတော့လေ ရွာပြန်ရအောင် အချိန်မရှိတော့ဘူး

ဗလက သူ့ဘေးတွင်ချထားသော ငှက်ကြီးတောင်ဓား
ဆတ်ခနဲ ကောက်ယူလိုက်သည်။

'သေချင်းဆိုးဥစ္စာစောင့်မ… ဘယ်ရောက်သွားတယ် မ
ဘူး၊ ဒီကောင်မကို သတ်မှဖြစ်မယ်၊ မသေသေအောင် သတ်ရမ
ဒင်းကများ ငါ့ကို သူ့သိုက်နန်းထဲ ခေါ်မယ်လေးဘာလေးနဲ့၊ ဟင်း…
တွေ့ကြသေးတာပေါ့'

ရူးသွပ်နေသူတစ်ဦး၏ စိတ်ဖောက်ပြန်မှုများအတိုင်း ထင
မြင်ရာပြောဆိုနေသည်ကို ချော့မော့ရင်း ခေါ်လာခဲ့ရသည်။

'ကဲ… လာပါ ကိုဗလရယ်၊ ညီမလေးနဲ့ အတူတူပြန်ကြ





အောင်နော်၊ ကိုဗလသတ်ချင်တဲ့ ဥစ္စာစောင့်မလေးက ဒီနေ့လာမှာ
မဟုတ်တော့ဘူး၊ နောက်နေ့မှ လာရှာကြတာပေါ့နော်၊ ကဲ… သွားရ
အောင်'

ပန်းငုံသည် ကိုဗလ၏ လက်မောင်းတစ်ဖက်ကို ဆွဲခေါ်၍
မြနန္ဒီရွာကလေးသို့ပြန်ခေါ်လာခဲ့သည်။ ထိုအချိန်မှာ အလင်းရောင်များ
ပျောက်ကွယ်စ ညနေ နေဝင်ရီတရောလေးပင်ဖြစ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## လက်ချောင်းများမရှိသော ဖဲသမား

မြို့ပိုင်မင်း နေထိုင်ခဲ့ဖူးသည်ဆိုသော နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးကား မြနန္ဒီရွာသူရွာသားများ ဝေးဝေးကပင် ရှောင်ရှားကြသည်။ အနီးအနားသို့ပင် မချဉ်းကပ်ရဲကြပေ။

မြနန္ဒီရွာတွင် ပြောစမှတ်တွင်အောင် သေဆုံးသွားကြသူများ ဒုက္ခိတဖြစ်သွားသူများရှိကြသည်။

ဒုက္ခိတဖြစ်သွားသော မှုံကြီးကိုယ်တိုင် ရွာတွင် ယခုထက်ထိ ရှိနေသေးသည်။ မှုံကြီးအကြောင်းကို သိသူတိုင်း နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးကို ကြောက်လန့်နေခဲ့ဖြစ်သည်။

လက်ချောင်းများ ငုံးတိဖြစ်သွားသူ တစ်ဦးကား ဖဲသမားကျောက်ဒိုး။ မြနန္ဒီရွာသားမဟုတ်၊ အခြားရွာသားဖြစ်သော ဥနဲ့ပုတ်ရွာသား၊ နယ်လှည့်လောင်းကစားသမားတစ်ဦး ဖြစ်သည်။





ဗလတို့ မြနန္ဒီရွာတွင် ထိုနေ့ညက အသုဘရှိသည်။ နှင်းနု အဖေ ဦးကုလား ပိုးထိ၍ သေဆုံးသွားပြီး ရက်မလည်ခင် အောက် မီးတထိန်ထိန် လောင်းကစားဝိုင်းများ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဗလတို့ အတွက် ဆောင်ပွဲစားပွဲ ပျော်ပွဲရွှင်ပွဲရက်များဖြစ်သည်။

ဒီအသုဘက ဗလအတွက်အရေးကြီးသည်။

သူ့အားကြည့်မရသော ဦးကုလား ပိုးထိသေဆုံးသွားသောကြောင့် ဒေါင်ဖင်းကြီးသားမြွေကိုပင် ကျေးဇူးတင်ပြီးအပျော်ကြီး ပျော်ရွှင်နေသော ဗလ။ ဦးကုလားတွင် သမီးတစ်ယောက်ရှိသည်။ နှင်းနု . . . ညိုရှုချွယ်သွယ်နှင့် သာမန်မိန်းကလေးတစ်ဦးပင် ဖြစ်သော်လည်း ကြည့်ပျော်ရှုပျော်အချောအလှ စာရင်းဝင်မဟုတ်ပေ။ သို့သော် ကိုယ်လုံး ကိုယ်ပေါက်က တောင့်တောင့်ဖြောင့်ဖြောင့်၊ ခါးသေးရင်ချီ တစ်တစ် နှင့် မွေ့ဖက်ချစ်ချင်စရာကောင်းသည်။

တကယ်တော့ အပျိုရိုင်းလေး . . . ဗလမျက်စိကျနေသူ။ ခက် သော သူ့အဖေ ဦးကုလားက သူ့ကိုကြည့်မရသလို သူကြီးသား သည်ဟုထင်ထားသည်။ ဦးကုလားကိုယ်တိုင်က ထောင်ထွက် တစ်ဦး သူကြီးဦးယက္ခ သတင်းပေးတိုင်ကြားမှုကြောင့် ထောင်



www.burmeseclassic.com

www.burmeseclassic.com



ကျခဲ့ရသည်။ သူကြီးကို အခဲမကြေသလို သားဖြစ်သူဗလကိုလည်း ကြည့်မရ။ ပိုဆိုးတာက သူ့သမီးနှင်းနုကိုပိုးပန်းနေသေးသည်။

ဗလကလည်း ဦးကုလားအကြောင်းသိပြီး အိမ်နားသို့ပင် ရစ်သီရစ်သီလုပ်လို့မရ။ နှင်းနုရွာထဲထွက်သည့်အချိန်ကိုစောင့်ပြီး စကားပြောရသည်။ နှင်းနုကလည်း သူ့ကိုမကြိုက်။ လူရှုပ်လူပွေဖြစ် သောကြောင့် နည်းနည်းလေးမျှ မေတ္တာမရှိ။ သို့သော် သူကြီးသား ဖြစ်နေသောကြောင့် ကြောက်ရွံ့စွာ အလိုက်အထိုက်ကြည့်ပြီး ခေါ်ပြော ဆက်ဆံခဲ့ရသည်။

ယခုတော့ ဦးကုလား တမလွန်ရောက်သွားခဲ့၍ နှင်းနုအား အုပ်ထိန်းသူမရှိတော့။ မိခင်ဖြစ်သူ ဒေါ်ထွေးကလည်း မျက်မမြင် ဒုက္ခိတ… အရေးစိုက်စရာမဟုတ်။ ဗလအနေနှင့် နှင်းနုမေတ္တာကိုရဖို့ အနုနည်းနှင့်ရရ အကြမ်းနည်းနှင့်ရရ ရဖို့သာအဓိက ဖြစ်သည်။

နာရေးအသုဘအကြောင်းပြုပြီး နှင်းနုအိမ်ကမခွာတော့ပေ။ နှင်းနုကိုလည်းစေတနာဗရပွအကူအညီတွေပေးသည်။ အသုဘအိမ် ဖဲဝိုင်းသို့ ဥန္နဲပုတ်ရွာသားကျောက်ဒိုးရောက်လာသည်။ ကျောက်ဒိုးက လည်း ခေသူမဟုတ် လူမိုက်လူဆိုး။ လူလူချင်း မိုလ်မထားတတ်သူ။





ဓားမြှောင်တစ်ချောင်း ခါးကြားထိုးပြီး ရွာစဉ်လှည့် ဖဲရိုက်နေသည့် လူမိုက်တစ်ယောက်…။

ဖဲဝိုင်းတွင်ရွာခံ သူကြီးသားလူမိုက်ဗလနှင့် တွေ့ကြသည်။ ဗလက ဒိုင်ကိုင်သည်။ ကံကမလိုက် ဒီနေ့ညကျမှ ဘယ်လိုဖြစ်သည် သိ ကျောက်ဒိုးပါသမျှငွေ ပြုတ်ပြုတ်ပြုန်းပြီ လက်မှာစွပ်ထားသော ရွှေလက်စွပ်ကလေးကိုပါချွတ်ပြီး ထိုးရာ ဗလက တဟဲဟဲ ရယ်မောရင်း အနိုင်ယူသိမ်းပိုက်လိုက်သည်။ ဒါ့အပြင် အရက်မူးမူးနှင့် ရိသဲ့သဲ့ ရိုတ်တိတ်တိတ်စကားများဖြင့် ရန်စလာသည်။

'ဘယ်လိုလဲ နာမည်ကျော်ဖဲသမားကြီး ကျောက်ဒိုး၊ အခု လေနဲ့တွေ့တော့လဲ ကျောက်ဒိုးလည်း မလိမ့်နိုင်တော့ဘူး၊ ကျောက်ပြား ဖြစ်သွားပြီလား၊ ထိုးစရာလည်း ဘာမှမရှိတော့ဘူး၊ ဘယ်လိုလုပ်မလဲ၊ ကျောက်ဒိုး… ငါတို့ ဝိုင်းသိမ်းလိုက်ရတော့မလား'

ညနေကတည်းက အရက်ကို ရေသောက်သလို သောက်ထား သောကြောင့် ကျောက်ဒိုးမျက်လုံးများ နီရဲလျက်ရှိသည်။ လူက ယိမ်း နှင့်ယိုင်ချင်နေသည်။ သတိတော့ရှိသည် ခါးကြားမှ ဓားမြှောင်ကို အသာအယာ ဖမ်းဆုပ်လိုက်သည်။ ကျောက်ဒိုးက 'တောက်' ခနဲ တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ခေါက်ရင်း အံကြိတ်သံများ တကျိကျိထွက်လာပြီး မေးရိုးကြီးများလည်း ထောင်တက်လာသည်။

'ဖင်ခေါင်းသိပ်မကျယ်နဲ့ဗလ၊ မင်းနိုင်တုန်းတော့စားပေါ့ကွာ၊ တစ်နေ့မဟုတ်တစ်နေ့ တစ်ကွေ့မဟုတ်တစ်ကွေ့ ပြန်တွေ့ကြမှာပဲ၊ လောင်းကစားဆိုတာ ကြွေတစ်လက်ကြက်တစ်ခုန်ပါကွာ'

'ဒီမယ်ကျောက်ဒိုး… ဒီရွာကဘာရွာလဲ မင်းသိတယ်နော်၊ ဒါ မြနန္ဒီရွာ။ မြနန္ဒီရွာသူကြီးမင်းဦးယက္ခသား ဗလဆိုတာ လူတိုင်းသိသလို လူတိုင်းဖိန့်ဖိန့်တုန်အောင်ကြောက်ရတယ်ကွ၊ ဥန္နဲပုတ်ရွာလို သတ္တိမရှိတဲ့သူတွေနေတဲ့ရွာ မဟုတ်ဘူး'

'ဟော့ကောင်ဗလ… ခွေးသား၊ မင်း ဘာစကားပြောတာလဲ'

ကျောက်ဒိုးက ဝုန်းခနဲ ထရပ်လိုက်ပြီး ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ မီးရောင်အောက်ဓွင်လက်ခနဲဖြစ်သွားသည်။ ဗလလူများက ကျောက်ဒိုးအား ဝန်းရံလိုက်သည်။

'ဘာစကားပြောရမှာလဲ၊ အခုမင်းမှာပါတာတွေပြောင်ပြီ ဘယ်လိုဆက်ကစားမှာလဲ'





'ငါတစ်နေရာရာမှာ သွားရှာပြီးဆက်ကစားမယ် မိုးမလင်းသေးပါဘူးကွာ'

'အေးကောင်းပြီ၊ ဒီမယ် ကျောက်ဒိုး၊ မင်းသတ္တိဘယ်လောက်ကောင်းတယ်ဆိုတာ စမ်းကြည့်ရအောင်၊ ဖဲဝိုင်းလည်း ဆက်ကစားလို့ရမယ်၊ ငါနဲ့ အလောင်းအစားလုပ်မလား'

'ဘာလုပ်မှာလဲ'

'သိပ်ခက်ခက်ခဲခဲတော့မဟုတ်ပါဘူး၊ မင်းက နာမည်ကြီးနေတော့ မင်းသတ္တိဘယ်လောက်ကောင်းတယ်ဆိုတာ စမ်းကြည့်ရတာပေါ့။ ဒီလို ဘုရားပျက်ကုန်းမှာရှိတဲ့ ဟိုတုန်းကနန်းဆောင်ပြိုင်စံအိမ်ဟောင်းကြီးက သရဲခြောက်တယ်ဆိုပဲ။ ငါတော့မယုံဘူး၊ တစ္ဆေသရဲတွေ ခိုအောင်းနေတယ်လို့လည်း ပြောတယ်။ ငါတော့မထင်ဘူး။ အဲဒီနန်း ဆောင်ပြိုင်အိမ်ကြီးဆီ ဒီညမင်းကိုငါလိုက်ပို့ပေးမယ်။ အဲဒီမှာ မင်း တစ်ညအိပ်နေရဲလား'

'ဘာလို့မနေရဲရမှာလဲ၊ ငါနေရဲရင် မင်း ဘာပေးမလဲ'

'ကောင်းပြီ ဒီညငါနိုင်ထားတဲ့ငွေတွေ အကုန်လုံးပေးမယ်၊ အဲဒီမှာ ကစားနေတဲ့လူတွေ အားလုံးသက်သေရှိတယ်။ နောက်မိုး



www.burmeseclassic.com

www.burmeseclassic.com



လင်းလို့ မင်းပြန်လာရင် ငါပေးမယ်။ ဒါပေမဲ့ တစ်ခုတော့ မှာလိုက်မယ်။ မင်းဟာမင်းဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး။ တကယ်လို့ တစ္ဆေတွေက ကုပ်ချိုးသတ်လို့သေသွားရင်လည်း မင်းထိုက်နဲ့မင်းကံပဲ၊ မင်းနိုင်ရင် ဟောဒီကငွေတွေအကုန်ရမယ်။ မင်းရှုံးရင် အသက်ပါပေးရမှာ။ ခုလိုထပ်တဲ့လောင်းကြေးကို သေချာစဉ်းစားပါဦး'

'သွားစမ်းပါကွာ မင်းတို့နှစ်ဆောင်ပြိုင်စံအိမ်တော်ဟောင်းကြီးထဲက တစ္ဆေသရဲတွေက ဘယ်လောက်မိုက်လို့လဲ။ မင်းပြောတဲ့ တစ္ဆေတွေကို ငါကိုယ်တိုင် ဂုတ်ချိုးပြီးအရက်နဲ့ မြည်းပစ်မယ်။ အေး ငါချဖို့ အရက်သုံးလုံးတော့ ရှာပေးလိုက်'

'ဒါဆို မင်း တကယ်လောင်းတယ်ပေါ့'

'ကြာသလားကွာ၊ လာ... အခုသွားမယ်'

'ဟော့... တာတော၊ အရက်သုံးလုံးယူလာခဲ့စမ်း။ ထမင်းပါထုပ်ခဲ့ကွာ၊ ညကျခံတရင်စားရတာပေါ့'

ဗလက သူ့တပည့် တစ်ယောက်အား လှမ်းခေါ်ရင်းမှာလိုက်သည်။ တာတောဆိုသည့် မျက်နှာပေါက်ဆိုးဆိုး ခန္ဓာကိုယ် တုတ်ခိုင်ဗလကောင်းသေသူက သွက်လက်စွာဖြင့် အရက်ပုလင်းများဆွဲလာသည်။ ဗလ၏ နောက်လိုက်နောက်ပါများနှင့်အတူ အုရားရုက်ကြီးရှိနှစ်ဆောင်ပြိုင်စံအိမ်တော်ဟောင်းကြီးဆီသို့ သွားကြရန် ထလိုက်ကြသည်။





ထိုအချိန်မှာပင် လူကြီးပိုင်းများ၌ လက်ဖက်သုတ်စား ရေနွေးသောက်ကြရင်း ဘာသာရေးအကြောင်း ဆွေးနွေးနေသော ကိုဝဏ္ဏက ဟူ၍တားလိုက်သည်။

'ဟေ့ကောင်ဗလ... မလုပ်သင့်တာတွေ ညကြီးမင်းကြီး ဆော့မနေနဲ့ကွာ။ တော်ကြာ ဂျော်မကောင်းကြားမကောင်းတွေ ဖြစ်ကုန်ပါဦးမယ်'

ဗလတို့အစီအစဉ်ကို သိသွားသောကြောင့် ဝဏ္ဏကဝင်ရောက်အားဆေးလိုက်သည်။

'မဟုတ်ဘူးကိုဝဏ္ဏ ကျောက်ဒိုးက သိပ်သတ္တိကောင်းတယ်ဆိုလို့ စမ်းကြည့်တာပါ။ ဘာမှမဖြစ်ပါဘူး ငါရှုံးလည်းမမှုဘူး ဖဲဝိုင်းက ဆယ်ရိုက်နေတာပဲ'

'ပြောမရလည်းနေပေါ့ကွာ၊ ဦးကြီးသိရင် ငါ့လည်း အပြောခံရဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏကစိတ်ပျက်လက်ပျက်ပြောမိလိုက်သည်။ ဗလတို့အုပ်စုကား ဒယီးဒယိုင်ဖြင့် ဘုရားကုန်းပျက်ရှိ မြို့ဝိုင်မင်းစံအိမ်ဟောင်းနှစ်ဆောင်ပြိုင်အိမ်ကြီးရှိရာသို့ ချီတက်သွားကြသည်။ ရွာထဲရှိခွေးများက ရူးရူးဝါးဝါးထိုးဟောင်လိုက်ကြသည်။

'ဝူး... ဝူး... ဟူး...'

ညအမှောင်ထုကို ထိုးခွဲလိုက်သော မီးတုတ်အလင်းအောက်တွင် နှစ်ဆောင်ပြိုင်အိမ်ကြီးဆီသို့ တရွေ့ရွေ့ချီတက်လာကြသောလူတစ်စုကို တွေ့ရမည်ဖြစ်သည်။ ဗလ၏ အားကိုးရသော လက်ဖွဲ့ကျော်တပည့်တစ်ဦးဖြစ်သည့် တာတေက ရှေ့ဆုံးမှ မီးတုတ်ကို ကိုင်မြှောက်ရင်းဦးဆောင်လာသည်။ သချိုင်းကုန်းတောကို ကျော်လွန်လာခဲ့သည်။

'ဝူး...ဟူး... ဟူး...'

အမှောင်ထဲတွင် ရုတ်တရက်ထိုးဟောင်လိုက်သော ခွေးအူသံများကြောင့် ခြေလှမ်းများ တုံ့ဆိုင်းသွားကြသလို ရင်ထဲတွင်ထိတ်သွားကြသည်။ ဗလက အုတ်ခဲကျိုးတစ်ခုကို ကောက်ယူပြီး ခွေးများအူနေသော နေရာဆီသို့ အဆက်မပြတ်ပစ်ပေါက်လိုက်သည်။ ခွေးလေခွေးလွင့်များက သချိုင်းကုန်းတောထဲမှ တဝုန်းဝုန်းဖြတ်ပြေးသွားကြပြီးနှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးထဲသို့ ဝင်ရောက်သွားကြသည်။





'အမယ်လေးချ... ဂုံးစီးမှင်စာလေးတွေ ကျလာကြပြီ'

ထိုစဉ်မှာပင် ဗလတပည့်တစ်ဦးဖြစ်သော ဖိုးထောင်ပခုံးပေါ်သို့ ဖုတ်ခနဲကျလာသည်။ ဖိုးထောင်က သူ့ပခုံးပေါ်သို့ ညောင်မုတ်ဆိတ်ပင်ကြီးပေါ်မှ ဂုံးစီးမှင်စာကလေးများ ခုန်ချလိုက်သည် ထင်မှတ်ပြီး အလန့်တကြားထအော်လိုက်ခြင်းဖြစ်သည်။ ဖိုးထောင်အနားမှ အရာဝတ္ထုကိုကြည့်ရင်း

'သစ်ကိုင်းချောက်ကျိုးကျတာပါကွာ၊ ဘာမှ မဟုတ်ပါဘူး'

ဗလက အကြောက်ပြေစေရန် ပြောလိုက်ရင်း ရှေ့သို့ ဆက်လျှောက်လာကြသည်။ သူ့ဘေးတွင်ပါလာသော ကျောက်ဒိုးဘက်သို့ လှည့်ကြည့်လိုက်ပြီး...

'မယုံမရှိနဲ့ ကျောက်ဒိုး နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှာ မင်းတစ်ယောက်တည်းနေရမှာမဟုတ်ပါဘူး၊ မင်းပျင်းရင် အဖော်လုပ်ပေးမယ့်ညှာစောင့်မချောချောလေးတွေရှိတယ်။ အပျင်းပြေကစားဖို့ ဂုံးစီးမှင်စာလေးတွေလည်း ရှိတယ်'

'ဘာလဲ မင်းကငါ့ကို သူရဲဘောနည်းတဲ့အကောင်၊ ကြောက်တတ်တဲ့ကောင်လို့ထင်လို့လား။ ကြောက်မွေးပါရင် စာကနဲ့ ဆွဲနှုတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်မယ်၊ မနက်ကျရင် မင်းဆီက ငွေထုပ် ငါ့ကိုပေးဖို့သာ အဆင်သင့်လုပ်ထား'

'စိတ်ချပါ ကျောက်ဒိုးရာ၊ နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှာ တစ်ညနေရဲလို့ မင်းအသက်ရှင်ရင် လာယူလို့ရပါတယ်။ ငါ့ဘက်က တော့အဆင်သင့်ဘဲ စောင့်နေမှာ။ နှစ်ဆောင်ပြိုင်အိမ်တော်ကြီးထဲမှာ အိပ်နေဖို့ မနေဖို့ လောင်းကြေးထပ်ထားတဲ့အတိုင်း မနက်ကျရင် ဘယ်လိုလုပ် ရှုံးသွားတယ်ဆိုတာမသိလိုက်ဘဲ ဖြစ်သွားမယ်။ ကဲ ဟောဒီမှာ မင်းမှာတဲ့အတိုင်းအရက်ပုလင်း။ မီးလင်းအောင်သောက်ရင်း စောင့်ကြည့်ကြသေးတာပေါ့ကွာ။ သြော်··· ဒီမှာ ထမင်းထုပ်လည်း ယူထား ညကျဗိုက်ဆာရင်စားရတာပေါ့'

ဗလတို့လူစုသည် ဥန္နံမုတ်ရွာသား ဖဲသမားကျောက်ဒိုးအား နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးထဲတွင် ထားခဲ့ကြပြီးနောက် အမှောင်ထုထဲတွင် မီးတုတ်ရောင်တလက်လက်ဖြင့် တရွေ့ရွေ့ပြန်သွားကြရာမှ ပျောက်ကွယ်သွားကြသည်။

❖ ❖ ❖





တစ်ယောက်တည်းကျန်ခဲ့သော ကျောက်ဒိုးသည် မီးတုတ်အား မြေတွင်ထိုးစိုက်ထားလိုက်သည်။ သူရောက်နေသော အခန်းထဲသို့ ထေးဘီဝဲကြည့်လိုက်သည်။ နှစ်ဆောင်ပြိုင်စံအိမ်ဟောင်းကြီးမှာ မည်သည့်ခေတ်မည်သည့်ကာလကတည်ဆောက်ခဲ့သည်မသိ သစ်တိုင်သစ်စများက ခြတက်ဆွေးမြေ့နေသလို ပင့်ကူမျှင်များ၊ အမှိုက်သရိုက်များနှင့် ရှုပ်ထွေးညစ်ပတ်လျက်ရှိသည်။ တိတ်ဆိတ်မှုကလည်း ချောက်ချားဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။

ကျောက်ဒိုးသည် ခါးကြားမှ ဓားမြှောင်ကိုဆွဲထုတ်ပြီး မီးတုတ် အနားရှိမြေပြင်တွင် စိုက်ထားလိုက်သည်။ အရေးအကြောင်းရှိက အသင့်တိုက်ခိုက်နိုင်ရန် ဖြစ်သည်။ ဗလပေးခဲ့သော အရက်ပုလင်းကို မော့ချလိုက်သည်။ ရင်ထဲတွင်ပူခနဲစီးဆင်းသွားသည်။ သူ့ခန္ဓာကိုယ်တွင် လည်ပတ်လျက်ရှိသော သွေးများဆူပွက်လာသည်ဟု ထင်မှတ်လိုက်သည်။ နဂိုကတည်းက သွေးမနည်းသော ကျောက်ဒိုး အရပ်သော နယ်တကာလှည့် လောင်းကစားလုပ်ရင်း လူမိုက်လုပ်ခဲ့သော ကျောက်ဒိုးအတွက် ကြောက်လန့်စရာဘာမျှမရှိ။

'နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှာရှိတဲ့ တစ္ဆေသရဲတွေလာကြ



www.burmeseclassic.com

ပော့။ မင်းတို့သောက်တတ်ရင် ဟောဒီမှာအရက်ရှိတယ်။ ငါနဲ့အတူလာ သောက်လို့ရတယ်။ ဘုရားပျက်ကြီးထဲက ဥစ္စာစောင့်မတွေ ရှိရင်လည်း လာခဲ့ကြ။ ဒီည အချောဆုံးဥစ္စာစောင့်မလေးကို ဖက်ပြီးအိပ်မယ်။ အင်း… ဒီညမှာဘဲ ဥစ္စာစောင့်မလေးနဲ့အိပ်ရတဲ့ အရသာ ဘယ်လိုရှိတယ်ဆိုတာ ကောင်းကောင်းသိရမှာပေါ့'

ခွေးမြေ့နေသော ကြမ်းခင်းအပြိုအပျက်များကြားမှ တရှပ်ရှပ်နှင့် ခြေသံများကိုကြားလိုက်ရသည်။ မြွေကြွက်ကြီးများ ပြေးလွှားနေတာပဲ ဖြစ်မည်ဟုကျောက်ဒိုးတွေးမိပါသည်။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးနားမှ ခွေးခွေးမြေ့မြေ့သံရှည်ဆွဲအူလိုက်သော ခွေးအူသံများကို ကြားလိုက်ရပြန်သည်။ ခဏကြာတော့ ခွေးအူသံများပျောက်သွားပြီး လူ့မာညည်းတွားသံကဲ့သို့ တဟင်းဟင်း ညည်းညူသံများပေါ်ထွက်လာသည်ဟု ထင်မှတ်လိုက်ပါသည်။ လင်းနို့တွေပဲဖြစ်မည်ဟု ကျောက်ဒိုးတွေးမိပါသည်။

ကျောက်ဒိုးသည်အရက်ပုလင်းကို ကိုင်မြှောက်ရင်းနောက်တစ်ကြိမ်မော့ချလိုက်သည်။ ကျောက်ဒိုးကိုယ်တိုင် အမူးလွန်စပြုလာသည်ကို သတိထားမိသည်။ ဒီတစ်နေ့လုံးသောက်လာသည့် အရက်





အသည်းမနည်းတော့။ ခေါင်းထဲတွင် ရီဝေနောက်ကျိနေသည်။ ထို အချိန်တွင် လေပြေတစ်ချက်ဝင်လာသည်။ မြေပြင်ပေါ်တွင်စိုက်ထား သော မီးတုတ်မှာ လဲကျသွားပြီးဟုတ်ခနဲမီးများငြိမ်းသွားသည်။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးကား အမှောင်ထုထဲတွင် တိုးဝင်နစ်မြုပ် သွားတော့သည့်အလား ချောက်ချားဖွယ်ဖြစ်လာသည်။ အမှောင်ထုက မှောင်းသထက်မှောင်လာသလို မိမိလက်ငါးချောင်းထောင်ကြည့်လျှင် ထောင်မမြင်ရတော့ပေ။

'ဟူး…ဟူး… ဟူး…'

ခွေးအူသံများကဆူညံစွာ ထွက်ပေါ်လာသလို မျက်နှာကြက် ထိမှ ညည်းတွားသံများကြားလာရသည်။

'ခြောက်ချင်တဲ့အကောင်တွေ ခြောက်ကြစမ်းကွာ'

မူးမူးနှင့် ကျောက်ဒိုးအော်လိုက်သည်။

မျက်ခွံများလေးလံလာသည်။ နှစ်ဆောင်ပြိုင်စံအိမ်တော် ဆောင်းကြီးတစ်ခုလုံး ပတ်ချာလည်လှည့်လည်နေသည်ဟု စိတ်ထဲတွင် ထင်လာသည်။ မျက်လုံးကိုမှိတ်ထားလိုက်သည်။

မျက်စိမှိတ်ထားသည့်တိုင် အိမ်ဆောင်ကြီးတစ်ခုလုံး လှုပ်လည်



www.burmeseclassic.com

www.burmeseclassic.com



ပတ်လည် လည်ပတ်နေ သလို သူ့တစ်ကိုယ်လုံးလည်း ဂျင်တစ်ခု မှုတ်နေအောင်လည်နေသည်ဟု ထင်မိသည်။ ရင်ထဲတွင်ပူလောင် သလို စကျွတ်ကျွတ်မြည်လာသည်။ ဗိုက်ထဲက ဆာလာသည်။

အခုမှ ဗလပေးလိုက်သော ထမင်းထုပ်ကိုသတိရမိသည်။ ထမင်းထုပ်ကိုဖြည်ပြီးစားလိုက်သည်။ လက်ဆေးစရာရေမရှိသော ကြောင့် ပုဆိုးနှင့်သာ သုတ်မိလိုက်သည်။ ဗိုက်ထဲတွင် အစာဝင်သွား သောကြောင့် တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်းလာသည်။ ထို့နောက်တွင် ကျောက်ဒိုးသည် ကြမ်းခင်းပေါ်သို့ အသာအယာလှဲချလိုက်ရာမှ အိပ် ပျော်သွားလေသည်။

အမူးလွန်ကာ အိပ်ပျော်သွားခြင်းကြောင့် ကျောက်ဒိုးကိုယ် တိုင် ဘာဖြစ်လို့ ဖြစ်မှန်းမသိ နာမည်ကြီးနှစ်ဆောင်ပြိုင်စံအိမ်တော်ကြီ မှ ခြောက်လှန့်လေ့ရှိသော သရဲတစ္ဆေများကလည်း ကျောက်ဒိုးအား ခြောက်လှန့်၍မရသောကြောင့် သရဲတစ္ဆေများပင် စိတ်ညစ်ကောင်း စိတ်ညစ် စိတ်ပျက်ကောင်းစိတ်ပျက်သွားပေလိမ့်မည်။

မနက်မိုးလင်း၍ ကျောက်ဒိုးမျက်စိနှစ်လုံးကို ဖွင့်ကြည့်လိုက် သည်။ သူ့ဘေးနားတွင် လဲကျနေသော အရက်ပုလင်းခွံများ ညက





ခဲ့သော ထမင်းထုပ်မှ စားကြွင်းစားကျန်များလည်း တက်တက်စင် ပြောင်နေပေသည်။

အလို… သွေးစသွေးနတွေပါလား။ ဘယ်ကသွေးတွေပါ

ဒီတော့မှ သူ့ လက်နှစ်ဖက်စလုံး မချိမဆန့် နာကျင်လာ ည်ကို သိလိုက်ရသည်။ ရုတ်တရက် သူ့လက်များကို မြှောက်ပြီး ကြည့်လိုက်သည်။ သူ့လက်နှစ်ဖက်စလုံး သွေးစများ ခြောက်ကပ်နေ ဆို တုံးတိကြီးဖြစ်နေသည်။ မချိမဆံ့ကိုက်ခဲနာကျင်လှသည်။

သူ့လက်ချောင်းများမရှိတော့ပေ။ ညက သရဲတစ္ဆေများက လက်ချောင်းများကို ကိုက်စားသွားတာဘဲ ဖြစ်ရမည်။ တော်သေး ည် သူ့ရင်ကိုခွဲပြီး အသည်းတွေ၊ အူတွေ စားမသွားတာကို ကျေးဇူး ရပေတော့မည်။ သူ့လက်နှစ်ဖက်စလုံးတွင် လက်ချောင်းများ တော့သဖြင့် သွေးစများနှင့် ခြောက်ကပ်နေပေသည်။ ကျောက်ဒိုး ည် ကြောက်လန့်တကြားနှင့် နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှ ပြေးခဲ့သည်။

ထိုအချိန်မှ စ၍စံအိမ်တော်ကြီးတွင် လက်ချောင်းများကိုစား



www.burmeseclassic.com

www.burmeseclassic.com



သော သရဲတစ္ဆေများရှိကြောင်းသတင်းကြီးသွားလေသည်။ အစက တည်းက ကြောက်လန့်တကြားရှိလှသော နှစ်ဆောင်ပြိုင် စံအိမ်တော်ကြီးအနီးသို့ ပို၍ပင်ထိတ်လန့်ကြောက်ရွံ့ကြကာ ယောင်လို့ပင် အနား မကပ်ရဲတော့ပေ။

❖ ❖ ❖

ဦးကုလားဆုံးပြီး ရက်လည်သောနေ့ဖြစ်သည်။

မနက်ပိုင်းက ရွာဦးကျောင်းကဆရာတော်ကြွလာသည်။ ဆွမ်းကျွေးလှူဒါန်းပြီး သီလယူတရားနာကြသည်။ ရက်လည်ဆွမ်းသွပ် ပွဲပြီးနောက် ဆရာတော်ပြန်ကြွသွားသည်။ လှူဘွယ်ပစ္စည်းများကို ကူညီသယ်ပိုး၍ ကိုဝဏ္ဏသည် ဆရာတော်နှင့်အတူ ကျောင်းသို့ လိုက် ပါသွားသည်။ ကိုဝဏ္ဏက ဘာသာတရားကို လေ့လာလိုက်စားပြီး စိတ်စေတနာကောင်းရှိသူဖြစ်သည်။

နှင်းနုသည် ကိုဝဏ္ဏကိုကြည့်ပြီး အတွေးနယ်ချဲ့နေမိသည်။ သူမဘဝတွင် အားကိုးအားထားပြုရသည့် ဖခင်ကြီးဦးကုလားမရှိတော့ ခင်ဖြစ်သူကလည်း မျက်စိနှစ်ကွင်း အလင်းမရသည့် မျက်မမြင် အဘိုးဖြစ်၍ ဘာမှမလုပ်နိုင်။ အိမ်၏စီးပွားရေး ရှေ့ နေရေးထိုင်ရေး တို့ကို တွေးမိပြီး ပူပင်သောကရောက်နေရှာသည်။

'ဦးကြီးကုလားမရှိတော့ပေမယ့် ဘာမှ စိတ်အားမငယ်ပါနဲ့ နှင်းနုရယ် ငါတို့လည်း ရှိပါတယ်'

သူငယ်ချင်းဖြစ်သူ ပန်းငုံကတော့ အားပေးစကား ပြောလိုက် သည်။ ကိုဝဏ္ဏနှင့် ပန်းငုံတို့မောင်နှမက သူမအပေါ် ကောင်းရှာပါ သည်။ ခက်သည်က ကိုဗလ။ ညီအစ်ကိုဝမ်းကွဲများဖြစ်သော်လည်း စိတ်နေသဘာဝချင်းက အဖြူအမည်းလို ကွဲပြားခြားနားကြသည်။ သက လူဆိုးလူမိုက်တစ်ဦး။

အဖေ သူကြီးဦးယက္ခအားကိုးနှင့် ပေတေဆိုးမိုက်နေသူ ဖြစ်သည်။ နှင်းနုကိုလည်း အခြား သူ ဖျက်ဆီးခဲ့သော မိန်းကလေးများ ကဲ့သို့ဖျက်ဆီးယုတ်မာလိုသော အကြံနှင့် ချဉ်းကပ်နေခြင်းဖြစ်သည်။

'အဖေမရှိတော့ပေမယ့် ငါမကြောက်ပါဘူး၊ ဒီလိုပဲ ဖြစ်သလို လုပ်ကိုင်ရှာဖွေစားသောက်လို့ရပါတယ်။ ခက်တာက ကိုဗလရန်ကို ကြောက်နေရတာဘဲ'







www.burmeseclassic.com

www.burmeseclassic.com



ပန်းငုံ မျက်နှာပျက်သွားသည်။ မှန်သည်၊ ဗလက သူမအစ်ကို ဖြစ်သလို ဗလ၏ ဆိုးမိုက်မှုများကိုလည်း အကြောင်းသိနေသူဖြစ်သည်။

'အင်း...ကိုဗလအကြောင်းသိနေတော့ ငါလည်း သူငယ်ချင်း အချင်းချင်းပြောရတော့ခက်တယ်။ ကိုဗလက ဘယ်လိုမှ ဆိုဆုံးမလို့ ရတာမဟုတ်ဘူး။ ဦးကြီးဦးယက္ခတစ်ယောက်ပဲ ကြောက်တာ။ တစ်ခုတော့ ရှိတာပေါ့ နှင်းနုရယ်။ ကိုဗလရဲ့အန္တရာယ်ကိုတော့ ဝေးဝေး ကပဲရှောင်နေဖို့ ဒါဘဲငါပြောချင်တယ်'

'မမငုံစိတ်သဘောထားကို သိပါတယ်။ ကိုဗလသာ ကိုကြီး ဝဏ္ဏလိုမျိုးဆိုရင် သိပ်ကောင်းမှာဘဲနော်'

'ဟုတ်ပါရဲ့ သူတို့က ညီအစ်ကိုတွေသာဖြစ်ကြတာ တစ်ယောက်နဲ့တစ်ယောက်က တခြားဆီပဲ။ ကဲ နှင်းနု ဘာမှစိတ်ပျက် အားငယ်မနေနဲ့၊ လိုတဲ့အကူအညီရှိရင်လည်း အားနာစရာမလိုဘူး၊ ညည်းတို့ငါတို့က တစ်ရွာတည်းနေ တစ်ရေတည်းသောက်ပြီး ငယ်ငယ်ကတည်းက ညီအစ်မလိုနေလာကြတာပဲ၊ အိမ်မှာလည်း လုပ်စရာ လေးတွေရှိလို့ ပြန်လိုက်ပါဦးမယ်'

'ဟုတ်ကဲ့ပါ မမငုံ'





မယ်နှင်းငုံပြန်သွားပြီးနောက် ကိုဗလတို့အုပ်စု ဝင်ရောက်လာကြသည်။ နွားတင်းကုတ်ရှေ့ရှိ တွင်းပျစ်ကလေးပေါ်တွင် ဝိုင်းဖွဲ့ထိုင်လိုက်ရင်း သောက်ကြစားကြတော့မည်ပြင်သည်။ ကိုဗလ၏ တပည့်များနှင့်အတူ တဟီးဟီးတဟားဟား ရယ်မောပြောင်လှောင် စကားပြောဆိုသံများကိုလည်းကြားလိုက်ရသည်။

'ကိုဗလစိတ်ကူးနဲ့ အကြံအစည်ကတော့ တကယ်ကောင်းတာပဲ ဥန္နပုတ်သား ဖဲသမား ကျောက်ဒိုးကို ပညာပေးလိုက်တာ အကယ်တော်တာပဲ။ ခုလောက်ဆို ကျောက်ဒိုးလည်း သူမြတ်နိုးတဲ့ ဖဲချပ်ကလေးတွေ ပွတ်လို့မရတော့ဘူး'

'ဘာဖြစ်လို့ ဖဲချပ်ကလေးတွေကို ပွတ်လို့ မရတော့တာလဲ ရှင်းစမ်းပါဦး'

'ဘယ်လိုလုပ် ဖဲချပ်တွေ ကိုင်လို့ရမှာလဲကွာ သူ့လက်နှစ်ဖက်စလုံး တုံးတိကြီးဖြစ်ပြီး လက်ချောင်းတွေမှ မရှိတော့တာပဲ'

'ဟုတ်တယ်တာတီး၊ ငါက နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီး အကြောင်းကို ကောင်းကောင်းသိထားတယ်၊ အဲဒီအိမ်ကြီးမှာ လူမနေတာကြာတော့ မြေကြွက်ကြီးတွေက ကြောင်လောက်နီးနီးရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြုံတွေနွယ်တွေ ဖုံးထားပြီး နှစ်ပေါင်းကြာလာတော့ မြွေတွေ၊ ကင်းတွေ အဆိပ်ရှိတဲ့သတ္တဝါတွေ ခိုအောင်းလို့ကောင်းတဲ့နေရာတစ်ခုဖြစ် တာပေါ့။ အစကတည်းက ငါက အကြံနဲ့ ကျောက်ဒိုးကို အကွက် စီစဉ်လိုက်တာပဲ'

'ဘယ်လိုစီစဉ်လိုက်တာလဲ ကိုဗလ'

ဖိုးထောင်က စိတ်ဝင်တစားမေးလိုက်သည်။

'ငါတို့ရွာက လူတွေပြောပြောနေတဲ့ နှစ်ခေါင်ပြိုင်စံအိမ် တော်ကြီးမှာရှိတဲ့ တစ္ဆေသရဲတွေက လူသားစားတယ်ဆိုတာလေ အမှန်က တစ္ဆေသရဲတွေက လူသားစားတာမဟုတ်ဘူး။ တကယ်စား တဲ့အကောင်တွေက အင်မတန်ကြီးမားတဲ့ မြေကြွက်ကြီးတွေ။ အစက တည်းက ကျောက်ဒိုးနဲ့ အလေ့အစားလုပ်ပြီး အရက်မူးလင်း ထမင်းထုပ်ကျွေးလိုက်တာ။ ဟိုရောက်ရင် တစ်ယောက်တည်းဆိုတော့ ညမှာ အရက်သောက်မယ်၊ ဗိုက်ဆာလာရင် ထမင်း ထုပ်ဖြည်စားမယ် မူးမူးနဲ့ လက်မဆေးဘဲအိပ်ရင်း ဟင်းစော်နံနေတဲ့ လက်တွေကို ဗိုက်ဆာ နေတဲ့ မြေကြွက်ကြီးတွေက ကိုက်စားသွားတာပေါ့။ ဟား…ဟား …ဟား…'





'ပိုင်လိုက်လေကိုဗလရာ ကျောက်ဒိုးကိုယ်တိုင်က မြေကြွက် ကြီးတွေ သူ့လက်ချောင်းကို ကိုက်စားတာမသိဘဲ သရဲတစ္ဆေတွေ စားတယ်လို့ထင်ပြီးသွေးရူးသွေးတန်းနဲ့ ဥစ္စာပုတ်ရွာကို တန်းပြေးတော့ တာပဲ'

'ဒါပဲလေကွာ ဗလကို လာယှဉ်လို့ဘယ်ရမှာလဲ။ ဗလကို လာယှဉ်တဲ့အကောင်မှန်သမျှ တနည်းနည်းနဲ့တော့ ဒုက္ခရောက်စေ ရမယ်'

'ဟုတ်တယ်မှုကြီးကို ကြည့်ပါလား'

'မှုကြီးကဘာဖြစ်[redacted]'

'ဘာဖြစ်ရမှာလဲကွာ၊ မှုကြီးဆိုတဲ့အကောင်က ရွာကနိုင်း တော်ပဲ။ နုံတုံတုံ အတတကမ်ချာချာအကောင်လေ။ သင်းရဲ့သားတစ် ကောင်ကြွက်ပေမယ့် ထမင်းတော့မငတ်ဘူး။ ရွာထဲမှာ ကြုံရာကျပန်း သုပ်ကိုင်စားတတ်တယ်။ ပညာမတတ်တော့ ဒီတစ်သက် ချမ်းသာဖို့ လမ်းလည်း မရှိဘူး။ ဒါပေမဲ့ သဘောကောင်းတယ်၊ စေတနာထားပြီး လူတိုင်းအပေါ် ကူညီတတ်တာ တစ်ရွာလုံးအသိပဲ။ လူချစ်လူခင်လည်း များတယ်။ ခက်တာက ဒီအကောင်က ငါကြံစည်နေတဲ့ နှင်းနုကို



www.burmeseclassic.com

www.burmeseclassic.com



မတန်မရာ တစ်ဖက်သတ်ကြိုက်နေတယ်။ ဒါနဲ့ ဒီကောင့်ကိုလည်း ငါပညာပေးလိုက်တာ နှင်းနုကိုလုံးဝမကြိုက်ရဲတော့ဘူး'

' ကိုဗလက မှုံကြီးကိုဘယ်လိုလုပ်လိုက်တာလဲ'

'ဘယ်လိုလုပ်လိုက်သလဲဆိုတာ မင်းသိချင်ရင် မှုံကြီးကို ခေါ်မေးကြည့်ပါလား ဟိုမှာ မှုံကြီး'

မှုံကြီးသည် နှင်းနုတို့အိမ်မှ ရေစည်ထဲသို့ ရေထည့်ပြီး ပြန်လှည့်ထွက်လာမိုက်ဖြစ်သည်။ ကုန်ထမ်းရေထမ်း ထင်းခွဲ ဖာယ် အလုပ်မှန်သမျှ လုပ်ကိုင်သူဖြစ်သည်။

'ဟေ့ကောင် မှုံကြီး ဒီကိုလာစမ်းပါဦး'

ခေါ်သံကြား၍ ပြန်လှည့်ကြည့်သည်။ ဗလက လှမ်းခေါ် လိုက်သဖြင့် ခူးတုန်သွားသည်။ သူကြီးသား ကိုဗလကိုတော့ သူ အသေအလဲ ကြောက်သူဖြစ်သည်။ မူးလာလျှင် ပြဿနာရှာ ထိုးကြိတ် ရိုက်နှက်နေသောကြောင့်လည်းဖြစ်သည်။ ယခုလည်း အရက်သောက် နေရာမှ လှမ်းခေါ်သောကြောင့် သူ့အား ဒုက္ခပေးတော့မည်ကို သိနေ သည်။ ထွက်ပြေးလို့လည်းမဖြစ်။ မဝံ့မရဲနှင့် ဗလတို့ ဝိုင်းနားသို့ တရွေ့ရွေ့တိုးလာသည်။





'မှုံကြီး ဒီကောင်တွေက နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှာ တစ္ဆေသရဲတွေ ရှိတယ်ဆိုတာ မယုံဘူးလို့ပြောနေကြတယ်။မင်းကိုယ် တိုင် ကြုံခဲ့ရတာတွေ ပြောပြစမ်းပါဦး'

'ဟုတ်လားကွ မှုံကြီး၊ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှာ တစ္ဆေ တွေသရဲတွေက လူတွေကို အရှင်လတ်လတ်စားတယ်ဆိုတာ တကယ် ဟုတ်လား'

' ဟာ ဟုတ်တာပေါ့အစ်ကိုတို့ရာ၊ မယုံမရှိနဲ့ ကျွန်တော် ကိုယ်တိုင်ကိုယ်တွေ့ပဲ'

'ငါတို့တော့မယုံပါဘူးကွာ'

'မယုံရင် ဟောဒီမှာကြည့်'

မှုံကြီးက ကုပ်တောက်အောင် ရှည်လျားနေသည့် သူ့ဆံပင် များကို ဖယ်ရှားပြီးပြလိုက်သည်။ အားလုံးကဝိုင်းကြည့်လိုက်ရာ လန့် သွားကြသည်။ ဟုတ်တယ် မှုံကြီး၏ ဘယ်ဖက်နားရွက်တစ်ဖက်မှာ လုံးဝမရှိဘဲဖြစ်နေသည်။

'အဲဒါသရဲတွေစားသွားတာပဲ။ ကျွန်တော်ပေါ့လျော့သွား လည်း ပါပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအကြောင်းကို ဒီကောင်တွေသိအောင်ပြောပြလိုက်စမ်းပါ မှုံကြီးရာ'

ကိုဗလကပြောလိုက်သဖြင့် မှုံကြီးက သူတွေ့ကြုံခဲ့ရသည်များကိုပြန်ပြောပြသည်။

ငယ်စဉ်ကတည်းက လယ်သူရင်းငှားဖြစ်သော မိဘနှစ်ပါး ဆုံးပါးသွားခဲ့သည်။ ဆွေမျိုးသားချင်းများကလည်း မရှိ။ မှုံကြီး၏ ကလေးဘဝသည် ရွာကပဲ ကျွေး၊ ရွာကပင် မွေးခဲ့သည်ဟုပြောရပေလိမ့်မည်။ အရွယ်ရောက်လာသောအခါ ကြုံရာကျပန်းလုပ်ကိုင်စားသည်။ တစ်ရွာလုံးကလည်း သဘောကောင်းသည့်မှုံကြီးကို ချစ်ခင်ကြသည်။ ဆင်းရဲသား တစ်ကောင်ကြွက်ဖြစ်သလို အားငယ်စိတ်များနှင့် နုံချာသူတစ်ဦးဖြစ်သည်။

နှင်းနုတို့အိမ်တွင် ကူညီလုပ်ကိုင်ပေးရင်း နှင်းနုအပေါ် စိတ်ဝင်စားမိသည်။ နှင်းနုကလည်း မိမဲ့ဘမဲ့မို့ သနားစိတ်နှင့် ခင်မင်ရသည်။ နှင်းနုနှင့် ပူးတွဲပူးတွဲဖြစ်နေသည်ကို မနာလို မရှုစိမ့်ဖြစ်ရသူက ဗလဖြစ်သည်။ မှုံကြီးအနေနှင့် ဆင်းရဲသားဖြစ်ပြီး နှင်းနုအား တင့်တောင်းတင့်တယ် လက်ထပ်ယူဖို့ဝင်မပြောနှင့် နှင်းနုအပေါ် မေတ္တာသက်ဝင်





ချစ်ခင်မိသည်ကိုပင် မပြောဝံ့ မပြောရဲပေ။ အခြေအနေချင်းကလည်း မိုးနှင့်မြေလိုကွာခြားသည်။ ဘာဘဲဖြစ်ဖြစ် စိတ်ထဲကသာ ကြိတ်ပြီးမြတ်နိုးနေရသည်။ နောက်ဆုံး နှင်းနုခိုင်းသမျှ လုပ်ဆောင်ပေးနေရသည်ကိုပင် ကျေနပ်နှစ်သိမ့်နေရသည့် အခြင့်မှုမကျော်ရဲပေ။

တစ်နေ့တွင် သူကြီးဦးယက္ခနိုင်းသဖြင့် ခြံထဲမှ သစ်ပင်များ ခုတ်ပေးရသည်။ ခုတ်ပြီးသော သစ်ကိုင်းများကို ထင်းအဖြစ် ဖြတ်တောက်ပေးနေစဉ် ဗလရောက်လာသည်။ ဗလကလည်း မှုံကြီးအနေနှင့် နှင်းနုအပေါ် တိတ်တဆိတ်ကြိတ်ပြီးချစ်နေသည်ကို သိနေသည်။ နှင်းနုအပါးမှ အဝေးလွင့်သွားရန် မကောင်းကြံတော့သည်။

'ဒီမယ်မှုံကြီး မင်း နှင်းနုကို သဘောကျနေတယ်ဆိုတာ ငါသိတယ် မင်းနှင်းနုကို မလိုချင်ဘူးလား'

မှုံကြီးစိတ်ထဲတွင်ပျော်သွားသည် ဘာမျှတော့ပြန်မပြောပေ ဗိုလ်လပြောသည်ကို ဆက်၍နားထောင်နေမိသည်။

'နှင်းနုကို လက်ထပ်ဖို့ မင်းမှာက စုဆောင်းထားတဲ့ ငွေကြေးဥစ္စာကလည်း မရှိဘူး၊ ပြောလည်းမပြောရဲဘူး၊ တကယ်လို့ ငါပြောတဲ့အတိုင်းသာ မင်းလုပ်မယ်ဆိုရင် နှင်းနုနဲ့ နီးစပ်အောင် ငါဖြေပေးမယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့မင်္ဂလာဆောင်ဖို့အတွက်လည်း လုံလုံလောက်လောက်ငွေ ငါ ထုတ်ပေးမယ်'

'ကျွန်တော်က ဘာလုပ်ရမှာလဲ နှင်းနုနဲ့ နီးစပ်ဖို့သာဆိုရင် ကိုကြီးဗလ ဘာခိုင်းခိုင်း ကျွန်တော်လုပ်ပါ့မယ်။ ဒါပေမဲ့ မကောင်းတဲ့ အလုပ်တော့ ကျွန်တော်မလုပ်ချင်ဘူး'

'မကောင်းတဲ့အလုပ်မဟုတ်ပါဘူးကွာ ရာဇဝတ်ပြစ်မှုနဲ့လည်း ကင်းပါတယ်'

'ဘုရားပျက်ကြီးအနားမှာရှိတဲ့ နှစ်ဆောင်ပြိုင်အိမ်တော် ဟောင်းကြီးထဲမှာ မင်းတစ်ည သွားအိပ်ရဲပါ့မလား'

မှုံကြီး စဉ်းစားသည်။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင် တစ္ဆေသရဲများရှိသည်။ သရဲများက လူတွေကို အရှင်လတ်လတ်စား သည်။ စေတီပျက်များတွင် ဥစ္စာစောင့်တွေရှိသည်။ သင်္ချိုင်းလမ်းရှိ ညောင်မှတ်ဆိတ်ပင်ကြီးများတွင် ဂုံးစီးတစ္ဆေလေးများရှိသည်။ ထိုကဲ့သို့ လူပြောများသဖြင့် ရွာမှ လူများ ရှောင်ကွင်းထားသောနေရာ ဖြစ်သည်။ သို့သော် နှင်းနုကိုသာ ရမည်ဆိုပါက ဘာပဲဖြစ်ဖြစ် သူစွန့်စားကြည့်ချင် သည်။ နှင်းနု၏ ချစ်စဖွယ်ကောင်းသော မျက်နှာကလေးကို မြင်ယောင် လာသည်။





နှင်းနုနှင့်အတူတူနေရသည့် အကြောင်းကို တွေးမိပြီးပျော် သွားသည်။

'လုပ်မယ်ဗျာ၊ ကျွန်တော် တကယ်သွားအိပ်မယ်၊ နောက်ပြီး တော့မှသာ ကိုကြီးဗလဘက်က တစ်မျိုးတစ်မည် လျှောက်မလုပ်နဲ့။ မင်္ဂလာဆောင်ဖို့ ငွေတကယ်ထုတ်ပေးမှာလား'

'ပေးမှာပေါ့ကွာ၊ မင်းသာတစ်ညသွားအိပ်ရဲရင် ငါက သတိတည်ပါတယ်'

အဆိုပါသတင်းမှာ မြနန္ဒီရွာကလေးတွင်ပျံ့နှံ့သွားသည်။ ဗလ က ဘယ်လိုအကြံအစည်ရှိသည်မသိ။ မှုံကြီးအတွက် စိုးရိမ်သွားကြ သည်။ နှင်းနုကိုယ်တိုင် သိသွားပြီး မှုံကြီးကိုခေါ်တွေ့သည်။ စိုးရိမ်စွာနှင့် တားသည်။

'ဪ... လက်စသတ်တော့ ကိုမှုံကြီးက ကျွန်မကို ကြိုက် နေတာကိုး။ ကျွန်မက မောင်လို့နှမလိုပဲ ခင်တယ်ထင်နေတာ'

မှုံကြီး ဘာမျှပြန်မပြောဘဲ ရှက်စိတ်နှင့် ခေါင်းကြီးကို ငုံ့ထား သည်။ အကြောင်းစုံသိသွားပြီး နှင်းနုက ရက်ရက်စက်စက်ပြောမည်ကို စိုးကြောက်နေမိသည်။ သို့သော် နှင်းနုက သူ့အပေါ်ခင်မင်သည့်



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်နှင့် အမြစ်မဆိုရက်ပေ။ သို့သော် ဗလခိုင်းသည့်အတိုင်း လုပ်မှာကိုတော့ စိုးရိမ်မိသည်။ ဗလသည် လူကောင်းမဟုတ် လူတစ်ဖက်သားအပေါ် အမြဲတမ်း ဒုက္ခပေးတတ်သူဖြစ်သည်။

"အဲဒီအစီအစဉ်ကို လက်မခံပါနဲ့ ကိုမှုံကြီးရယ်။ ကျွန်မက ကိုမှုံကြီးကို ပြန်မချစ်နိုင်ပေမယ့် အခင်အမင်မပျက်ပါဘူး။ ခါတိုင်းလိုပဲ အိမ်မှာ အလုပ်ရှိလည်းကူလုပ် ဝင်ထွက်သွားလာ စားသောက်လို့ရပါတယ်"

မှုံကြီးသည် နှင်းနုအား တစ်စုံတစ်ရာဘာမျှပြန်မပြောခဲ့ပေ နှင်းနုကို သူအရမ်းလိုချင်ပါသည်။ မြတ်မြတ်နိုးနိုးချစ်လမ်းရသူဖြစ်သည်။ ကိုကြီးဗလပြောသည့်အတိုင်း တစ္ဆေသရဲများကို မကြောက်ဘဲ နှစ်ဆောင်ပြိုင်စံအိမ်ဟောင်းကြီးတွင် တစ်ညတာလေး အိပ်ပြရုံနှင့် ငွေတွေရမှာဖြစ်သည်။

သူ့လက်ထဲတွင် ငွေကြေးဥစ္စာပြည့်စုံလျှင် နှင်းနုနှင့် ပို၍နီးစပ်နိုင်လိမ့်မည်ဟု အတွေးသာသူ့မှာရှိသည်။

ခင်မင်ရင်းနှီးသည့်သူများကလည်း ဗလပြောသည့်အတိုင်း လျှောက်မလုပ်ဖို့ နှစ်ဆောင်ပြိုင်စံအိမ်တော်ဟောင်းကြီးတွင် သွားအိပ်





ဒါက တစ္ဆေသရဲတွေအရှင်လတ်လတ်အစားခံရပြီးအသက်ပါ ပျောက်သွားနိုင်ကြောင်းသတိပေးတားမြစ်ကြသည်။

ရွာတွင်ဆေးကုသောဆေးဆရာကြီး မဟာဝိဇ္ဇာဓိုရ်ဂိုဏ်းဝင် ဆရာကြီးဦးဒေဝကလည်း မှုံကြီးသတင်းကိုကြားသိပြီး သမှားသောကြောင့် ခေါ်တွေ့သည်။

"မောင်မှုံကြီး ရွာထဲမှာကြားရတဲ့ သတင်းစကားတွေက အမှန်ပဲလား"

"အမှန်ပါဘဲ ဆရာကြီး"

ဆရာကြီးဦးဒေဝသည် အသက် ၇၀ ကျော်ပြီဖြစ်သော်လည်း နှစ်ဆောင်ပြိုင်စံအိမ်တော်ပြိုးနှင့်ပတ်သက်ပြီး ရေ့မှီနောက်မှီ သိရှိထားသူဖြစ်သည်။

"မင်းက နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးအကြောင်းကို ဘယ်လောက်သိထားသလဲ မှုံကြီး"

"ကျွန်တော်ဘာမှ မသိပါဘူး ဆရာကြီး။ ရွာထဲကလူတွေပြောတာကတော့ တစ္ဆေသရဲတွေ ခြောက်လှန့်တတ်လို့ ဘယ်သူမှ သွားရဲဘူးလို့ပြောကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



'အေး အဲဒီအိမ်ကြီးရဲ့ ရာဇဝင်နောက်ကြောင်းကလေး တွေကို ငါတို့အသိုးတွေပြောပြခဲ့လို့ သိရှိခဲ့ရဖူးတယ်'

'ဘယ်လိုပါလဲ ဆရာကြီး ကျွန်တော်လည်း သိချင်ပါတယ်'

'စဖြစ်ပုံပြောရရင်တော့ ဒီလိုကွယ်'

မဟာဗိုဒ်ဂိုဏ်ဝင် ဆရာကြီးဦးအေဝက နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးနောက်ကြောင်းရာဇဝင်ကို မှုကြီးအား ပြောပြခဲ့ပေသည်။

❖ ❖ ❖



## နှစ်ဆောင်ပြိုင်စံအိမ်တော်

နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးအား စတင်ဆောက်လုပ်ခဲ့သူမှာ မြို့ပိုင်မင်းဦးအောင်ဘနှင့် ဇနီးဖြစ်သူ ဒေါ်ထိပ်ထားခိုင်တို့ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံအား အင်္ဂလိပ်များ သိမ်းပိုက်ထားသည့်ခေတ်ဖြစ်သည်။ မြို့ပိုင်မင်းဦးအောင်ဘသည် အင်္ဂလိပ်အစိုးရ လက်အောက်၌ အမှုထမ်းရသော အစိုးရဝန်ထမ်းဖြစ်သလို အာဏာရှိသောသူဖြစ်သည်။ အခွင့်အတန်းခွဲခြားသောစိတ်နှင့် ရာထူးဂုဏ်ရှိန်မောက်ခွန်းလှသည်။

ဒေါ်ထိပ်ထားခိုင်မှာလည်း ကုန်ဘောင်ခေတ်သီပေါမင်းဆက်ထက်တွင် နန်းတွင်း၌စားရသော မှူးမျိုးမတ်မျိုးမှ ဆင်းသက်လာသည်ဟုပြောဆိုကြသည်။ မျိုးရိုးဂုဏ်ရှိရုံသာမက ငွေကြေးဥစ္စာ ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝကြသည်။ ယောက်ျားဖြစ်သူက မြို့ပိုင်မင်း၊ မိန်းမဖြစ်သူ နန်းတွင်းအဆက်အနွယ် လင်မယားနှစ်ယောက်စလုံးမှာ ဘဝင်မြင့်ပြ မာနကြီးကြသည်။ ဝေဘ်ရုံတန်ရုံလူများကိုပင် တူသည်တန်သည် မထင်။ အထင်အမြင်သေးကာ အမြဲတမ်း နှိမ့်ချဆက်ဆံတတ်ကြသည်

ဒေါ်ထိပ်ထားခိုင်အဆက်အနွယ်များသည် နန်းတွင်းအရေး အခင်းများကြောင့် ထွက်ပြေးပုန်းရှောင်ရင်း မြနန္ဒီရွာကလေးသို့ ရောက် လာကြသည်။ မြို့ပိုင်မင်းဦးအောင်ဘနှင့် အိမ်ထောင်ကျသောအခါ ဒေါ်ထိပ်ထားခိုင်နေထိုင်ရာ မြနန္ဒီရွာလေးမှာပင် အခြေတကျ နေထိုင် ဖြစ်ခဲ့ကြသည်။ ရွာသူရွာသားများနှင့် မပတ်သက်လိုသောကြောင့် တစ်သီးတစ်ခြား နေထိုင်နိုင်ရန် ရွာအစွန်တွင် ကြီးမားသော နှစ်ဆောင် ပြိုင်စံအိမ်တော်ကြီးကို တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

အိမ်တွင်ခိုင်းစေထားသော အစေအပါးမှလွဲ၍ မြနန္ဒီရွာသား များနှင့် ရောနှောဆက်ဆံခြင်းမရှိပေ။ ဦးအောင်ဘနှင့် ဒေါ်ထိပ်ထား ခိုင်တို့တွင် အရွယ်ရောက်သော အသက် ၁၈ နှစ်အရွယ် ခင်ခင်လေးဆို သော သမီးပျိုလေးတစ်ဦးရှိသည်။ လှပချောမောသိမ်မွေ့လှသူတစ်ဦး အဖြစ်နာမည်ကြီးသော်လည်း တွေ့မြင်ဖူးသူမရှိကြပေ။ လျှောင်ချိုင့်စံ





တစ်ကောင်သဖွယ် နှစ်ဆောင်ပြိုင်စံအိမ်ကြီးထဲတွင်သာ အိမ်ဘွင်း ပုန်းသဝဖြင့် နေထိုင်ခဲ့ရသည်။

မာနကြီးသော ဒေါ်ထိပ်ထားခိုင်မှာ အသက်အရွယ်ရလာသ ဖြင့် ကျန်းမာရေးလည်းထိခိုက်လာသည်။ မအိပ်နိုင်မစားနိုင်ဖြစ်ကာ ချိနဲ့သွားသည်။ ထိုခေတ်ကာလက လူသိမများသေးသော ကင်ဆာ ရောဂါဝင်ဖြစ်သည်။ မြို့ပိုင်မင်း ဦးအောင်ဘကလည်း ဇနီးသည်အ တွက် အလွန်စိုးရိမ်သွားသည်။ မြို့ပေါ်မှ ဆရာဝန်ကြီးများကို တကူး တက ပင့်ဆောင်ပြီးကုသစေသည်။

မည်သို့ပင်ကုသကြသော်လည်း ဒေါ်ထိပ်ထားခိုင်ရောဂါမှာ ဆိုးနေပြီဖြစ်သည်။ ဆရာဝန်ကိုယ်တိုင် လက်လျှော့သွားသည်ကိုပင် သိလိုနှင့် ကွယ်လွန်မည့်နေ့ရက်ကို စောင့်ဆိုင်းနေရသကဲ့သို့ ဖြစ်နေ သည်။ ဦးအောင်ဘသည် သူ့ဇနီးအား လွန်စွာမှ ချစ်မြတ်နိုးသူဖြစ် သည်။ နောက်ဆုံးအချိန်ရောက်နေပြီဖြစ်သော ဇနီးသည်အတွက် ဘာလုပ်ရလျှင် ကောင်းမည်ကို သူစဉ်းစားသည်။

မကွယ်လွန်ခင် သူ့မိန်းမ ပုံတူပန်းချီကို အမှတ်တရဆွဲ၍ သိမ်းထားရလိုက်သည်။ ထိုခေတ်ထိုကာလက ဓာတ်ပုံများပေါ်ပေါက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သော်လည်း ငွေကြေးကြွယ်ဝချမ်းသာသောသူများအနေဖြင့် ပုံ[illegible] ပန်းချီကားများ ရေးဆွဲကာ ဂုဏ်ယူစွာဖြင့် ချိတ်ဆွဲထားလေ့ရှိကြသ[illegible] ဦးအောင်ဘက စိတ်မြန်လက်မြန်သူတစ်ဦးဖြစ်သည်။ ဗိုတ်ကူးပေါ[illegible] လျှင် ချက်ချင်းပင် အကောင်အထည်ဖော်ရန် အမြန်စီစဉ်တော့သည[illegible]

မိတ်ဆွေများ၏ ဆက်သွယ်ပေးမှုကြောင့် နာမည်ကျေ[illegible] ပန်းချီဆရာလေးကိုနန်းဝေကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ကိုနန်းဝေ[illegible] လူငယ်တစ်ယောက်ပင်ဖြစ်သော်လည်း ပါရမီရှင် ပန်းချီဆရာဖြစ်သည[illegible] ပန်းချီပညာ၌ ထူးချွန်၍ နာမည်ကျော်ကြားသူသည်။ မြို့နယ်အတွင်း[illegible] တန်ခိုးကြီးဘုရားများတွင် ကိုနန်းဝေ၏ လက်[illegible]မြောက်စွာ အသက်ဝ[illegible] သော ဗုဒ္ဓဝင်ပန်းချီကားများ များစွာရှိလေသည်။

နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးသို့ ကိုနန်းဝေရောက်ရှိလာ[illegible] သည်။ မြနှင်းဒီရွာကလေး၏ တောင်ဖက်တွင်ရှိသော စံအိမ်တော်ကြီး[illegible] မှာ အဆောင်ဆောင် အခန်းခန်း ဖွဲ့ကြွားလျက်သီးခြားဆန်စွာ တိတ်[illegible] ဆိတ်လျက်ရှိနေသည်။

"မောင်နန်းဝေက နာမည်ကျော်ပန်းချီဆရာတစ်ဦးလို့သိရ တယ်။ ဦးအိမ်ကိုခေါ်ယူလိုက်ရတဲ့ အကြောင်းအရင်းက ဦးရဲ့ဇနီး [illegible]





[illegible]ရေးမကောင်းတော့ဘူး။ သူ့ရဲ့နောက်ဆုံးအချိန်လို့ပြောရင်လည်း [illegible]ယ်။ ပြောရရင်တော့ ထိပ်ထားမကွယ်လွန်ခင်မှာ ပုံတူပန်းချီကား [illegible]ရေးဆွဲပေးဖို့ပဲ။ ထိုက်သင့်တဲ့ ဥာဏ်ပူဇော်ခအပြင် ဗိုပြီးပေး [illegible]ယ်၊ အကောင်းဆုံးဖြစ်အောင်ကြိုးစားရေးဆွဲပေးပါ"

"ဟုတ်ကဲ့ မြို့ပိုင်မင်း၊ ကျွန်တော်အစွမ်းကုန် ကြိုးစားရေးဆွဲ [illegible]ပါ့မယ်"

"မောင်နန်းဝေအနေနဲ့ ဦးရဲ့စံအိမ်တော်ကြီးမှာ ပန်းချီကား [illegible]ဆွဲပြီးတဲ့အထိနေထိုင်ရမယ်၊ စားသောက်နေထိုင်ရေးအတွက် ဦး [illegible]ပေးမယ်၊ လိုအပ်တာရှိရင်လည်း အားမနာတမ်းပြောပါ"

မြို့ပိုင်မင်း ဦးအောင်ဘသည် ဇနီးသည် ဒေါ်ထိပ်ထားခိုင်၏ [illegible]တ်တရ ပုံတူပန်းချီကားရေးဆွဲနိုင်ရေးအတွက် ပန်းချီဆရာလေး [illegible]နန်းဝေအား လိုက်လိုက်လျောလျောဆက်ဆံခဲ့သည်။ မောင်နန်းဝေ [illegible]သည်း နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင်နေထိုင်ရင်း ဒေါ်ထိပ်ထား [illegible] ပုံတူပန်းချီကားကြီးကို စတင်ရေးဆွဲလေတော့သည်။

မောင်နန်းဝေရေးဆွဲပေးသော ဒေါ်ထိပ်ထားခိုင်ပုံတူမှာ လက် [illegible]မြောက်လှစွာအသက်ဝင်လျက်ရှိသည်။ ပန်းချီကားပုံတူက အသက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လောက်အောင် တစ်ထေရာတည်းတူသော်လည်း ဒေါ်ထိပ်ထားခိုင်မှာမူ အသက်ပျောက်ပြီး ကွယ်လွန်သွားရှာသည်။ ဦးအောင်ဘသည် သူ့ဇနီး၏ ပုံတူပန်းချီကားကြီးကို ဧည့်ခန်းဆောင်တွင် တခမ်းတနားကနုတ်ဘောင်များကွပ်ပြီး ချိတ်ဆွဲထားသည်။ ပန်းချီကားကြီးရှေ့မှလည်း မခွါနိုင်အောင်ရှိပေသေည်။ အချိန်နှင့်အမျှ ပန်းချီကားရှေ့မှာပင် အရိပ်တကြည့်ကြည့်ကြည့်ကာ အလွမ်းမပြေနိုင်အောင်ခံစားနေရသည်။

ဇနီးသည်ဒေါ်ထိပ်ထားခိုင်၏ ပုံတူပန်းချီကားကို နေ့စဉ်နှင့်အမျှ ကြည့်ရှုရင်း အတွေးတစ်ခုရလာပြန်သည်။ ထိုပန်းချီကားနှင့်အတူ ယှဉ်တွဲချိတ်ထားနိုင်ရန် နောက်ထပ်ပန်းချီကားတစ်ချပ်လိုအပ်နေပေသေးသည်။ အဆိုပါပန်းချီကားမှာ တခြားမဟုတ်။ သူ၏ ပုံတူပန်းချီကားပင်ဖြစ်သည်။

ပန်းချီဆရာလေးကိုနန်းဝေကလည်း အလုပ်များ ပြီးသွားသဖြင့်ပြန်ရန်ပြင်ဆင်သည်။ ဦးအောင်ဘက ပြန်ခွင့်မပြုသေးဘဲ သူ၏ ပုံတူပန်းချီကို ထပ်မံရေးဆွဲစေပြန်သည်။ ရက်အတော်ကြာအောင် နေထိုင်ရမည်ဖြစ်သောကြောင့် ကိုနန်းဝေသည် သူ့မြို့သို့ မပြန်နိုင်သေးဘဲနှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှာပင် ဆက်လက်နေထိုင်ခဲ့ရသည်။





နေထိုင်ရာတွင်လည်း ဦးအောင်ဘမှာ နှလုံးရောဂါရှိသောကြောင့်ကြာရှည်စွာမထိုင်နိုင်ဘဲ နာရီအနည်းငယ်သာ ထိုင်နိုင်သည်။

နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင် နေရသည့်ရက်က ကြာရှည်ထက် ကြာလာသည်။ ထိုစဉ်မှာပင် ခင်ခင်လေးနှင့် ရင်းနှီးခင်မင်ကြသည်။

ခင်ခင်လေးအတွက် ပန်းချီဆရာကိုနန်းဝေမှာ စိတ်ဝင်စားဖွယ် လူတစ်ယောက်ဖြစ်သည်။

သူမအနေနှင့် အပြင်ထွက်ခွင့်မရဘဲ သူစိမ်းယောက်ျားလေးများနှင့် တွေ့ကြုံဖူးခြင်းမရှိရာ ကိုနန်းဝေသည် သူမအတွက် ရင်ခုန်စရာကောင်းသူဖြစ်နေသည်။ မြတ်နိုးချစ်ခင် တွယ်တာစရာဖြစ်လာသည်။ တစ်အိမ်တည်းအတူနေနီးစပ်ရာမှ အိုးချင်းထားအိုးချင်းထိ၊ အိုးချင်းထား ကြိုးချင်းငြိကုန်ကြတော့သည်။

ကိုနန်းဝေနှင့် ခင်ခင်လေးတို့မှာ ချစ်သူသမီးရည်းစားဘဝသို့ရောက်ခဲ့သော်လည်း ဖခင်ဖြစ်သူ ဦးအောင်ဘ မသိအောင်မရိပ်မိအောင်တော့သည်။ တိတ်တဆိတ်လျှို့ဝှက်စွာ နေထိုင်ကြသည်။

ဦးအောင်ဘ၏ ပုံတူပန်းချီကားရေးဆွဲပြီးသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထိပ်ထားခိုင်ပန်းချီကားဘေးတွင် ယှဉ်တွဲချိတ်လိုက်ရင်း ဦးအောင်ဘမှာ ပီတိဖြစ်လျက်ရှိသည်။ ဒေါ်ထိပ်ထားခိုင်ကွယ်လွန်သွားပြီးနောက် အထီးကျန်မဖြစ်နေတော့ပေ။ သူမဘေးတွင် ဦးအောင်ဘအမြဲ ရှိနေခဲ့ချစ်မြတ်နိုးနေခဲ့ပင်ရှိကြောင်း ယှဉ်တွဲချိတ်ထားသည်ဟု ပုံတူပန်းချီကားနှစ်ချပ်က သက်သေပြနေသကဲ့သို့ ဖြစ်သည်။

အလုပ်တာဝန်ပြီး၍ ကိုနန်းဝေပြန်ရတော့မည်။ ယခုမှပင် အခက်တွေ့ရသည်။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးသည် သူ့အားလွှမ်းမိုးချုပ်ကိုင်ထားသည်။ မြတ်နိုးစွဲလမ်းစွာချစ်ရသော ခင်ခင်လေးနှင့် ခွဲခွာမသွားနိုင်။ မခွဲနိုင်မခွာရက်ဖြစ်နေချိန်တွင် စံအိမ်တော်ကြီးမှ အဝေးသို့ ထွက်ခွာမသွားလို။ ခင်ခင်လေးကလည်း ကိုနန်းဝေအား မျက်စိအောက်မှ အပျောက်မခံနိုင်။ ကိုနန်းဝေ၏အိမ်ကြီးတွင် ဆက်လက်နေထိုင်နိုင်ရန် ကြံစည်ရတော့သည်။

ဖခင်ဖြစ်သူ ဦးအောင်ဘအား သူမ၏ပုံတူပန်းချီပါ ဆွဲလိုကြောင်း ပူဆာတော့သည်။ ဟုတ်ပေသားဘဲ အဖေနှင့်အမေပုံတူပန်းချီကားချိတ်ထားလျှင် သမီးခင်ခင်လေး ပုံတူပန်းချီကားကိုလည်း ချိတ်ထားရမှာပေါ့။ ဦးအောင်ဘက တစ်ဦးတည်းသောသမီးလေး ဆန္ဒကို





ငြင်းပယ် အလိုလိုက်ကာ သူမဆန္ဒအတိုင်း လိုက်လျောပေးလိုက်သည်။ သို့သော် သမီးဖြစ်သူ ခင်ခင်လေးအမူအရာ ပြောင်းလဲနေသည်ကို သတိထားမိသည်။

ထို့ကြောင့်လည်း အိမ်မှ အစေခံများကို တိုးတိုးတိတ်တိတ်ညိတ်မှာရင်း သူတို့နှစ်ယောက်၏ အနေအထိုင်အသွားအလာ အပြောအဆိုများကို စောင့်ကြည့်ရန် မှာကြားထားလိုက်သည်။ စိတ်ထဲတွင် သင်္ကာမကင်းရှိလာသည်။ ထိုအကြောင်းကို ကိုနန်းဝေနှင့် ခင်ခင်လေးတို့နှစ်ဦးမသိကြပေ။ ပုံစံထိုင်ပြီး ပန်းချီဆွဲရာတွင်လည်း လွတ်လပ်မှုမရှိ အစေခံမလေးတစ်ဦးက အမြဲတမ်းစောင့်ကြည့်နေခဲ့သည်။

တစ်ညတွင် နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးရှေ့ရှိ ဥယျာဉ်ထဲတွင် ကိုနန်းဝေနှင့် ခင်ခင်လေးတို့သည် ချိန်းဆိုပြီး စကားပြောနေကြသည်။ ခင်ခင်လေးအိပ်ခန်းထဲတွင်မရှိတော့ဘဲ အလစ်ပျောက်သွားသဖြင့် ခိုင်းဝန်းရှာဖွေကြရင်း မိသွားကြသည်။ ဦးအောင်ဘဒေါသ ပေါက်ကွဲသွားသည်။

'အနုလက်နဲ့ ရွှေခွက်နှိုက်ချင်တဲ့အကောင် မှတ်လောက်အောင်ဆုံးမရမယ်'



www.burmeseclassic.com

www.burmeseclassic.com



တပည့်များကို အမိန့်ပေးလိုက်သည်။ ဦးအောင်ဘတပည့်များက ကိုနန်းဝေအား ဝိုင်းဝန်းရိုက်နှက်ကြပြီး နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှ နှင်ထုတ်လိုက်ကြသည်။ ခင်ခင်လေးအဖို့ မျက်ရည်နှင့်မျက်ခွက် ဝမ်းနည်းကြေကွဲလို့မဆုံး ချစ်သူနှင့်ဝေးရသော ဝေဒနာသည်ရင်ထဲတွင် မီးတောက်လောင်ကျွမ်းနေသကဲ့သို့ ပူလောင်ပြင်းပြစွာ ခံစားနေရသည်။ ဦးအောင်ဘကလည်း...

'နောက်ထပ် ဒီကောင်နဲ့ ဆက်ဆံတာလုပ်ရင် နင်တို့နှစ်ယောက်စလုံးကို သတ်ပစ်မယ်'

ဆုပ္ပကြိမ်းမောင်းပြီး ခင်ခင်လေးအား အခန်းတံခါး ပိတ်လှောင်ထားလိုက်ကြသည်။ ကိုနန်းဝေကလည်း မည်သို့မျှ အဆက်အသွယ်လုပ်မရ၍ အကြံကြံရသည်။ ခင်ခင်လေး၏ အချစ်မီးတောက် လောင်ကျွမ်းမှုကို မခံစားနိုင်သော အိမ်ဖော်မကြီးတစ်ဦးက ကူညီပေးသည်။ မဆေးနိုင်သော ချစ်သူနှစ်ဦးမှာ အခက်အခဲတွေကြားထဲမှ အိမ်ဖော်မကြီး အကူအညီပေးမှုကြောင့် ပြန်လည်၍ အဆက်သွယ်ရသွားကြသည်။

ကိုနန်းဝေထံမှ လပြည့်ညတွင် လာရောက်ခေါ်ဆောင်မည့် အကြောင်း စာကိုရသည်။ ခင်ခင်လေးကလည်း ကိုနန်းဝေခေါ်ရာ





နောက်သို့လိုက်ပါသွားရန် ခံ့ဖြတ်လိုက်သည်။ ချိန်းဆိုထားသည့်အတိုင်း လပြည့်ညတွင် နှိုးရာလိုက်ခဲ့သည်။ သို့သော် ဦးအောင်ဘနှင့် တပည့်များက အရိပ်မိသိရှိလိုက်ပြီး နောက်မှလိုက်လာကြသည်။ သေနတ်သံတစ်ချက်ထွက်ပေါ်လာပြီး ကိုနန်းဝေ မြေပြင်ပေါ်တွင် ပုံခနဲလဲကျသွားသည်။ ဦးအောင်ဘပစ်လိုက်သောကျည်ဆန်က နောက်ကျောမှ ဖောက်ထွက်သွားသည်။

ကိုနန်းဝေ သေဆုံးသွားသည်။ လူသတ်မှုကိုလည်း ဖျောက်ဖျက်နိုင်ခဲ့သည်။ ဦးအောင်ဘသည် မြို့ပိုင်မင်းဖြစ်သလို အရှိန်အဝါကြီးသည်။ ပန်းချီဆရာကိုနန်းဝေသည် သူ့အိမ်မှ ရွှေငွေပစ္စည်းများကို ခိုးယူထွက်ပြေးသွားသောကြောင့် ယခုလိုဖြစ်ခဲ့ရကြောင်း စွပ်စွဲလိုက်သဖြင့် အပြစ်ပေးမခံရပေ။ ပန်းချီဆရာလေး ကိုနန်းဝေ သေဆုံးမှုမှာလည်း ပြီးပြီးပျောက်ပျောက်ဖြစ်သွားသည်။

ခင်ခင်လေးကိုလည်း နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြသည်။ မိမိရှေ့မှာပင် ချစ်သူဖြစ်သူ မရှုမလှ သေဆုံးခဲ့ရသဖြင့် စိတ်ဆောင်းကိုယ်ကြေဖြစ်ခဲ့ရသည်။ ခင်ခင်လေး လူ့လောကကြီးတွင် ဆက်လက်ရှင်သန်မနေချင်တော့၊ ချစ်သူနောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွားရန်ဆုံးဖြတ်မိပြီး ထိုနေ့ညမှာပင် အဆိပ်သောက်ပြီး သူ့ကိုယ်သူ သတ်သေခဲ့သည်။ ဦးအောင်ဘကတော့ သမီးဖြစ်သူ ဆေးမှားသောက် သေဆုံးသွားရကြောင်း သတင်းလွှင့်သည်။

ဇနီးသည်လည်းဆုံး၊ တစ်ဦးတည်းသောသမီးလည်း ဆုံးသွားသောကြောင့် ဦးအောင်ဘမှာ မချိတင်ကဲခံစားခဲ့ရသည်။ သူ၏မာန်မာနများ၊ ဂုဏ်မောက်မာမှုကြောင့် သမီးခင်ခင်လေး သေဆုံးသွားရသည်ကို တစ်စတစ်စ အမှားများကိုသိလာရသည်။ သို့သော် မှားမိသော အမှားများက ပြန်၍ပြင်မရအောင်နောက်ကျသွားခဲ့သည်။ အစကတည်းက နှလုံးရောဂါအခံရှိသော ဦးအောင်ဘမှာ စိတ်ဆင်းရဲမှုများ ကြုံတွေ့ရပြီး အိပ်ရာထဲလဲသွားသည်။ တစ်လခန့်အကြာတွင် ကွယ်လွန်သွားသည်။

မြို့ပိုင်မင်း ဦးအောင်ဘကွယ်လွန်သွားပြီးနောက် မြို့ပေါ်မှ ဦးအောင်ဘညီဖြစ်သူ ဦးအောင်ခ ရောက်ရှိလာပြီး နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးအား ချစ်တီးကုလားတစ်ဦးလက်ထဲသို့ ရောင်းချခဲ့သည်။ ထိုအချိန်မှစ၍ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှာ သရဲခြောက်သည့် အိမ်ကြီးအဖြစ် နာမည်ကြီးလာသည်။ ကွယ်လွန်သွားကြသော မုန်းချို ဆရာလေး ကိုနန်းဝေ၊ ခင်ခင်လေး၊ ဦးအောင်ဘ၊ ဒေါ်ထိပ်ထားခိုင်တို့မှာ တွေ့တ်မလွတ်ဘဲ တစ္ဆေသရဲများဖြစ်ကာ နေကြသည်ဟု ဆိုလာကြသည်။

ချစ်တီးကုလားမှာလည်း သရဲခြောက်သည်ဟုဆို၍ ကြောက်ရွံ့ပြီး နောက်ဆုံးတွင်နှစ်ဆောင်ပြိုင်စံအိမ်ကြီးကို စျေးပေါပေါနှင့် ရောင်းချကာ ပြောင်းရွှေ့သွားသည်။ နောက်ထပ်ဝယ်လိုက်သူမှာ ဆန်စက်သူဌေးဦးထွန်းအေးမိသားစုဖြစ်သည်။ သူတို့မိသားစုမှာလည်း ကြာရှည်နေနိုင်ကြပေ။

ညဘက်အိပ်နေစဉ် ခြေသံများ တရှပ်ရှပ်ကြားရခြင်း၊ တဒိုင်းဒိုင်း အသံများဆူညံခြင်း၊ ငိုသံညည်းသံများ ထွက်ပေါ်လာခြင်းတို့ကို ကြုံကြရသည်။ ဦးထွန်းအေးက တစ္ဆေသရဲများကို နိုင်နင်းနိုင်သော အောက်လမ်းဆရာများကိုပင့်ဖိတ်ပြီး အစီအရင်များလုပ်ကာ နှိမ်နင်းသော်လည်း မရခဲ့ပေ။ နောက်ဆုံးတွင် ဦးထွန်းအေးတို့မိသားစုလည်း မနေရဲတော့ဘဲ ပြောင်းရွှေ့သွားကြသည်။

ထိုအချိန်မှစ၍ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင် ငှားရမ်းနေထိုင်ချင်သူလည်းမရှိ၊ ဝယ်မည့်သူလည်းမရှိတော့ဘဲ အိမ်အိုအိမ်ဟောင်းကြီးဖြစ်လာသည်။ ခွေးလေခွေးလွင့်များက ဝင်ရောက်နေထိုင်ကြသည်။







www.burmeseclassic.com

www.burmeseclassic.com



ကြောင်လောက်ရှိသည့်ကြွက်ကြီးများ၊ လင်းနို့များစိုအောင်းရာ ဖြစ်လာသည်။ လူမနေသည်မှာကြာပြီဖြစ်သောကြောင့် ပြိုပျက်သည့်နေရာများသည် ပြိုပျက်လာကြသည်။ အဆိပ်ရှိသော မြွေ၊ ကင်းများ စသည့် သတ္တဝါများ ပေါများနေထိုင်လာပြန်သည်။

ညအမှောင်ထဲတွင် တစ္ဆေသရဲကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ အကြည့်ရဆိုးသော နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီး ဖြစ်လာသည်။

◆ ◆ ◆



## နားရွက်ပြတ်မှုကြီး

'နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးရဲ့ နောက်ကြောင်းရာဇဝင်ကအဲဒါပဲမှုကြီး။ မြို့ပိုင်မင်းဦးအောင်ဘတို့မိသားစုဟာ အစွဲတွေမကျွတ်ဘဲ သေသွားကြတဲ့သူတွေ။ ခုထိမကျွတ်သေးဘဲ တစ္ဆေသရဲတွေချင်လည်းဖြစ်နေမှာပေါ့ကွာ။ အဲဒါကြောင့် အန္တရာယ်ရှိတဲ့နေရာကိုသွားစေချင်ဘူး'

မှုကြီးသည် ဆရာကြီး ဦးအေဝပြောပြသည့်နေကို စိတ်ဝင်စားနားထောင်နေခဲ့သည်။

'ဒါနဲ့ဆရာကြီးက အေးဆေးရာကြီးဆိုတော့ ကျွန်တော် မသိလို့ချင်ပါတယ်'

'ဘာများလဲ မှုကြီးရ'



www.burmeseclassic.com

www.burmeseclassic.com



'တစ္ဆေသရဲတွေကိုမြင်လို့ရတဲ့ဆေးရှိတယ်ဆို၊ အဲဒါ ဆရာကြီး ဆီမှာရှိလား'

'ဘာလဲ မျက်ကွင်းဆေးလား'

'မျက်ကွင်းဆေးလား ဘာလားတော့ ကျွန်တော်မသိဘူး ကိုဗလတာပည့်ဖြစ်တဲ့ တာတေကပြောဖူးတယ် ဘုရားကုန်းမျက်ကြီး သံချိုင်းကိုသွားတဲ့လမ်းမှာ ညောင်မုတ်ဆိပ်ပင်ကြီးတွေရှိတယ်၊ အဲဒီညောင်မုတ်ဆိတ်ပင်ကြီးတွေပေါ်မှာလည်း ဂုံးစီးမှင်စာလေးတွေ နေတယ်လို့ပြောတယ်၊ ညောင်မုတ်ဆိတ်ပင်ကြီးအောက်က ညောင်မြစ် တွေကိုသွေးပြီး မျက်လုံးကွင်းကြည့်ရင် တစ္ဆေသရဲတွေကို မြင်ရတယ် တဲ့ အဲဒါဟုတ်လားဟင် ဆရာကြီး'

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွာ၊ တစ္ဆေတွေသရဲတွေကို မြင်နိုင်တဲ့ဆေးမြစ်ရှိတယ်လို့တော့ စာထဲမှာ ငါဖတ်ဖူးတယ်။ အဲဒါ ဟိုတုန်းက သီဟိုဠ်မှာဖြစ်ခဲ့တာလို့ပြောတယ်လို့ပြောတယ်။ ဒီလိုကွ တစ်ခါတုန်းက ပြိတ္တာမကြီးတစ်ကောင်က အစာရှာရဘို့အတွက် မြို့ထဲ ကိုထွက်လာတယ်၊ သူနဲ့အတူ ကလေးနှစ်ယောက်လည်းပါလာတယ် မြို့ထဲကို ဝင်မယ်လုပ်တော့ ကလေးနှစ်ယောက်ကို မြို့အဝင်တံခါးမှာ





က ထူပါရုံဘုရားအနီးမှာထားခဲ့တယ်။ ပြိတ္တာမကြီးကတော့ အစာရှာရ အောင် မြို့ထဲကိုဝင်သွားတာပေါ့ကွာ'

'ပြိတ္တာလေးတွေက ဘာဖြစ်သွားလဲ ဆရာကြီး'

'မြို့အဝင်တံခါးနားမှာ စောင့်နေရတာတော်တော်ကြာသွား တယ်၊ သူ့အမေပြိတ္တာမကြီးကတော့ တော်တော်နဲ့ ပြန်ရောက်မလာဘူး။ ဗိုက်တွေကလည်း ဆာလာကြတယ်။ အဲဒီအချိန်မှာ မြို့ထဲကို ဆွမ်းခံ ကြွလာတဲ့ မထေရ်တစ်ပါးကို တွေ့လိုက်ရတယ်။ ပြိတ္တာကလေးတွေ က ကိုယ်ထင်ပြပြီး အရှင်ဘုရား တပည့်တော်တို့အမေ မြို့ထဲဝင်သွား တာကြာလှပါပြီ။ ဗိုက်တွေလည်းဆာလှပါပြီ။ တပည့်တော်တို့အမေ ကိုတွေ့ရင် အမြန်ပြန်လာဖို့ ပြောပေးပါလို့ပြောတယ်'

'ဒီတော့ မထေရ်က မင်းတို့အမေကို ငါဘယ်လိုလုပ်မြင်နိုင် မှာလဲလို့မေးတယ်၊ ပြိတ္တာလေးတွေက ဆေးမြစ်တစ်ခုကိုပေးပြီး အရှင် ဘုရား အဲဒီဆေးမြစ်ကိုကိုင်သွားရင် မြင်တွေ့ရပါလိမ့်မယ်လို့ပြောတယ်။ ဒါနဲ့မထေရ်ကလည်း ဆေးမြစ်ကိုင်ပြီး မြို့ထဲဝင်လာတာ သူ့ပတ်ဝန်း ကျင်မှာ တစ္ဆေတွေ သရဲတွေ ပြိတ္တာတွေ အမျိုးမျိုးမြင်ရတော့တာပါဘဲ။ မြို့ထဲဝင်လာတော့ အလှူမဏ္ဍပ်တစ်ခုရဲ့ဘေးမှာ စားကြွင်းစားကျန်တွေ စွန့်တာကို ကောက်ယူဘို့စောင့်နေတဲ့ ပြိတ္တာမကြီးကိုသွားတွေ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ မထေရ်က ဘာပြောလဲ ဆရာကြီး'

'မြို့အဝင်တံခါးနားမှာ သူ့ကလေးတွေ စောင့်နေကြောင်း၊ စိုက်ဆာနေကြောင်းပြောတော့ ဗြဟ္မာမကြီးက တော်တော်လန့်သွားတယ်၊ အရှင်ဘုရား တပည့်တော်ကို ဘယ်လိုလုပ်မြင်ရပါသလဲ မေးတော့ နှင့်ကလေးတွေ ပေးလိုက်တဲ့ ဆေးမြစ်ကြောင့် မြင်ရတာပေါ့။ ဒီတော့ ဗြဟ္မာမကြီးက မထေရ်ကိုင်ထားတဲ့ ဆေးမြစ်ကို လုယူပြီး ထွက်ပြေးသွားတယ်လို့ ငါဖတ်မိတယ်'

'ဗြဟ္မာမကြီးက ဘာဖြစ်လို့ထွက်ပြေးသွားရတာလဲ'

'တစ္ဆေတွေ ဗြဟ္မာတွေက အရှမ်းရှမ်ဆိုးကြတယ်၊ သူတို့ရဲ့ စုံပျက်ခန်းပျက်ဖြစ်နေတဲ့ မျက်နှာတွေ၊ ကိုယ်လုံးတွေကို လူတွေ မမြင်စေချင်လို့နေမှာပေါ့ကွာ'

'အဲဒီလိုမြင်နိုင်တဲ့ဆေးနည်းရှရင် သိပ်ကောင်းမှာပဲ'

မှုံကြီးသည် နှမ်းခေသာ လူတစ်ယောက်ဖြစ်သလို သူ့စိတ်ထဲ ထင်ရာပြောမိသည်။

'ဘာလဲ မင်းကဆေးမြစ်ရရင် နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီး ထဲက သရဲတွေ တစ္ဆေတွေကိုသွားကြည့်မလို့လား'





မှုံကြီးသည် ဆရာကြီးဦးဒေဝအားတစ်စုံတစ်ရာပြန် မပြောဘဲ ခေါင်းအောက်စိုက်ချကာ တွေးနေပုံရသည်။ ခဏနေကြာမှ ကောက်ခါ ငင်ကာ ထမေးလိုက်ပြန်သည်။

'တချို့ကပြောကြတယ် ဆရာကြီး၊ တစ္ဆေတွေဟာ ကိုယ်ပျောက်တဲ့ဦးထုပ်တွေဆောင်ထားကြတာတဲ့၊ သူတို့ခေါင်းပေါ်မှာ ဆောင်းထားတဲ့ဦးထုပ်နီလေးတွေကို ဆွဲယူလိုက်ရင် ကိုယ်ပျောက်လို့ နေတော့ဘူးတဲ့ အဲဒါဟုတ်လား ဆရာကြီး'

'မင်းလည်း ခက်တာပဲ မှုံကြီးရာ သူများတကာအတွေ့ ပေါက်တရပြောတိုင်း လျှောက်ယုံမနေနဲ့။ မင်းက ဗလပြောတဲ့အတိုင်း နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ တစ်ညသွားအိပ်မှာလား'

'တစ်ညတည်း အိပ်ရုံနဲ့ပိုက်ဆံရမှာပဲ ဆရာကြီးရာ၊ ကျွန်တော်က တစ္ဆေတွေသရဲတွေကို မကြောက်ပါဘူး၊ သွားအိပ်မှာပေါ့'

'အေးဒါဆိုရင်လဲ မင်းကိုငါတစ်ခုကူညီမယ်'

မှုံကြီးသည် ဆေးဆရာကြီးမဟိန္ဒကိုထံဝင် ဦးဒေဝအိမ်၌ ကြာခဏဆိုသလို လိုအပ်သည်များအား ကူညီလုပ်ကိုင်ပေးခဲ့သူဖြစ်သည်။ ဦးဒေဝသည်ဆေးပုလင်းများအစီအရီထည့်ထားသော ဆေးဗီရိုထဲမှ ပုလင်းလေးတစ်လုံးကို ထုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါက ငါကိုယ်တိုင်စီရင်ထားတဲ့ အစွမ်းထက်ဆီမန်း

ယုံယုံကြည်ကြည်နဲ့ မင်း အသုံးပြုပေတော့။ အရေးကြီးတာက

ဆောင်ပြိုင်စံအိမ်တော်ကြီးဆီ သွားအိပ်မယ့်ညကျရင် ရေမိုးချိုး၊ ဘုရား

ငါးပါးသီလယူ၊ မင်းတစ်ကိုယ်လုံးကို ဆီမန်းတွေလိမ်းပြီး သွားအိပ်

တော့။ မင်းကို ဘယ်သူရဲတစ္ဆေမှ ကပ်တာခြောက်တာ လုပ်

လုပ်လို့မရတော့ဘူး'

ဟုပြောဆိုကာပေးလိုက်သည်။ မှူကြီးသည် ဆရာကြီးဦး

ပေးလိုက်သော ဆီမန်းအားဝမ်းသာအားရစွာ ယူပြီးပြန်လာခဲ့သည်

ကိုပလကိုလည်း ယနေ့ည နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးတွင် သွား

မည်ဖြစ်ကြောင်း ပြောပြလိုက်သည်။

အိမ်ပြန်ရောက်သောအခါ ဆရာကြီးဦးဒေဝ မှာကြားသ

အတိုင်း ခန္ဓာကိုယ်သန့်စင်အောင် ရေမိုးချိုးသည်။ ဘုရားစင်ရှေ့

ငါးပါးသီလယူသည်။ ဆီမန်းကိုလည်း တစ်ကိုယ်လုံးအနှံ့လိမ်းလို

သည်။

ညနေဘက်တွင် မြနန္ဒီရွာတောင်ဖက်ရှိ နှစ်ဆောင်ပြိုင်စံ

တော်ကြီးဆီသို့ ထွက်လာခဲ့သည်။ စံအိမ်တော်ကြီးမှာရွာနှင့် တစ်မိုင်





သည်။ တဖြည်းဖြည်းနှင့် ဘုရားကျောင်းပျက် အနီးသို့ရောက်

သည်။

ရှေးဟောင်းဘုရားစေတီအပြိုအပျက်များမှာလည်း ပြုပြင်

သိမ်းသူမရှိသောကြောင့် အုတ်ပုံကြီးများသာဖြစ်နေကြသည်။

ထဲမှ ဥစ္စာစောင့်မလေးများ ထွက်လာမလားဟု မှူကြီးကြည့်သည်။

ထူးထူးခြားခြားဘာမှ မတွေ့ရပေ။

ဆရာကြီးဦးဒေဝပေးလိုက်သော ဆီမန်းကို တစ်ကိုယ်လုံး

ထားသဖြင့် ဥစ္စာစောင့်များလည်း သူ့အနားသို့ လာတော့မည်

တ်ပေ၊ သူကိုယ်တိုင်ယုံကြည်မှုအပြည့်အဝ ရှိနေသည်။

သူသည်အဝင်လမ်းထဲသို့ ဝင်လာခဲ့သည်။ မှူကြီးသည်

သော ညောင်မှတ်ဆိတ်ပင်များအပေါ်သို့ မော့ကြည့်လိုက်သေး

ည်။ ညောင်မှတ်ဆိတ်များတွင် နေထိုင်သော ဂုံးစီးမှင်စာကလေး

ကိုလည်း အရိပ်အယောင်မျှပင်မတွေ့ရပေ။ ဆရာကြီးဦးဒေဝ

န်းအစွမ်းကြောင့် ဂုံးစီးမှင်စာလေးများလည်း အဝေးသို့ထွက်ပြေး

သည်လား မသိပေ။

သချိုင်းထဲရှိစရပ်ပျက်ကြီးတစ်ဆောင်နှင့် အုတ်ဂူများကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ခြံနွယ်ပိတ်ပေါင်းများက တောထလျှက်ဖုံးလွှမ်းထား
သည်။ သိမ်ချင်းနယ်မြေကို ကျော်ပြီး နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးထဲသို့
မှုံကြီးဝင်လာခဲ့သည်။ ခွေးလေခွေးလွင့်များက အုပ်စုလိုက် ထိုးဟောင်ကြ
သည်။ မှုံကြီးသည် အနီးရှိအုတ်ခဲကျိုးများနှင့် ပစ်ပေါက်ခြောက်လှန့်
လိုက်သောအခါ သိမ်ချင်းထဲသို့ ခွေးများပြေးဝင်သွားကြသည်။ ဆီမီး
ကို ကြောက်သွားကြပြီထင်သည်။

စံအိမ်တော်ကြီးအတွင်းရှိအဆောင်များမှာလည်း ကျိုးပဲ့ပျက်
စီးလျက်ရှိသည်။ မှုံကြီးသည် သစ်တိုသစ်စများကို ဖယ်ရှားရှင်းလင်း
ပြီး ကြောက်ရွံ့စိတ်ကင်းစွာနှင့် လဲလျောင်းလိုက်သည်။ မျက်နှာကြက်
တွဲလျောင်းကျနေသော လင်းနို့များလည်း တဂျိုဂျို တမျှပ်မျှပ်နှ
ဆူညံနေလေသည်။ အမှိုက်သရိုက်များကြားတွင် ပြေးလွှားနေသော
ကြောင်လောက်နီးပါးရှိသည့် ခြွက်ကြီးများလည်း ရှိနေကြသည်။

ထိုညက မှုံကြီးသည် နှစ်နှစ်ချိုက်ချိုက်ပင်အိပ်ပျော်သွား
သည်။ မနက်မိုးခင်သောအခါ ထူးထူးခြားခြားသူ၏ နားတစ်ဘက်မှ
နာကျင်နေကြောင်းသိလိုက်ရ၍ လက်ဖြင့်စမ်းကြည့်လိုက်ရာ သွေး
များပေသွားသည်။ ထိုအချိန်ကျမှ မှုံကြီးတွင် ညာဘက်နားရွက်တစ်ဖက်





မရှိတော့ကြောင်း သိလိုက်ရသည်။ သူအိပ်နေတုန်းတွင် သရဲစားသွား
ခြင်းသာ ဖြစ်ပေလိမ့်မည်ဟု ယုံကြည်သွားသည်။

◆ ◆ ◆

'ဆေးဆရာကြီး ဦးအေဝပေးထားသောဆီမန်းများကို မင်းတစ်
ကိုယ်လုံးလိမ်းထားရက်သားနဲ့ မင်းနားရွက်တစ်ဘက်ကို သရဲက
ဘာဖြစ်လို့ စားသွားတာလဲ'

ဗလတို့အုပ်စုက မှုံကြီးနှစ်ဆောင်ပြိုင်အိမ်ကြီးတွင် တစ်ညအိပ်
နိုင်ခဲ့လေးအကြောင်းကို ဝိုင်းမေးကြပြန်ရာမှ တာတေက ဝင်မြှော်လိုက်
သည်။

'ကျွန်တော်ပေါ့တာမပေါ့ဗျာ၊ ဆီမန်းကို လိမ်းတာတော့ တစ်
ကိုယ်လုံးလိမ်းတာပဲ။ ဒါပေမဲ့ အဲဒီညာဘက်နားရွက်နားရောက်တော့
ဆီမန်းက ကုန်သွားတယ်၊ ကျွန်တော်လည်း ဒီလောက်တော့ ဘာမှမဖြစ်
ပါဘူးဆိုပြီး ဒီအတိုင်းသွားအိပ်တာ၊ အိပ်နေတုန်းမှာ အဲဒီသရဲက
ဆီမန်းမလူးတဲ့ နားရွက်ကို ကိုက်စားသွားတာပဲ၊ ကျွန်တော်သေတော့
မယ်၊ ရေထမ်းတွေ ထပ်ဖြည့်ရဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



မှုကြီးသည်ရေထမ်းပုံးများကို ကောက်ကိုင်ပြီး ထွက်သွားသည်။

'ဆရာကြီးဦးဒေဝရဲ့ ဆီမန်းက သရဲတစ္ဆေတွေမကပ် နိုင်အောင်တော်တော်စွမ်းတာဘဲ'

'ဘယ်ကဟုတ်ရမှာလဲကွာ၊ ဆရာကြီးဦးဒေဝက နှစ်ဆောင် [illegible]ကြီးမှာ ကြွက်ကြီးတွေ သောင်းကျန်းမှန်းသိတယ်။ [illegible] ကြွက်ကြီးတွေ မကိုက်ရအောင် ဆေးမော်ဆေးလိုက်တာပဲ။ [illegible]မိတော့ ကြွက်တွေကိုက်စားသွားတော့တာပေါ့ကွာ။ [illegible] မှုကြီးကို ငါကပြောလိုက်တယ်။ မင်းအခု [illegible]ဖြစ်သွားပြီ [illegible]တစ်ဖက်လည်း မရှိတော့ဘူး၊ နှင်းနုက မကြိုက်တော့ဘူး၊ ပြောလိုက်တာနဲ့ ဒီကောင် နှင်းနုကိုရှောင်တော့တာပဲ။ ဘယ့်နှယ်လဲ ငါ့အကြံပိုင်တယ်မဟုတ်လား'

'ဟုတ်တာပေါ့၊ ဒါကြောင့်မို့လို့လဲ ကျွန်တော်တို့က ကိုဗလကို ဆရာတင်နေကြတာပေါ့၊ အခု နှင်းနုလေး အဖေမရှိတော့ဘူး ဆိုတော့ မသိမ်းပိုက်သေးဘူးလား'

'ဖြည်းဖြည်းပေါ့ကွာ ဦးကုလားမှ မရှိတော့တာဘဲ။ နှင်းနုက





[illegible]ကောက်စုပ်ထဲကရေပါကွာ။ သွန်လိုသွန် မှောက်လိုမှောက် အချိန်မရွေး [illegible]ဆားလို့ရပါတယ်။ သူ့အဖေသေကာစဆိုတော့ စိတ်မကောင်းဖြစ်နေ[illegible] အချိန်မှာ အတင်းဝင်ရောလို့မရဘူးကွ အနုနည်းနဲ့ သိမ်းပိုက်ရမှာ'

ဗလတပည့်များဖြစ်ကြသော တာတေ၊ ဖိုးထောင်တို့မှာ [illegible]ခေါင်းကြီးလေးစားစွာနှင့် ဗလအား မော့ကြည့်လိုက်ကြသည်။ ဗလ[illegible]မှာမှာတော့ အရက်ဆီပြန်လျက် သူဦးနှောက်ထဲတွင် ယုတ်မာ[illegible]စက်ကောက်ကျစ်သော အကြံအစည်များ အပြည့်အဝ ထည့်သို[illegible]ထားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## ခုံခေါင်းထဲမှ မပုပ်မသိုးဆေးရည်စိမ်ရုပ်အလောင်း

ပန်းငုံသည် အိမ်အတွင်းခန်းထဲရှိလျှို့ဝှက်စွာ သိမ်းဆည်း
ထားသော ထူးဆန်းသည့် ပန်းအိုးသဏ္ဍာန်စဥ့်အိုးကြီးကို ကြည့်မိရင်း
အစ်ကိုဝဏ္ဏအကြောင်းကို စဥ်းစားနေမိသည်။ မိုင်းမောတောကြီး
ဘက်ဆီသို့ထွက်သွားရင်း ပျောက်ဆုံးသွားခဲ့သည်မှာလည်း တစ်နှစ်ခန့်
ပြီဖြစ်သည်။ ယခုထိအစ်ကိုဝဏ္ဏ၏သတင်းအစကို ရှာမရ။ အသက်ပါ
ဆုံးသွားသည်လား (သို့မဟုတ်) တစ်နေရာရာတွင် ရောက်ရှိနေသ
လား။ အဖြေရှာမရအောင်စဥ်းစားရခက်လှသည်။

ထူးဆန်းသည်ကတော့ အမှန်ပဲဖြစ်သည်။ အမေမဆုံးခင်
ကဆိုလျှင် အစ်ကိုဝဏ္ဏသည် အဘိုးဖြစ်သူမိုင်းမောသူကြီးမင်း ဦးနေ
မင်းစင်စားသူဟု ပြောခဲ့သည်။ ယယ်စဥ့်တုန်းက ဆိုလျှင်ဦးကြီးယကု





ကိုယ်တိုင် သူတို့အဘိုး လူ့ဘဝသို့ တစ်ခေါက်ရောက်လာသည်ဟု
စွဲမြဲစွာ ယုံကြည်လက်ခံထားသည်။ အစ်ကိုဝဏ္ဏအား နောက်ပြောင်
ကျီစယ်ရင်း အဘိုးလေးဟုပင် ခေါ်ဆိုခဲ့သည်။

ကိုဝဏ္ဏသည် မြန်မာ့ရွာလေးတွင် ဘာသာရေးနှင့် ပတ်သက်
သည့်လုပ်ငန်းများ၌ ရှေ့ဆုံးတန်းမှ အားတက်သရောပါဝင်ဆောင်ရွက်ရှိ
သည်။ ဘာသာတရားကိုလည်း လွန်စွာမှ ကိုင်းရှိုင်းရှိသောသူဖြစ်သည်။
တစ်ရွာလုံးကဆိုလျှင် ဘုရားဒါယကာလေးဟုပင် ခေါ်ခဲ့ကြသည်။ ယခု
လိုပျောက်ဆုံးသွားသည်မှာလည်း ရှေးခေတ်မိုင်းမောဒေသမှ ဖျူမင်း
သမီးလေး သီရိမာလာနှင့် ပတ်သက်နေသည်လား မသိပေ။ အဘိုးဖြစ်
သူမိုင်းမောသူကြီးမင်း ဦးနေမင်းကိုယ်တိုင်ရေးသားထားခဲ့သော မှတ်
တမ်းတစ်ခုရှိသည်။

အဆိုပါမှတ်တမ်းသည်ပင်လျှင် ကိုဝဏ္ဏ၏စိတ်ခေတ်သဏ္ဍာန်
များထဲတွင် ယုံကြည်မှုစွဲမြဲစွာခိုင်မာလာခဲ့ပုံရသည်။ မိခင်ဖြစ်သူ ခေါ်သူက
တရိုတသေသိမ်းဆည်းထားသော မှတ်တမ်းမှာ ယခုထိရှိနေပေသည်။
ကိုဝဏ္ဏအားသတိရတိုင်းအဆိုပါ မှတ်တမ်းကို ပန်းငုံပြန်ဖတ်ကြည့်
မိပြန်သည်။

www.burmeseclassic.com



## မိုင်းမောသူကြီးဦးနေမင်း၏မှတ်တမ်း

ကျွန်ုပ်အမည်မှာ ဦးနေမင်းဖြစ်သည်။ ဘိုးဘွားလက်ထက်က တည်းက သူကြီးမျိုးရိုးဖြစ်သည့်အတိုင်း ကျွန်ုပ်အရွယ်ရောက်လာ၍ ဖခင်ကြီးဆုံးပါးသွားချိန်တွင် အစဉ်အဆက်အတိုင်း မိုင်းမောရွာသူကြီး တစ်ယောက်ဖြစ်လာခဲ့သည်။ အင်္ဂလိပ်များ အုပ်ချုပ်သောကာလ ဖြစ် သည်။ ကျွန်ုပ်တို့ဒေသပတ်ဝန်းကျင်တွင် ရှေးခေတ်အခါက ပျူလူမျိုး များတည်ထောင်ခဲ့သော မိုင်းမောမြို့တော်ဟောင်းရှိသည်ဟု ပြောဆိုကြ သည်။

ကျွန်တော်သူကြီးဘဝဖြင့် အုပ်ချုပ်စဉ်ကာလအတွင်း ဘဝ တစ်သက်တာ ထူးဆန်းအံ့သြဖွယ်ကောင်းသော အတွေ့အကြုံများကို တွေ့ကြုံခဲ့ရာ နောင်လာနောက်သားများ သိရှိစေရန်အတွက် ဤမှတ်တမ်း အား ရေးသားပြုစုခဲ့ခြင်းဖြစ်ပေသည်။ ယခုအခါ ကျွန်ုပ်အသက်မှာ ၆၈ နှစ်ကျော်ပြီဖြစ်သည်။ ငှက်များရှေ့ခေါ်ကိုလည်း အမြင်းအထန်ခံစားရ လျက်ရှိသည်။ သေခါနီးရောဂါ ကာမလွန်သို့ သွားရမည်ဖြစ်သော် လည်း ကျွန်ုပ်မသေဆုံးမီ ထူးဆန်းအံ့သြဖွယ်ကောင်းသော ဖြစ်ရပ်ဆန်း အား အမှတ်တရမှတ်တမ်းတင်ရေးသားခဲ့ခြင်းဖြစ်ပေသည်။

ဝိုးလပြည့်တပေ



ကျွန်ုပ်အား အင်္ဂလိပ်အစိုးရများအုပ်ချုပ်စဉ်ကာလ ၁၉၈၉ ခုနှစ်တွင် မိုင်းမောရွာသူကြီးဦးမောင်ကြီး၊ ဒေါ်ငွေရမှ မွေးဖွားခဲ့သည်။ တစ်ဦးတည်းသောသားဖြစ်သည်။ ကျွန်ုပ်ငယ်စဉ်ကပင် ဥန္နပုတ်ရွာ ဆရာတော်ကြီးထံတွင် သဒ္ဒါ၊ သင်္ဂြိုလ်နှင့် မြန်မာစကားပြေများ စာတော်ကြီးများကိုသင်ကြားခဲ့ရသည်။

ထို့ပြင် ဆက်စွန် အမျိုးအနွယ်ဖြစ်သော အင်္ဂလိပ်အရေးပိုင် မင်းကြီး စီစီမက္ကွင်းတော့(ရှ်)က ကျွန်ုပ်အား သားအရင်းပမာ ချစ်ခင်သ ဖြင့် သူသွားလေရာနောက်သို့ ခေါ်သွားလေ့ရှိပါသည်။ အရေးပိုင်မင်း ကြီးကလည်း ကျွန်ုပ်အား အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာပေတို့ကို ကောင်း စွာသင်ကြားပေးခဲ့ရာ ကျွန်ုပ်မှာ အင်္ဂလိပ်စကားကိုလည်း ကောင်းမွန်စွာ ပြောဆိုတတ်သူတစ်ဦး ဖြစ်ပါသည်။

ကျွန်ုပ်၏ သခင်ကြီးဖြစ်သော အရေးပိုင်မင်းကြီး၏ လုပ်ငန်း တိုင်းအဝဝကိုလည်းလိုက်လံကူညီဆောင်ရွက်ပေးခဲ့ရသည်။ ကျွန်ုပ် အသက် ၂၅ နှစ် ပြည့်သည့်အချိန်တွင် ကျွန်ုပ်ဖခင်ကြီးဖြစ်သော သူကြီး ရုတ်တရက်ကွယ်လွန်သွားသောကြောင့် ကျွန်ုပ်သည် မိုင်းမော ရွာသူကြီးဖြစ်လာခဲ့သည်။ သူကြီးဖြစ်ပြီး ၃ လခန့်အကြာတွင် သခင်ကြီး မင်းသည် သပြေတောရွာဘက်သို့ လိုက်ပါခဲ့သည်။

ဝိုးလပြည့်တပေ

www.burmeseclassic.com

သခြေပြီတော့ရွာနှင့် မောင်းကျေးရွာသို့ မီးရထားလမ်းဖောက် လုပ်နေချိန်ဖြစ်သည်။ လုပ်ငန်းကိစ္စများကိုလည်း အရေးပိုင်မင်းမဂွာင်း တော့ကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်ကွပ်ကဲနေချိန်ဖြစ်သည်။ အလုပ် သမားများဖြစ်ကြသော အိန္ဒိယတိုင်းရင်းသား ဝရီးယား ကုလားများ သည် မြေယာများရှင်းလင်းခြင်း၊ မြေပေါက်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများ ကို ကျိုးနွံစွာနှင့် အားတက်သရော ဆောင်ရွက်နေကြသည်။

ကျွန်ုပ်အုပ်ချုပ်သော မိုင်းမောရွာအနီးသို့ မကြာမီမှာပင် မီးရထားလမ်း ရောက်ရှိတော့မည်ဖြစ်သောကြောင့် ကျွန်ုပ်ကိုယ်တိုင် ကလည်း အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိသည်။ မီးရထား လမ်းဖောက်လုပ်ရေးလုပ်ငန်းမှာ နှစ်လကျော်ကြာသည့်အချိန်တွင် မိုင်းမောမြို့ဟောင်းအနီးသို့ရောက်ရှိလာသည်။ အရေးပိုင်မင်းကြီးမဂွာင် တော့(၅)ဘာဝန်ပေးချက်အရ မီးရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း များထဲတွင် ကျွန်ုပ်ကိုယ်တိုင်နှစ်လကျော်ကြာသည်အထိ ကြီးကြပ်စီ ကွပ်ကဲပေးရပေသည်။

အလုပ်ကြမ်းလုပ်ကြသည့် ဝရီးယားကုလားများနှင့်အတူ ခြုံတောကြီးများကို ရှင်းလင်းခုတ်ထွင်ရခြင်း မြက်တောကြီးများကျ





များညှမ်းအား တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ရခြင်းတို့ကြောင့် နှိမ်မှာ ငှက်ဖျားရောဂါ ရခဲ့ပေသည်။

ကျွန်ုပ်ဘဝတစ်သက်သာတွင် ဘယ်လိုမှ မေ့မျောက်မရနိုင် သော နေ့တစ်နေ့ရှိခဲ့ပေသည်။ ထိုနေ့ကား ၁၂၉၁ ခုနှစ် သီတင်းကျွတ် ကြည့်နေ့(၁၇ အောက်တိုဘာ ၁၉၂၉ ခုနှစ်)ကြာသပတေးနေ့ သည်။ ထိုကဲ့သို့သော ထူးဆန်းသည့်တွေ့ကြုံမှုများ ရောင်မှာပင် ည်း တွေ့ကြုံဖူးမည်မထင်တော့ပေ။ မီးရထားလမ်းဖောက်လုပ်နေပြီး ရီးယားကုလားများသည် မြေကြီးများကို တူးဆွနေကြရင်း လွန်စွာ လှပသည့် မိန်းကလေးတစ်ဦး၏ရုပ်အလောင်းကို အမှတ်မထင် ရှိလိုက်ကြရပေသည်။

တွေ့ရသောနေရာမှာ မိုင်းမောတောင်ဘက်မြို့ဟောင်းကြီး ရှိ ဗိမ္မာန်ကြီးပေါက်ရိုးချောင်းကလေးအနီးတွင်ဖြစ်သည်။ ရုပ် လောင်းအား စဉ့်အခေါင်းဖြင့် ထည့်ထားပြီး စဉ့်အခေါင်းထဲတွင် ည်များဖြင့် စိမ်ထားသည်ကို တွေ့ရှိရပေသည်။ ဆေးရည်များမှာ ည်း ခန္ဓာကိုယ်တစ်ခုလုံးအားမြုပ်နေအောင် ဖုံးလွှမ်းထားခြင်းမရှိ ထဲလျောင်းနေသော မိန်းမပျိုလေး၏ ခန္ဓာကိုယ်ပေါ်တွင်လေးသိုမျှ

www.burmeseclassic.com



သာ ပုံဖော်ထားသည်။ ခန္ဓာကိုယ်နှင့် မျက်နှာပြင်ကိုလည်း ဆေး
များထဲတွင် ဗလုံးဗထွေးမတွေ့ရဘဲ ရှင်းလင်းပြတ်သားစွာဖြင့် တွေ့
ရသည်။ ကြည်ကြည်လင်လင် ထင်ထင်ရှားရှား မြင်တွေ့ရသည်
လည်း တစ်မျိုးထူးခြားနေပေသည်။

ဆံခေါင်းကြီးမှာလည်း မိန်းမငယ်လေး၏ ခန္ဓာကိုယ်အ
ကို အားနှင့် အံဝင်ခွင်ကျဖြစ်သည်။ အပေါ်ဘက်တွင်လချေးကျော
ကြည်ဖြင့် အလုံပိတ်ထားသည်။ လှပချောမောသော မိန်းမပျို
မီးရှူး ရုပ်အလောင်းအား အပြင်မှနေပြီး ပကတိအတိုင်းမြင်တွေ့ရသ
နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သော်လည်း ပုပ်ပွမှုးယောင်ခြင်းမရှိ
အသားအရေများကလည်း ဖြူဝင်းလျက်ရှိပြီး နှုတ်ခမ်းနှစ်လွှာမှာ နီ
ဆဲပင် မျက်ခုံး၊ မျက်တောင်၊ ဆံပင်တို့မှာလည်း နက်မှောင်တော
ပြောင်လျက် ပကတိမိန်းကလေးတစ်ယောက် ပုံစံမျိုးဖြစ်သည်။
ကိုယ်မှာလည်း လုံးဝပျက်စီးခြင်းမရှိပေ။ အစွမ်းထက်သော ဆေး
များနှင့် သိမ်းထားသောကြောင့်သာ ယခုထက်ထိ အသက်ရှင်စဉ်
အတိုင်း မြင်တွေ့ရသည်မှာ လွန်စွာမှ ထူးခြားအံ့သြဖွယ်ကောင်း
သည်။





ထိုကဲ့သို့ ဆေးရည်စိမ်ထားသော မိန်းမငယ်လေး၏ မျက်နှာ
ကို ကျွန်ုပ်မြင်တွေ့လိုက်ရသောအခါ ကျွန်ုပ်လွန်စွာမှ တုန်လှုပ်
ချောက်ချားသွားမိသည်။ အဘယ်ကြောင့်ဆိုသော် ဆေးရည်စိမ်ထား
သော မိန်းမငယ်မျက်နှာမှာ ကျွန်ုပ်ဇနီးသည်ဖြစ်သောမသီရိနှင့်
တစ်ထေရာတည်း တူနေပေသည်။

ဆေးရည်စိမ်ရုပ်အလောင်းမှ မိန်းမ၏ ရှည်လျားနက်မှောင်
သောဆံနွယ်တစ်ချို့တို့ကား ခန္ဓာကိုယ်အောက်တွင် ပါလျက်ရှိနေပြီး
တစ်ချို့ဆံနွယ်စလေးများမှာ ဆေးရည်ထဲတွင် လှပစွာ တလွင့်လွင့်ဖြော
လျက်ရှိသည်။

လည့်တိုင်ကျော့ကျော့လေးပေါ်တွင် အနက်စင်းကျား
ကျောက်ပုတီးကုံးလေးကို ဆွဲထားရာ မိန်းမငယ်လေး၏ အလှကိုပင်
မြှင့်စွက်ပြီးအလှသရုပ်ဆောင်းပေးထားသကဲ့သို့ ရှိသည်။ ဆင်စွယ်
ကဲ့သို့ ပြေပြစ်ချောမောသောလက်မောင်းတစ်နေရာတွင် ဝတ်ဆင်ထား
သည့် ရွှေနယားလက်ကြပ်ကလေးမှာလည်း မိန်းမငယ်လေးသည်
သာမန်အရပ်သူမဟုတ်ဘဲ ထီးနန်းအဆက်အနွယ်ထဲမှ ဖွားမြင်လာသူ
ကြီးမားမှုကို ဖော်ညွှန်းထားသကဲ့သို့ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရည်စိမ်ထားသော မိန်းမငယ်လေး၏ ရုပ်အလောင်းကို
တွေ့ရှိချိန်မှစ၍ ကျွန်ုပ်စိတ်များလှုပ်ရှားလာကြသည်။ ဘာကြောင့်
မှန်းမသိ အိမ်တွင်ကျန်ရစ်ခဲ့သော ကျွန်ုပ်ဇနီးသည် မသီရိအား ပြန်လည်
သတိရစေပြီးစိတ်မချနိုင်စွာ သောကများဖြစ်ပေါ်လာသည်။ အဆိုပါ
မိန်းကလေးနှင့် မသီရိတို့မှာ ဘာကြောင့်များ တစ်ပုံစံတည်း ချွတ်စွပ်
လာပြီးတွေ့ရပါသနည်း။ မသိမမြင်နိုင်သော အကြောင်းတရားများ
ရှိကောင်းရှိနေမည်ဖြစ်သည်။ မီးသကြီးပြဟ်ချိန်တွင် ထူးဆန်းသော အဖြစ်
အပျက်များမြင်တွေ့ခဲ့ရသည်။

ထိုစဉ်က အရေးပိုင်မင်း မတ္တင်းတော့(ရှ်)မှာ ခေတ္တမြို့ပိုင်
ရုံးစိုက်ရာ ညောင်ပင်ဆေသတွင် ရှိနေပေသည်။ မီးရထားလမ်းဖောက်
လုပ်ရေး စခန်းများသို့ တစ်ခါတစ်ရံမှသာ လာရောက်လေ့ရှိပြီး ကျွန်
သာလျှင်ကြီးကြပ်စီမံနေရသည်။ ထူးဆန်းသော ဆေးရည်စိမ်ထားသည့်
ရှေးခေတ်ပေါင်းမှ မိန်းမငယ်လေးရုပ်အလောင်းတွေ့ ရှိရကြောင်းကို
သခင်ကြီးထံသတင်းပို့တင်ပြရန်အတွက် ကျွန်ုပ် စီစဉ်ရပေသည်။

ဇရီးယားကုလားများ၏ ပေါ်လျှော့မှုကို ကျွန်ုပ်လှမ်းစွာ
စိတ်ဆိုးဒေါသထွက်မိသည်။ ဤကဲ့သို့ ထူးဆန်းသည့် မပုပ်မသိုးသော





မိန်းမငယ်လေးရုပ်အလောင်းကိုရရှိပါလျက် ပျက်စီးခြင်းဖြစ်အောင်
ထိုကြမ္မာက ဖန်တီးလိုက်သည်လား မသိပေ။ အုတ်တိုက်ပျက်တစ်ခု
ဖြစ်ပါနေ့တော့သော ရှေးဟောင်းအုတ်ခဲကျိုးမှဲ့ အပြိုအပျက်များကြားမှ
စိတ်ရှည်လည်ရှည်စွာခက်ခက်ခဲခဲတူးဖော်ယူခဲ့သည့် စဉ့်ခေါင်းတလား
ကြီးဖြစ်သည်။

အဆိုပါစဉ့်ခေါင်းကြီးအား နွားလှည်းပေါ်သို့ တင်ကြစဉ်
ဇရီးယားကုလားအလုပ်သမားများပေါ့လျော့မှုကြောင့် စဉ့်အခေါင်း
ခေါင်းပိုင်းမှာ လှည်းပေါ်မှ နောက်ပြန်လျှောကျပြီး ဦးခေါင်းပိုင်း
မှာ ပျက်စီးသွားတော့သည်။ အတွင်းထဲမှ ပြာလဲ့လဲ့အရောင်ရှိသော
ဆေးရည်များသည် အပြင်သို့ထွက်ကျလာကြသည်။ ကျွန်ုပ်မှာ ယူကျုံး
မရဖြစ်မိပြီး အမျိုးသမီးငယ်၏ ရုပ်အလောင်းကို မှင်တက်မိ၍ ငူးစိုက်
ကြည့်နေမိလိုက်သည်။

စဉ့်ခေါင်းအတွင်းမှ ထူးဆန်းသော ဆေးရည်များ အပြင်သို့
စီးလျှံထွက်ကျလာခြင်း၊ ပြင်ပမှလေထုနှင့်တွေ့ရှိခြင်းတို့ကြောင့် အမျိုး
သမီးငယ်၏ရုပ်ကလာပ်သည် ကျွန်ုပ်မျက်စိရှေ့၌ပင် ဖြောင်းပနေရာ
တဖြည်းဖြည်း ညှိုးမြည်းလာသည်။ ကြည့်နေရင်းမှာပင် ရုပ်များအဆင်း



www.burmeseclassic.com

www.burmeseclassic.com



ပျက် ဖြစ်သွားပေတော့သည်။ စောစောပိုင်းက စဥ့်ခေါင်းထဲတွင် တွေ့မြင်ခဲ့ရသော လှန်စွာမှချောမောလှပသည့် ရှုမငြီးဖွယ် နတ်သမီး လေးမှာ ကြောက်မက်ဖွယ် မကောင်းဆိုးဝါးအသွင်သို့ တမဟုတ်ချင်း ပြောင်းလဲသွားတော့သည်။ တစ်ခဏအတွင်းမှာပင် ဖြစ်ပျက်မှုများက မြန်ဆန်လွန်းလှသည်။

ကျွန်ုပ်ကိုယ်တိုင်ပင် မယုံကြည်နိုင်အောင်ဖြစ်ရပေသည်။ ကျွန်ုပ်တို့သည် ထိုရုပ်အလောင်းအား ထိုနေရာမှာပင် မီးသဂြိုလ်လိုက် ကြပေသည်။ မီးမသဂြိုလ်ခင် မိန်းမငယ်လေး၏ ဘယ်ဖက်လက် မောင်းတစ်နေရာတွင် ဝတ်ဆင်ထားသော ရွှေနယားလက်ကြပ်နှင့် စဥ့်ခေါင်းအနီးမှ ရှာတွေ့ရသော ပုရပိုက်တစ်ခုကို ကျွန်ုပ်အမှတ်တရ အဖြစ် လျှို့ဝှက်စွာသိမ်းဆည်းထားလိုက်သည်။

ရွှေနယားလက်ကြပ်မှာ အကောင်းဆုံးရွှေစင်ရွှေသားတို့နှင့် သွန်းလုပ်ထားသူဖြင့် ရွှေရည်ရွှေသွေးများမှာ ဝင်းအိလျှက်ရှိသည်။ ဦးခေါင်းတွင် ဆင်နှာမောင်းနှစ်ခု ဆင်စွယ်နှစ်ချောင်း၊ မြင်းနားရွက်နှစ်ခု နှင့် လည်ပင်းပတ်ပတ်လည်တွင် ဂဠုန်ရုပ်များကိုလည်း အဆန်းတကြယ် ထုလုပ်ထားသော လက်ရာအလွန်မြောက်သည့် ရွှေနယား လက်ကြပ်





တစ်ခုဖြစ်သည်။ တန်ဖိုးဖြတ်နိုင်စွမ်းမရှိသော ရှေးဟောင်းအမွေအနှစ် တစ်ခုဖြစ်သည်။

ပုရပိုက်တွင် ရေးထားသောအက္ခရာများမှာလည်း မွန်စာ မှာ သက္ကတစာပေအမျိုးအစား ဖြစ်နိုင်ချေရှိပြီး ကျွန်ုပ်များမလည်၊ ဖတ်နိုင်စွမ်းမရှိပေ။ တတ်ကျွမ်းနားလည်သော ရှေးဟောင်းပညာ ရှင်များနှင့် တွေ့ဆုံပါမှ ရေးသားထားသည့်အကြောင်းအရာများကို သိရှိရမည်ဖြစ်သည်။

စဥ့်ခေါင်းထဲတွင် နတ်သမီးတမျှ လှပချောမောပြီး ဆေး ညှိစိမ်ထားသော မိန်းမငယ်လေးနှင့်စတွေ့ရပြီး တခဏတွင်ပင် ရုပ်ဆင်းပျက်စွာပြောင်းလဲသွားခြင်းများကို မြင်တွေ့ခံစားလိုက်သော ကျွန်ုပ်အဖို့ စိတ်ပင်ပန်းလှုပင်ပန်းဖြစ်သွားသည်။ စိတ်ထဲတွင်လည်း အကြောင့်မှန်းမသိ မိုင်းမောရွာတွင်ကျန်ခဲ့သော ကျွန်ုပ်ဇနီးသည် သီရိကိုသာ အထူးတလည်သတိရ မြင်ယောင်နေမိသည်။

စဥ့်ခေါင်းထဲတွင်မြင်တွေ့လိုက်ရသော မိန်းမငယ်၏ မျက်နှာ င် သေီရိကိုမြင်နေရသလို မသီရိကိုယ်တိုင် ဆေးရည်စိမ်ထားသည့် ခေါင်းထဲတွင်လဲလျောင်းနေသည်လားဟု စိတ်ထဲတွင် .ဖေါ်ပြစ်



www.burmeseclassic.com

www.burmeseclassic.com



လာရသည်။ ကျွန်ုပ် အနားယူတော့မည်ဟုကြံစည်နေစဉ်မှာပင် မြင်းခွာ
သံများကြားရပြီး အပြင်းနှင်လာသော မြင်းတစ်စီးကိုမြင်တွေ့လိုက်
ရသည်။

ကျွန်ုပ်အနီးသို့ရောက်လာသောအခါ မိုင်းမောရွာမှ ကျွန်ုပ်
တပည့်ကျော်မင်းလုလင်အောင်ဘဖြစ်နေသည်။ အောင်ဘသည် မြင်းကို
အပြင်းနှင်လာပုံရသည်။ ထူးဆန်းသည်မှာလည်း အမောတကောနှင့်
ရောက်ရှိလာသော အောင်ဘမှာ မြင်းပေါ်မှမဆင်းဘဲ ရွာတွင် အလွန်
အရေးကြီးသောကိစ္စ ရှိနေပါကြောင်းယခုချက်ချင်း အမြန်ဆုံးပြန်လိုက်
ခဲ့ရန် လှမ်းပြောပြီးရွာဘက်ဆီသို့ ဒုန်းစိုင်းနှင်၍ ပြန်သွားလေသည်။

ကျွန်ုပ်သည်လည်း ကျွန်ုပ်မြင်းလိမ္မာကြီးဖြစ်သော ဝရမိန်အား
မြင်းဇောင်းမှ အမြန်ထုတ်ယူပြီးလွှားခနဲ ခုန်တက်ကာ ရွာဘက်ဆီ
သို့ တစ်ဟုန်ထိုးပြန်လာခဲ့သည်။ ကျွန်ုပ်ရှေ့တွင် အောင်ဘကလည်း
ရွာဆီသို့ ဦးတည်ပြီးမြင်ဒုံးစိုင်းသွားလျက်ရှိသည်။

ရွာထဲသို့ ရောက်ပြီးကျွန်ုပ်ခြံဝင်းကြီးထဲ ဝင်လိုက်သည်နှင့်
မျက်နှာမသာမယာရှိကုန်သော ရွာလူကြီးများ၊ ကျွန်ုပ်ဆွေမျိုးများကို
တွေ့လိုက်ရသည်။ ကျွန်ုပ်သည် မြင်းပေါ်မှ ဒရောသောပါး ခုန်ဆင်း





လိုက်ပြီး လူအုပ်ကြားမှ တိုးထွက်ကာ အိမ်ကြီးပေါ်သို့ အပြေးတက်လာ
ခဲ့သည်။ အိမ်ပေါ်သို့ရောက်သည်နှင့် ကျွန်ုပ်မျက်လုံးများမှာ မိုက်ခနဲ
ဖြစ်သွားသည်။ ကျွန်ုပ်တစ်ကိုယ်လုံးမှာလည်း လေးလံသော အရာ
ဝတ္ထုများနှင့်ဖိညှပ်ထားသလို တင်းကျပ်နာကျင်လျက်ရှိနေပေသည်။
အဘယ်ဖြစ်ကုန်သည်ကို ကျွန်ုပ်ကိုယ်တိုင် နားလည်နိုင်စွမ်းမရှိတော့ပေ။

အိမ်ပေါ်ရှိခုတင်ပေါ်တွင် မီးရထားဖောက်လုပ်ရာမှ မထင်
မှတ်ဘဲ တူးဖော်ရရှိခဲ့သည့် စဥ့်ခေါင်းထဲမှအမျိုးသမီးငယ် ရုပ်သွင်နှင့်
တစ်ထေရာတည်းတူသော ကျွန်ုပ်၏ဇနီးသည်လေး မသီရိသည် မထ
သော အိပ်စက်ခြင်းဖြင့် အိပ်စက်လျက်ရှိနေပေသည်။

ကျွန်ုပ်သည် ချစ်လှစွာသော ဇနီးသည်မသီရိရုပ်အလောင်း
အား တွေ့မြင်ကာ ရိုက်ကြီးတငင်ငိုကြွေးမိသည်။ ဖြစ်မှဖြစ်ရလေ
သီရိရယ်။ ကျွန်ုပ်၏စိတ်များတား တုန်လှုပ်ချောက်ချားလျက်ရှိသည်။
အကောင်းသားအမှန်သားနေထိုင်လျက်ရှိသော မသီရိမှာ ရုတ်တရက်
သေဆုံးသွားရခြင်းကိုလည်း ကျွန်ုပ်နားမလည်နိုင်အောင် ဖြစ်နေရသည်။
ကျွန်ုပ်သည် မသီရိရုပ်အလောင်းအား မပစ်ရက်သဖြင့် မိုက်မဲစွာကြံစည်
ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုင်းမောမြို့ဟောင်းအနီးတွင် တွေ့ခဲ့ရသော စဉ့်ခေါင်းကို ပြုပြင်ထားဆေးပြီး မသီရိ၏ ရုပ်ကလာပ်ကိုပြန်လည်ထည့်ကာ ပြာသာဒ်နှင့်ထားရှိရန် ကြံစည်ခဲ့မိသည်။ ထိုအခါကျွန်ုပ်၏ဆွေမျိုးသားချင်းများက ထိုကဲ့သို့ပြုလုပ်ရန် မသင့်လျော်သောကြောင့် မပြုလုပ်သင့်ကြောင်း တားမြစ်ပိတ်ပင်ခဲ့သည်။

ကျွန်ုပ်သည် ဆေးရည်စိမ်ထားသော အတတ်ပညာကို မကျွမ်းဘဲ ထိုသို့ထားရှိပါက အကျိုးမရှိနိုင်ကြောင်း ဝိုင်းဝန်းပြောဆိုကြသည်။ အမင်္ဂလာရုပ်ကလာပ်ကိုလည်း ကြာရှည်စွာထားရန် မဖြစ်နိုင်ပေ။ မသီရိအတွက် ကုသိုလ်ကောင်းမှုပြု၍ အမျှအတန်းဝေရသော အဓိကဖြစ်သည်ဟု ပြောဆိုကြသဖြင့် မသီရိရုပ်အလောင်းအား မိုင်းမောသင်္ချိုင်းမှာပင် မီးသဂြိုဟ်လိုက်ကြတော့သည်။ ထူးခြားသော တိုက်ဆိုင်မှုတစ်ခုပင်ဖြစ်မည်လား မပြောတတ်ပေ ကျွန်ုပ်တို့အဖို့လည်း ပြော၍ မကုန်နိုင်ဖွယ်ရာ အဖြစ်အပျက်တစ်ခုကိုလည်း မြင်တွေ့ခဲ့ရပေသည်။ ထိုနေ့ည ဆယ်နာရီခန့်အချိန်တွင် စိမ့်ကြီးပေါက်ချောင်ရိုး စဉ့်ခေါင်းထဲမှ အမျိုးသမီးငယ်ရုပ်အလောင်းအား မီးသဂြိုလ်ခဲ့သော နေရာလောက်ဆီမှ အစိမ်းရောင်မီးလုံးကြီးများတစ်ခုပြီးတစ်ခု တက်လာ





ပြီး မိုင်းမောသုသာန်အတွင်းရှိ မသီရိအား မီးသဂြိုဟ်ရာနေရာဆီသို့ ထူးဆန်းပြောင်းရွှေ့လာကာ ပျောက်ကွယ်သွားကြသည်ကို ကျွန်ုပ်နှင့်တကွ ရွာမှလူများပင် မြင်တွေ့ခဲ့ကြရပေသည်။

ကျွန်ုပ်လည်း ဇနီးချောလေး မသီရိ ထူးဆန်းတိုက်ဆိုင်စွာ သေဆုံးရမှုကြောင့် ဝမ်းနည်းပူဆွေးမှုဖြင့် သောကများ ဖိစီးလာခဲ့သည်။ အအိမ်ပျက်အစားပျက်နှင့် ရက်ရှည်လများ ကြာမြင့်လာသောအခါ အားအင်နည်းပါးနွမ်းနယ်စွာဖြင့် နဂိုကတည်းက ငှက်ဖျားရောဂါ အခံလည်းရှိခဲ့ရာ ကျွန်ုပ်အသက်ရှင်နေထိုင်ရမည့်ရက်မှာ သိပ်ကျန်ရှိတော့မည် မဟုတ်ပေ။

ကျွန်ုပ်မကွယ်လွန်ခင်တွင် ကျွန်ုပ်ကိုယ်တိုင်ထူးဆန်းစွာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို သားစဉ်မြေးဆက်သိရှိစေရန် ဤမှတ်တမ်းကို ရေးသားထားခဲ့ပါသည်။ သက်သေခံပစ္စည်းများဖြစ်သော ဓိရုထား လမ်းဖောက်လုပ်စဉ်က မမျှော်လင့်ဘဲ တူးဖော်ရရှိခဲ့သည့် ဆေးရည်စိမ်စဉ့်ခေါင်းကြီးနှင့်ရွှေနယားလက်ကြပ်အား ချောင်းချမြင့် ပြုဘဲ မပျောက်မပျက်ထိမ်းသိမ်းစောင့်ရှောက်ကြရန်နှင့် ကျွန်ုပ်ထိန်းသိမ်းဆည်းထားသော ပုရပိုက်ပါစာများ၏ အဓိပ္ပာယ်ကိုဖော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



*ပြီး ပုရပိုက်ပါစာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် မှတ်တမ်းရေးသားထားခဲ့လေသည်။*

*ဦးနေမင်း (မိုင်းမောသူကြီး)*

*၁၂၉၁ ခုနှစ် သီတင်းကျွတ်လပြည့် ကြာသပတေးနေ့*

❖ ❖ ❖

ကိုဝဏ္ဏအိမ်မှာရှိစဉ် သူကြီးဦးနေမင်း၏ မှတ်တမ်းကို မကြာမကြာဖတ်လေ့ရှိသည်။ ထူးခြားသည့် အပြုအမူများကို တွေ့ရသည်။ တစ်ယောက်တည်းစကားပြောနေတတ်သလို တစ်ခါတရံ အိမ်မှ ၁၀ ရက်ခန့်ပျောက်နေတတ်သည်။ ပြန်ရောက်လာရင်လည်း ငှက်ပျောခိုင်၊ အုန်းခိုင်၊ ပန်းသီး၊ သစ်တော်သီး စသည့် စားသောက်ဖွယ်ရာတစ်ခုခုကို လက်တွင်ကိုင်ဆောင်လာတတ်သည်။ ဘယ်ကယူလာတာလဲဟု မေးသော်လည်း ကိုဝဏ္ဏကိုယ်တိုင် ဘယ်ကရလာမှန်းမသိပေ။

သူကြီးဦးနေမင်း၏ ထူးဆန်းသောမှတ်တမ်းများသည်လည်း ဦးနေမင်းဝင်စားသူဟု ထင်မှတ်ထားသော ကိုဝဏ္ဏကိုယ်တိုင် လက်ခံ





ထုံးကြည်ထားသည်။ ရွှေနယားလက်ကြစ်နှင့် စဥ့်ခေါင်းကြီးတို့မှာလည်း ကိုဝဏ္ဏအတွက် လွှမ်းဆွေးကြေကွဲဖွယ်ရာအမှတ်တရပစ္စည်းများဖြစ်နေသည်။ မကြာခဏ ထူးထူးခြားခြားမက်တတ်သော အိပ်မက်ကိုလည်း ပြောပြခဲ့လေသည်။

'ဒီလိုညီမလေးရဲ့ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ် ဝတ်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့တွေ့တယ်။ သူက ပျိုမြင်းသမီးကလေး သီရိမာလာနေတဲ့ ကျောက်လှိုဏ်ဂူကိုခေါ်သွားတယ်။ မင်းသမီးကလေးအခုထိ အစ်ကို့ကို စောင့်နေတုန်းဘဲ။ အဲဒီနေရာက တောအရမ်းနက်တယ်။ ကျောက်လိုဏ်ဂူကြီးတစ်ခုရှိတယ်။ အဲဒီကျောက်လိုဏ်ဂူကြီးထဲမှာ ရွှေငွေရတနာတွေကလည်း အပုံလိုက် ရှိတယ်။ မြွေဗွေနဲ့သံတွေလည်း ကြားနေရတယ်။ ဘယ်နေရာမှာ ရှိတယ်ဆိုတာ သေသေချာချာတော့မသိရဘူး'

'အဲဒါတွေ အစ်ကိုအဘိုးဦးနေမင်းရဲ့ မှတ်တမ်းကိုဖတ်ပြီး စိတ်ထဲမှာ စွဲလမ်းနေတာ ဖြစ်မှာပါ'

'မဟုတ်သေးဘူး ညီမလေးပန်းငုံ။ တစ်ချိန်ချိန်ကျရင် မြင်းသမီးလေးရှိတဲ့ နေရာကို ရောက်အောင်သွားရမှာပဲလို့ စိတ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းနှိုးဆော်နေတယ်။ သွားရမှဖြစ်မယ်။ အစ်ကိုကိုယ်တိုင်က လည်း အဲဒီမင်းသမီးလေးကို အရမ်းမြင်ချင်တွေ့ချင်နေမိတယ်'

ကိုဝဏ္ဏ၏ ထူးဆန်းသော အိပ်မက်များကို ကြားရ၍ သူကြီး ဦးယက္ခနှင့် ဗလတို့ကလည်း စိတ်ဝင်စားသွားသည်။

'နေစမ်းပါဦး အဘိုးလေးမောင်ဝဏ္ဏရ၊ ရွှေတွေရတနာတွေ ရှိတဲ့ ကျောက်လိုဏ်ဂူကြီးကို တွေ့တယ်။ ပျူမင်းသမီးလေးတစ်ပါး လည်းရှိတယ်ဆိုတော့ သူကြီးဦးနေမင်းထားခဲ့တဲ့ ပုရပိုက်နဲ့ ပတ်သက် နေလားမသိဘူး။ ခက်တာက ပုရပိုက်မှာရေးထားတာက သူကြီးဦးနေ မင်းကိုယ်တိုင် မီးသဂြိုဟ်ပစ်လိုက်တယ်လို့ ရေးထားတယ်။ အဘိုးလေး ဝဏ္ဏအိပ်မက်ထဲမှာ ကျောက်လိုဏ်ဂူကြီးထဲမှာ ရှိတယ်လို့ မြင်မက် တယ်။ ဘယ်ဟာက အမှန်ဖြစ်မလဲမသိဘူး။ ပုရပိုက်မှာရေးထားတဲ့ အဓိပ္ပာယ်ကိုသိရရင် သိပ်ကောင်းမှာဘဲ'

'ဟုတ်တယ် အဖေ အဲဒီပုရပိုက်က ပျူမင်းသမီးလေးနေတဲ့ ကျောက်လိုဏ်ဂူထဲက ရတနာသိုက်ကို ညွှန်းထားတာလားမသိဘူး။ ဒီစာတွေကို ဖတ်တတ်ပြီး အဲဒီဂူကိုသာရှာတွေ့ရင် ကျွန်တော်တို့ သူဌေးဖြစ်ပြီ' လောဘရမက်ကြီးသော ဗလက ဝင်ပြောလိုက်သည်။





'ရွှေးဟောင်းရတဲ့မှာ ပစ္စည်းတွေဆိုတာက ထိုက်မှရတာမျိုး ပါ ဦးကြီး။ တောထဲတောင်ထဲသွားရှာပြီး ဦးကြီးတို့ ဒုက္ခရောက်နေ ဦးမယ်'

'ဘာပဲဖြစ်ဖြစ် ရှာကြည့်တာအကျိုးမယုတ်ပါဘူး။ နောက် ပြီးတော့ရော ဘိုးလေးဝဏ္ဏအိပ်မက်ထဲမှာ ထူးခြားတာတွေဘာတွေရော ရှိသေး'

'အဲ ထူးခြားတာဆိုလို့ အဲဒီဂူထဲမှာ အလွန်သပ္ပာယ်တဲ့ ကြာရုပ်တစ်ဆူကို ဖူးရတယ်။ ဟုတ်တယ် မြဘုရားတစ်ဆူလည်း ရှိတယ်'

'အဘိုးလေးမောင်ဝဏ္ဏရဲ့ အိပ်မက်တွေက တကယ်ထူးဆန်း တာဘဲ။ အဖိုးဦးနေမင်းရဲ့ မှတ်တမ်းတွေ၊ ငါတို့ဆီမှာရှိတဲ့ ရွှေနှယား ထိုးကြပ်၊ ဘိုးစဉ်ဘောင်ဆက်ထိမ်းသိမ်းလာတဲ့ စဥ့်ခေါင်းကြီးက လည်း တကယ်ရှိနေတော့ ပျူမင်းသမီးလေးရဲ့သချိုင်းဟာ မိုင်းမော တောပြီးထဲမှာ ရှိချင်ရှိနေမှာပဲ။ တခြားပျူမင်းသမီးလေးတစ်ပါး ဆေး ညည်စိမ်ထားတာလည်းဖြစ်ချင်ဖြစ်မယ်။ နှစ်ကာလတွေ ကြာလာလို့ သူတွေနိုင်အောင်ပျောက်ဆုံးနေတာလည်းဖြစ်မယ်။ ဒီတော့ ဗလ



www.burmeseclassic.com

www.burmeseclassic.com



မင်းသားပညာတွေရဲ့ မှုခိုးတွေကို သေချာပြောပြပြီး မိုင်းမောတောကြီး ထဲမှာ ရှာကြည့်တာပေါ့ကွာ၊ မိုင်းမောရတနာသိုက်ဟာ ရှိကိုရှိတယ် လို့ငါထင်တယ်"

ထိုအချိန်မှစပြီး သူကြီးယက္ခနှင့်ဗလတို့အဖွဲ့သည် ရှာဖွေ စူးစမ်းထောက်လှမ်းကြသည်။ သို့သော်လည်း နှစ်ကာလများ ကြာ သည်အထိ ရှာမတွေ့နိုင်အောင် ဖြစ်ခဲ့ရသည်။ သူကြီးဦးယက္ခ လက် ထဲတွင်ရှိသော ရှေးဟောင်းပုရပိုက်မှာလည်း ပျောက်ဆုံးသွားရသည် သို့ ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ ရှေးဟောင်းပုရပိုက်စာသတ္တုတစ်ခု ကို နားလည်သော လူတစ်ယောက်ကိုလည်း ရှာဖွေစုံစမ်းလျက်ရှိကြ သည်။

ထိုစဉ်မှာပင် ကိုဝဏ္ဏတစ်ယောက် မြနန္ဒီရွာကလေးမှ ထူးဆန်း စွာ ပျောက်ကွယ်သွားတော့သည်။ ကိုဝဏ္ဏတစ်ယောက် မြနန္ဒီရွာက လေးမှ ထွက်ခွာသွားသည်ကို နောက်ဆုံးအနေနှင့် တွေ့ဆုံလိုက်ရသူမှာ ဆေးဆရာကြီးဦးဒေဝဖြစ်သည်။ နတ်ထိပ်တောင်မှ ပရဆေးဖက်ဝင် သော သစ်ဥသစ်ဖုဆေးမြစ်များကို ရှာဖွေပြီးပြန်လာသော ဦးဒေဝနှင့် မိုင်းမောတောင်ဘက် မြို့ရိုးဟောင်းအနားရှိ စိမ့်ကြီးပေါက် ရိုးချောင်း





အနားတွင် ဆုံခဲ့ခြင်းဖြစ်သည်။ အဆိုပါနေရာမှာ သူကြီးဦးနေမင်း မှတ်တမ်းတွင်ပါရှိသော ပျူမင်းသမီးလေးအား စဥ့်ခေါင်းကြီးတွင် အေးချေမ်းစိမ်ထားသည်ကို တူးဖော်တွေ့ရှိခဲ့ရသည့်နေရာ ဖြစ်သည်။ ပျောက်ဆင်းပျက် သွားသော မင်းသမီးလေးအား သင်္ဂြိုဟ်ခဲ့သော နေရာ လည်း ဖြစ်သည်။ ပျူမင်းသမီးလေး မရှိတော့သည်ကို ကိုဝဏ္ဏက အကြောင့် လိုက်လံရှာ ဖွေနေရပါသနည်း။

"ဟုတ်တယ်သူကြီး၊ ကျုပ်နဲ့တွေ့ခဲ့တာ အဲဒီနေရာမှာပဲ။ ကျုပ်ကတောင် မောင်ဝဏ္ဏကိုပြောလိုက်သေးတယ်၊ တောထဲတောင်ထဲ တစ်ယောက်တည်း လျှောက်မသွားနဲ့ဦး၊ အန္တရာယ်ရှိတယ်လို့တောင် သတိပေးစကားပြောခဲ့သေးတယ်။ ဒါပေမဲ့ မောင်ဝဏ္ဏကတော့ ကျုပ် ပြောတာကို အလေးမထားဘူး၊ ပျူမင်းသမီးလေး သီရိမာလာက သူ့ကိုခေါ်နေပြီလို့ ပြောပြီး ဆက်ထွက်သွားတာပဲ"

ပန်းငုံကတော့ အစ်ကိုဖြစ်သူအတွက် စိုးရိမ်နေမိသည်။ ထိုဝလနှင့် တပည့်များကလည်း ကိုဝဏ္ဏထွက်သွားသည့် လမ်းကြောင်း အတိုင်း ရှာဖွေစုံစမ်းကြည့်သော်လည်း ခြေရာလည်းပျောက်၊ အရိပ် လည်းနောက်သကဲ့သို့ ဖြစ်ရသည်။ ပန်းငုံသည် ထူးဆန်းသောအိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



များမက်ပြီး ထူးထူးဆန်းဆန်း ပြုမူဆောင်ရွက်တတ်သော ကိုဝဏ္ဏအ
ကြောင်းကို တွေးမိပြီး မျက်ရည်များနှင့် စိုးရိမ်သောကဖြစ်နေရလေ
တော့သည်။

❖ ❖ ❖

သူ့နားထဲတွင် ခေါင်းသံများ ကြားနေရသည်ဟု ထင်သည်။
သူ့စိတ်များကလည်း လေထဲတွင် မျောလွင့်ပါနေသည်ဟု ခံစားနေ
ရသည်။ ကိုဝဏ္ဏသည် တစ်ယောက်တည်း တောတိုးဝင်လာခဲ့ရာ
တောနက်ထဲသို့ ဝင်ရောက်မိမှန်းမသိ ဝင်ရောက်လာမိလေတော့သည်။

အိမ်မှထွက်မလာခင်ညက ထူးဆန်းသည့်အဖြစ်အပျက်ကို
ပြန်လည်အမှတ်ရနေမိလိုက်သည်။ ထိုညကလည်း ယခင်က မကြာ
မကြာမက်လေ့ရှိသော အိပ်မက်ကိုပင် ပြန်မက်ပြန်လေသည်။ အိပ်မက်
ထဲတွင်သူသည် ကြီးမားသောတောနက်ကြီးတစ်ခုထဲသို့ ရောက်နေ
သည်။ လိုဏ်ဂူကြီးထဲမှခေါင်းသံများကို ကြားနေရသည်။ ငြိမ့်ညောင်း
သာယာသော ဂီတသံများကိုလည်း ကြားနေရသည်။ မြဘုရား
တစ်ဆူကိုလည်းဖူးတွေ့ရသည်။





'မောင်တော်... မောင်တော်... နှမတော်လေး သန္တာရှိစွာ
စောင့်နေပါတယ် အမြန်လာခဲ့ပါ မောင်တော်ရယ်'

မိန်းကလေးတစ်ဦး၏ ကရုဏာသက်ဖွယ် ခေါ်ဆိုတမ်းတသံ
များ ဖြစ်နေသည်။

ထိုစဉ်မှာပင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ပုဂ္ဂိုလ်တစ်ဦး
ပေါ်လာသည်။

'သန္တာရှိစွာ စောင့်မျှော်နေတဲ့ သီရိမာလာ မင်းသမီးလေးထံ
သွားဖို့ အချိန်တန်ပါပြီ အရှင့်သား။ ကျွန်ုပ်ခေါ်ရာ နောက်ကို လိုက်
ခဲ့ပါ'

ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်၏ စကားပြောသံ ကြားလိုက်ရ
ပြီး ပျောက်ကွယ်သွားသလို ကိုဝဏ္ဏ အိပ်ရာမှ ဖျက်ခနဲ နိုးလာသည်။
သူ့အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သောအခါ ဖြူဖြူအရိပ်တစ်ခုသည်
သူ့အား စောင့်စားနေသလိုထင်ရသည်။ အိမ်ပေါ်မှ ဆင်းသက်လိုက်
သောအခါ ညအမှောင်ထဲတွင် မီးခိုးငွေ့လိုလို ဖြူဖြူရိပ်ရိပ်သည်
ရွေ့လျားပြီးသူ့အရှေ့မှ လမ်းပြခေါ်ဆောင်နေကဲ့သို့ လွင့်ပါသွားသည်။
ကိုဝဏ္ဏသည်လည်း နိုးတစ်ဝက်အိပ်မက်နှင့် စမ်းတဝါးဝါး လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်နေရသူပမာ အဆိုပါအရိပ်ဖြူနောက်သို့ လိုက်ပါလာခဲ့လေသည်။

မြနှင်းရွာကလေးနှင့် အလှမ်းကွာဝေးသော မိုင်းမောတောကြီးထဲသို့ ဘယ်ကနေဘယ်လိုလုပ်ပြီး ရောက်လာမှန်းမသိပေ။ ထိုစဉ်မှာပင် လေပြင်းများ ရုတ်တရက် တိုက်ခိုက်လာသည်။ လေပြင်းနှင့်အတူ မိုးရိပ်မိုးငွေ့ပါ ပါလာသည်။ ကိုဝဏ္ဏတစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်လာသည်။

မိုင်းမောတောကြီးအလယ်သို့ ရောက်နေသဖြင့် မိုးခိုရန် နေရာတစ်ခုကို ရှာရပေတော့မည်။ လေတိုက်နှုန်းကလည်း တဖိုးဖိုးနှင့်ပြင်းထန်လှပေသည်။

'သစ်ပင်တွေအောက်မှာနေရင် သစ်ကိုင်းတွေ ကျိုးကျနိုင်တယ်။ အန္တရာယ်များတယ်။ ကျောက်ဆောင်ကျောက်ဂူတွေရှိမယ့်နေရာကိုရှာရမယ်'

စိတ်ထဲတွင် ထိုသို့တွေးမိရင်း အားသွန်ခွန်စိုက်ပြေးလွှားလိုက်သည်။ မိုးကလည်း တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် ပြင်းထန်စွာ ရွာချလာသည်။ ပြေးမိပြေးရာပြေးထွက်လာရင်း ကျောက်ကမ်းပါးစွန်းတစ်ခု





သို့ ရောက်လာသည်ကိုလည်းသူမသိပေ။ လေတိုးအားနှင့်အတူ ကိုယ်ကိုမထိန်းနိုင်တော့ဘဲ အောက်သို့ ထိုးကျသွားသည်။ ကျောက်ကမ်းပါးကလည်း နက်ရှိုင်းသော ကျောက်ကမ်းပါးဖြစ်သည်။ အောက်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ရှင်နိုင်စရာအကြောင်းမရှိပေ။

ကိုဝဏ္ဏစိတ်ထဲတွင်လည်း စိုးရွံ့ထိပ်လန့်သွားမိသည်။ ဒီဆိုလျှင် ကျောက်ကမ်းပါးစွန်းမှ ပြုတ်ကျပြီး မကြာခင် သူသေရတော့မည်ဖြစ်သည်။ သူသေဆုံးသွားလျှင် ဝိညာဉ်ဖြစ်သွားမည်။ ဝိညာဉ်ရောက်မှ ပျိုမြင်းသမီးလေးကို တွေ့ရမှာပါလား။ ကိုဝဏ္ဏ သေလို့မသေခင်မှာ အသက်ရှင်လျက်တွေ့ဆုံလိုသူ ဖြစ်သည်။

အရှိန်နှင့် ထိုးကျရာမှ အပြင်ဘက်သို့ ထိုးထွက်နေသော ကိုင်းကြီးတစ်ကိုင်းပေါ်သို့ထိုးကျလာသည်။ ကိုဝဏ္ဏခေါင်းသည် ကိုင်းများနှင့် ရိုက်မိလိုက်ပြီး မူးဝေနောက်ကျိသွားသည်။ အရှိန် သော်လည်း မြေပြင်ပေါ်သို့ရောက်သောအခါ ကိုဝဏ္ဏ လုံးဝသတိ တော့ချေ။ ထိုသို့ သတိမေ့မောသွားချိန်မှာပင် ပျိုမြင်းသမီးလေးနှင့် ဘဝ အတိတ်ဇာတ်ကြောင်း ပြန်ပေါ်လာသည်။

အမြင်အာရုံတွင် အိပ်မက်လိုလို တကယ်လိုလို မှုန်မှိုင်းရှင်



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဝင်ခန်းများ တစ်ခုပြီးတစ်ခု ကြည့်ရှုနေရသကဲ့သို့ ပြန်လည်မြင် တွေ့နေရသည်။ အတိတ်ဘဝက ကိုဝဏ္ဏကျော်လည်ခဲ့ရသော အဖြ ယောင်းများ၊ မိုင်းမောရွှေပြည်ကြီးအတွင်းမှ ဖြစ်ပျက်ခဲ့ရသည်များကို အထင်းသားပြန်လည်မြင်တွေ့လိုက်ရပေတော့သည်။

❖ ❖ ❖



## မိုင်းမောရွှေပြည် ပျူမြို့တော်

ကျွန်ုပ်အမည်မှာ သူရိယရာဇာဟုခေါ်သည်။ မိုင်းမောပြည့်ရှင် မဟာရာဇာမင်းကြီး၏ တစ်ဦးတည်းသော သားရတနာတစ်ပါးဖြစ် သည်။ ကျွန်ုပ်တို့၏ ဘိုးဘွားအစဉ်အဆက် တည်ထောင်ခဲ့သော မိုင်းမောရွှေပြည် နေပြည်တော်ကြီးကား တံတိုင်းသုံးတန်တို့ဝိုင်းပတ် ထားပြီး လွန်စွာမှခန့်ညားထည်ဝါသော ရွှေပြည်မြို့တော်ကြီး ဖြစ်ပေ သည်။

ရွှေနန်းတော်ကြီးမှာလည်း စက်ဝိုင်းပုံမြို့ရိုးကြီး၏ အလယ် ဗဟိုတည့်တည့်တွင်တည်ဆောက်ထားသည်။ ရွှေပိန်းချတံတိုင်းကြီး များနှင့် ရွှေနန်းတော်ကြီးမှာလည်း နေရောင်အောက်တွင် ဝင်းဝါလျက် ဖြောင်လျက်ရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်ကြီး၏ မြောက်ဘက်တွင် မဟာသိမ်တော်ကြ နှင့်တကွ သာသနိကအဆောက်အဦများ၊ အရှေ့ဘက်တွင် နန်း စေတီတော်နှင့်မဏ္ဍာကန်တော်ကြီး၊ တောင်ဘက်တွင် သဘင်ဂီ ဇာတ်ရုံတော်ကြီးနှင့် အနောက်ဘက်တွင် လက်မှုအလုပ်ရုံများ အသီးသ တည်ရှိနေကြသည်။

သာသနိက အဆောက်အဦများကို ခြေလေးချောင်း အုပ ပလ္လင် သို့မဟုတ် ပစ္စယာပေါ်တွင် 'အဏ္ဍ'ခေါ် ထုလုံးခြ အဆောက်အဦများကို ထပ်ဆင့်တည်ထားသည်။ ပစ္စယာများမှာမြင့် အပေါ်သို့တက်ရောက်နိုင်ရန် အုတ်လှေကားများလည်း ရှိနေပေသည် အုတ်ပစ္စယာများတွင် ဖောင်းရိုနန်းများကိုလည်း အတိုးအဆုတ ပုံသဏ္ဍာန်လှပအောင် ပုံဖော်ထားသည်မှာလှန်စွာမှ လက်ရာမြော လှပေသည်။

ကျွန်ုပ်တို့ မျိုးလူမျိုးတို့ကား ပန်းရံ၊ ပန်းပု၊ ဗိသုကာအတတ် ပညာများကို ကျွမ်းကျင်စွာတတ်မြောက်ထားကြသူများသည် မှန်မြတ် ကျက်သရေမင်္ဂလာရှိသော 'ဘဒ္ဒပီဌ'ရုပ်ကြွများသွင်းထု ပြုလုပ်နိုင်ရ အုတ်ချပ်များကိုသီးသန့် စီမံပြုလုပ်ခဲ့ကြသည်။





ရှေးယခင်က သီဝနတ်ကိုးကွယ်သောအယူဝါဒ မဟာယန ဗုဒ္ဓအယူဝါဒနှင့် ဟိနယဗုဒ္ဓဝါဒ ကိုးကွယ်ခဲ့ကြသော်လည်း ယခုအခါ ကျွန်ုပ်တို့မှာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ကိုးကွယ်ပူဇော်ကြ သည်။

မြို့ရိုးနားထိ လူနေအိမ်ခြေများရှိသလို ဖြောင့်ဖြူးညီညာသော လမ်းများ၊ အုပ်အုပ်ဆိုင်းဆိုင်းသစ်ပင်များ၊ သစ်သီးဝလံပင်များနှင့် စိမ်းလန်းစိုပြည်စွာတည်ရှိသော မိုင်းမောရွှေမြို့တော်ဖြစ်သည်။

ကျွန်ုပ်သည် ရွှေနန်းဆောင်များရှေ့ရှိ အုတ်စီခင်းထားသော လမ်းမကြီးအတိုင်းလျှောက်လာမိသည်။ ဂီတကဇာတ်ရုံအဆောင် တော်ကြီးမှ သာယာငြိမ့်ညောင်းသော တေးဂီတသံများကို ကြားနေ ရပေသည်။ ကျွန်ုပ်သည် ကဇာတ်ရုံကြီးအတွင်းသို့ လှမ်းဝင်လာ ခဲ့သည်။

ကဇာတ်ရုံအတွင်း၌ခန်းလုံးပြည့် နီညိုရောင်ပန်းတော်ဇော်ကြီး တို့ ခင်းထားသည်။ အတွင်းနံရံများမှာလည်း ပန်းဆွဲပြတင်းပေါက်များ ရွှေ များနှင့် မှန်စီမံပြုလုပ်ဆင် ချယ်သထားသည်။ ခန်းမဆောင်ကြီးအတွင်း သို့ကျွန်ုပ်ဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ထဘီအပြာကိုဝတ်၍



www.burmeseclassic.com

www.burmeseclassic.com



အချိုးအဆစ်ပြေပြစ်သော ခန္ဓာကိုယ်အား နုံသာရောင်ပုဝါပါးပါးလေးဖြင့် လွှမ်းခြုံထားသော ကချေသည်မကလေးများသည်။ ကျွန်ုပ်အား လက်နှစ်ဖက်ယှက်၍ ဦးညွှတ်အရိုအသေပြုလိုက်ကြသည်။ ဤသည်ကား ကျွန်ုပ်တို့၏ ယဉ်ကျေးမှုဓလေ့ အစဉ်အလာပင်ဖြစ်သည်။

လက်ပံမှိုမှရသော ချည်ဖြင့်ရက်လုပ်ထားသည့် ပုဆိုးဖြူကို ခါးပုံစချ၍ ကျနစွာ ဝတ်ဆင်လာသော ကျွန်ုပ်သည် ပုလဲသွယ်များတွင်တွဲရရွဲဆွဲထားသော သံပုရာခွံဦးထုပ်အား ဦးခေါင်းမှ အသာအယာချွတ်ယူ မြှောက်လိုက်ပြီး ပြုံးရွှင်စွာ ပြန်လည်နှုတ်ဆက်လိုက်ပေသည်။ အဆိုအကအဖွဲ့မှ ခေါင်းဆောင်ဖြစ်သော ပျူမင်းသမီးချောကလေး သီရိမာလာသည် ကျွန်ုပ်အနီးသို့ သိမ်မွေ့ညင်သာစွာ လှမ်းလျှောက်လာသည်။

စိုစွတ်နီရဲသော သူ၏နှုတ်ခမ်းဝေါမှ အပြုံးရိပ်ကလေးသည် ကျွန်ုပ်ရင်ထဲသို့ အေးမြလန်းဆန်းသွားစေသည်။

ကျွန်ုပ် သိလိုသောကိစ္စအား မေးကြည့်မိသည်။

'သီချင်းတွေကျင့်နေကြတာ ဘယ်နှပုဒ်လောက် လေ့ကျင့်ပြီးပြီလဲ သီရိမာလာ'





'ဆယ်ပုဒ်လောက်ကိုတော့ ကျေကျေညက်ညက်လေ့ကျင့်လို့ ပြီးပါပြီ အရှင်သား'

'အေးအေး ကြိုးသားကြကွယ်၊ တို့များရဲ့ ပျူသဘင် အနုပညာဆိုတာက ခေတ်အဆက်ဆက် ယဉ်ကျေးမှုအမွေတွေကို မပျောက်မပျက်အောင် ထိမ်းသိမ်းလာခဲ့ကြတာမဟုတ်လား၊ အခွင့်အခါ ကြုံလို့ တိုင်းတစ်ပါးဖြစ်တဲ့ တရုတ်နေပြည်တော် ချန်အန်းမှာ အစွမ်းကုန်ပြသနိုင်ဘို့ အားတက်သရောကြိုးပမ်းကြ၊ လိုအပ်တဲ့အခက်အခဲတွေရော ဘာများရှိကြပါသလဲ ပြောပြပါ အမိတို့'

'ဘာမှမရှိပါဘူးအရှင်သား'

ကျွန်ုပ်သည် ပျူကချေသည် မိန်းကလေးများကို ကျော်လွန်ပြီး ပျူတူရိယာလုလင်များအနီးသို့ ချဉ်းကပ်လာခဲ့သည်။ ဂီတအဖွဲ့ခေါင်းဆောင်များနှင့် ဆက်ပြီးစကားပြောမိသည်။

'ချန်အန်းမှာရှိတဲ့ ထန်ကေရာဇ်ဆီကို သံခင်းတမန်ခင်းနဲ့ အတူ ပျူတူရိယာဂီတအဖွဲ့လည်း လိုက်ပါသွားဖို့စီစဉ်ထားကြတယ် မဟုတ်လား။ ဒီအရေးမှာ အမတ်ကြီးမဟာသေနက ဦးဆောင်အုပ်ချုပ်ပြီး ခေါ်သွားရမှာဖြစ်တယ်။ ကျွန်ုပ်တို့ရဲ့ ပျူဂီတသဘင်နဲ့ အနုပညာ



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်ကို အစွမ်းကုန်ကြိုးပမ်းပြီး တင်ဆက်ပြသရမှာပဲ။ ခရီးမထွက်ခင်မှာ ဘယ်လိုစီမံဆောင်ရွက်ထားကြမယ်ဆိုတာ တင်လျှောက်ကြပါဦး'

'မှန်လှပါ အရှင်သား… အနုပညာရှင်အနေနဲ့ ၃၅ ဦးပါရှိမှာဖြစ်ပါတယ်။ တူရိယာပစ္စည်းကတော့ အားလုံး ၂၂မျိုးပါဝင်ပါတယ်။ အသံ ၈မျိုးနဲ့ တီးမှုတ်ဖျော်ဖြေကြပါမယ်။ သီချင်း ၁၅ပုဒ်ကို လည်း စီစဉ်ထားပါတယ်။ အစမ်းလေ့ကျင့်သီဆိုတီးမှုတ်ကြရမှာ ဆယ်ပုဒ်ကတော့ နရီစည်းဝါးအကိုက်လေ့ကျင့်တတ်ကျွမ်းနေကြပါပြီ အရှင်သား'

'ကောင်းပြီလေ၊ အားလုံး ကိုယ့်တာဝန် ကျေပွန်အောင် အားစိုက်ကြိုးပမ်းကြစေချင်တယ်'

'မှန်လှပါ့ အရှင်းသား'

ဤသို့ဖြင့် နောက်တစ်လခန့်အကြာတွင် သီဆိုတီးမှုတ်ကချေမှုများသည် အားလုံးကျေညက်ကျွမ်းကျင်စွာလေ့ကျင့်ပြီးစီးသွားသည်။ တိုင်းတပါးဖြစ်သော တရုတ်ပြည်ချန်အန်သို့သွားရောက်ပြီး ဖျူ့သဘင်ပညာကို ထုတ်ဖော်ပြသရန်အခွင့်ရရှိခဲ့သည်။ အဆိုပါခရီးတွင် ကျွန်ုပ်ကိုယ်





တိုင် လိုက်ပါလာခဲ့သည်။ နန်ချောင်တို့၏ အကူအညီဖြင့် ချန်အမ်သို့ ခရီးထွက်ခဲ့ရာ ငါးလခွဲကြာမှ ရောက်ရှိလာသည်။

တရုတ်တို့သည် ကျွန်ုပ်တို့၏ မိုင်းမောမြို့ကို 'လူမင်'ဟု ခေါ်ပြီး ကျွန်ုပ်တို့ဖျူ့လူမျိုးများအား 'ဖူလောင်ကျူ့'ဟု ခေါ်ဆိုကြသည်။

တရုတ်လူမျိုးများသည် လွန်စွာမှ ခေါ်ဝတ်ကျေပြန်သော လူမျိုးများဖြစ်ကြသည်။ ကျွန်ုပ်တို့ဖျူ့ယဉ်ကျေးမှု သဘင်ပညာအဖွဲ့အား ကောင်းစွာဆီးကြို ခေါ်ခဲ့ကြသည်။ ကျွန်ုပ်တို့အဖွဲ့ကလည်း ဗုဒ္ဓဝါဒနှင့်ပတ်သက်၍ သီကုံးရေးဖွဲ့ထားသော သီချင်း ၁၅ ပုဒ်အား ထည်ဝါခန့်ငြားသော ပြကွက်၊ ရိုးသားညှက်ညောသော သံစဉ်နှင့်နှောင်းလှပသော ကကြိုးကကွက်များနှင့် သီဆိုတီးမှုတ်ကပြခဲ့ကြသည်။

သီချင်းများကိုလည်း ဗုဒ္ဓတံဆိပ်တော်များဖြစ်ကြသည်။ အင်ကြင်းပန်းပွဲ၊ ချိုးဖြူရှုန်၏ ငြိမ်းချမ်းမှု၊ ဥဒေါင်းမင်း စသည်ဖြင့် အမည်များပေးခဲ့ကြပေသည်။

တရုတ်ပြည်မှ ထန်စေကရာဇ်ကြီးကိုယ်တိုင် ကျွန်ုပ်တို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အား စိတ်ဖိဝင်စားကာ အားပေးခဲ့သည်။ ပျူဂိတာ၏ ငြိမ့်ညောင်းသာယာပုံ ကချေသည်တို့၏ ဆန်းကြယ်သော ဝတ်စားဆင်ယင်မှု အလှပြင်ဆင်မှုနှင့် သရုပ်ဖော်ကပြပုံ အတီးအက ပနံရပုံ သာယာနာပျော်ဖွယ်ကောင်းသော ဆိုသံ စသည်တို့ကို ကျွန်ုပ်တို့အဖွဲ့ မကပြမီကပင် အခမ်းအနားတွင် ရှင်းလင်းတင်ပြဘာသာပြန်ပေးခဲ့ကြသည်။ ကျွန်ုပ်တို့အဖွဲ့အား တရုတ်ပြည်တွင် အများက ချီးကျူးထောပနာပြုကာ အောင်မြင်မှုများရခဲ့ပေသည်။

ချန်အန်းတွင် တစ်လနီးပါးခန့် နေထိုင်ခဲ့ကြရသည်။ ထန်ကေရာဇ်မင်းကလည်း ကျွန်ုပ်တို့အဖွဲ့အား လက်ဆောင်ပဏ္ဏာတော်များ ချီးမြှင့်ခဲ့ကြသည်။ အပြန်ခရီးကား ငါးလကျော်ကျော်မျှကြာမြင့်ခဲ့ပြီးနောက်မှ မိုင်းမော နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အသွားအပြန် ၁ နှစ်နီးပါးမျှကြာမြင့်ခဲ့သော တရုတ်ပြည်သွားခရီးစဉ်တွင် ကျွန်ုပ်နှင့် ကချေသည်မလေး သီရိမာလာတို့သည် သွားအတူလာအတူ မခွဲမခွာရှိခဲ့ရာမှ တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ကြိုးလေးများရစ်ပတ်နှောင်ဖွဲ့တွယ်တာလာခဲ့ကြသည်။





တစ်ယောက်မျက်နှာတစ်ယောက် မကြည့်မမြင်ရလျှင် မနေနိုင်လောက်သည့် အခြေအနေသို့ပင်ရောက်ရှိခဲ့ကြသည်။

◆ ◆ ◆

မိုင်းမောနေပြည်တော်သို့ ပြန်လည်ရောက်ရှိကြပြီးနောက် တစ်ညနေတွင် ကျွန်ုပ်တို့နှစ်ဦးသည် အရှေ့ဘက်ရှိ ရွှေတံခါးမှ ထွက်ခဲ့ကြသည်။ မြို့ရိုးအပြင်ဖက်ရှိ သဲဖြူချောင်းစပ်သို့ ရောက်လာသောအခါ ကြီးမားသော ညောင်ညိုပင်ကြီးအောက်တွင် အမောဖြေထိုင်လိုက်ကြသည်။

သဲဖြူချောင်းမှ တသွင်သွင်တငြိမ့်ငြိမ့် ရေစီးသံများကို ကြားနေရသည်။ ချောင်းတစ်ဖက်ကမ်းတွင် စိမ်းစိုမြူးကြွနေသော ငပါးခင်းများ နှံစားပြောင်းခင်းများသည် လေအနှေ့တွင်မြူးဆော့ ယိမ်းထိုးနေကြသည်။

စိုက်ခင်းများပေါ်မှ ဖြတ်ပျံသွားသော ဗိုင်းဖြူတစ်အုပ်သည် နောက်ခံကောင်းကင်တိမ်သားပြာပြာထဲတွင် ပထာရလှသည်။ ကောင်းကင်ပေါ်သို့ထိုးတက်တော့မည့်ဟန် မြင့်မားသော နတ်ထိပ်တောင်တန်း



www.burmeseclassic.com

www.burmeseclassic.com



များတွင် ပြေးဝင်ကွယ်ပုန်းတော့မည့် နေလုံးနီနီက ညနေခင်း သဘာဝ ရောင်စဉ်များ ယှက်ဖြာနေပေသည်။

'ဘာတွေများ အတွေးနယ်ချဲ့နေပါသလဲ နှမတော်'

အဝေးသို့ငေးမျှော်ရင်း ခွေးလုလုဖြစ်နေသော ကချေသည် မလေးသီရိမာလာအား ကျွန်ုပ်က မေးလိုက်သည်။

'သြော်... မောင်တော်နဲ့ နှမတော်တို့ရဲ့ အဆင့်အတန်း ကွာလှမ်းတဲ့ဘဝတွေကို တွေးမိပြီးစိတ်မောနေရပါတယ်။ ဒီဘဝမှာ အတူတကွ ပေါင်းဆုံခွင့်ရမှ ရပါ့မလားလို့ နှမတော်စိုးရိမ်နေမိပါတယ် မောင်တော်ရယ်'

'စိုးရိမ်ကြောင့်ကြဖြစ်တော်မမူပါနဲ့နှမတော်ရယ်၊ ခမည်းတော် မယ်တော်တို့ကလည်း စိတ်သဘောထား နူးညံ့သိမ်မွေ့တဲ့ သူတွေပါ။ မောင်တော်ရဲ့ဆန္ဒကို အမြဲတမ်းလိုက်လျောခွင့်ပြုပေးထားတတ်ကြပါ တယ်။ နှမတော်လေးကလည်း ပျူဂီတာအဖွဲ့ရဲ့ခေါင်းဆောင် ကချေ သည်မလေးတစ်ဦးဖြစ်ပေမယ့် အမတ်ကြီးမဟာသေနရဲ့ တူမတော် တစ်ဦးပဲလေ၊ မျိုးမျိုးမတ်မျိုးဖြစ်လေတော့ အဆင့်အတန်းနိမ့်ကျတယ် လို့ ပြောလို့မရပါဘူး၊ မျိုးရိုးဂုဏ်သိက္ခာလည်းရှိပေတာဘဲ မောင်တော် နဲ့ ဘာလို့ခွဲခွာရမှာလဲ။ ဘာတွေမှ စိုးရိမ်ကြောင့်ကြ ပူပန်မနေနဲ့တော့'





'ကောင်းပါပြီ မောင်တော်'

'ကဲ... နေတောင်အတော်ကျသွားပြီ အမှောင်လည်းသန်း လာပြီ၊ မြို့တော်ထဲ ပြန်ဝင်ကြပါစို့'

'သြော်... ဒါနဲ့မောင်တော်'

'ဘာများပါလိမ့် နှမတော် ဆိုပါဦး'

'သန်ဘက်ခါကျရင် မောင်တော် ဒွါရဝတီနိုင်ငံကို ကုန်သွယ်မှု ...တွေနဲ့ ခရီးထွက်မယ်လို့ကြားထားတယ်'

'ဟုတ်တယ်နှမတော်၊ မောင်တော်တို့မှာ ဒင်္ဂါးတွေအများ ...ြီး ရအောင်ရှာနိုင်မှ ဘာသာရေးမှာ ဒီထက်မက သာသနာတော် ...တိုးကို ထမ်းဆောင်နိုင်မှာမဟုတ်လား၊ ကုန်သွယ်ကိစ္စတွေက ...သွားမဖြစ်သွားဦးမှာပါ၊ ဒါပေမဲ့ ယောဒိက ကချေသည်နှမလေးကို ...ပြတ်မ်းသတိရနေမှာဘဲ၊ ကုန်သွယ်ကိစ္စတွေပြီးမြောက်တာနဲ့ မောင် ...တော်အမြန်ဆုံးပြန်လာမှာပါ'

'မောင်တော်ခရီးထွက်သွားရင် နှမတော်လည်း လွမ်းဆွတ် ...ကြွပြီးကျန်နေခဲ့ရမှာ၊ ဒါပေမဲ့ သာသနာတော်နဲ့ နိုင်ငံတော်အကျိုးဆို ...တော့ အားတင်းပြီးမြေသိမ့်နေရမှာပါဘဲ၊ မောင်တော် ခရီးမထွက်ခင်



www.burmeseclassic.com

www.burmeseclassic.com



နမတော်နဲ့ ဆုံချင်သေးတယ်၊ ခွဲခွာနေရတဲ့အချိန်မှာ မောင်တော်အတွေ
အလွမ်းပြေကြည့်ဖို့ နမတော်ကိုယ်စား ပုတီးကုံးလေးတွေ ပေးလိုက်
ချင်တယ်။ နက်ဖြန်ကျရင် သုဝဏ္ဏသေလာဘုရားမှာ မနက်စောစော
မယ်။ မောင်တော် ဆက်ဆက်လာခဲ့ပါနော်'

'ကောင်းပြီလေ မနက်ကျရင်မောင်တော်ဆက်ဆက်ရော
အောင်လာခဲ့ပါမယ် ကဲ… ကဲ ပြန်ကြရအောင်'

ကျွန်ုပ်တို့နှစ်ဦးသည် ရွှေရောင်ဆမ်းသော ညနေဆည်း
တွင် ရွှေဝါခါးကြီးများမှနေ၍ မြို့တော်အတွင်းသို့ လက်ချင်းချိတ်လျ
ကြည်နူးပျော်ရွှင်စွာ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

❖ ❖ ❖

သုဝဏ္ဏသေလာဘုရားမှာ ရွှေရောင်ကျောက်တုန်းကြီး
ထုဆစ်ထားသော ဘုရားကြီးဖြစ်သည်။ မိုင်းမောနေပြည်တော
ဘက်တွင် တည်ထားသည်။ ကျွန်ုပ်သည် ဖောင်းဝတ်မြင်းဖြူကြီး
အသော့စီးနှင်းလာရာ ကျွန်ုပ်ခါးစည်းဝဝါနှစ်စမှာ လေထဲတွင်တ
လူလွင့်ပါးလျက်ရှိနေပေသည်။





ရွှေရောင်တောက်ပလျက် သပ္ပါယ်ကြည်ညိုဖွယ်ဖူးတွေ့ရသော
…ဝဏ္ဏသေလာဘုရားအနီးတွင် နမတော်သီရိမာလာသည် ကျွန်ုပ်ထက်
…ရှင်စောစီးစွာကြိုတင်ရောက်ရှိနေပေသည်။ နမတော်သီရိမာလာသည်
…ကျွန်ုပ်အားဟသာမောင်နှံပါသော ငွေကြုတ်ကိုဖွင့်၍ အတွင်းမှ ကျောက်
…တီးစေ့များနှင့်ပြုလုပ်ထားသော ပျူပုတီးကုံးကလေးများကို တစ်ခု
…ချင်း ထုတ်ယူပြီးပြသည်။

ငွေကြုတ်ကလေးအတွင်း၌ရောင်စုံကြွနေသော ပုတီးကုံး
…ကလေးများမှာ တဖိတ်ဖိတ်တောက်ပြောင်လျက်ရှိပေသည်။ ပုတီးလေး
…များမှာ အဖြူရောင်တွင် အနက်စင်းကျားချိတ်ရောင် အညိုရောင်၊
…နီရိုးရောင်၊ အစိမ်းရောင်၊ ပယင်းရောင်၊ အဝါရောင် စသည်ဖြင့်
…အရောင်စုံအရွယ်စုံ လှပသောပုတီးကုံးလေးများဖြစ်ကြသည်။ ပုံသဏ္ဌာန်
…များမှာလည်း အလုံးပုံ၊ အပြားပုံ၊ အတောင့်ပုံနှင့် တိရိစ္ဆာန်ပုံကလေး
…များစုံလင်စွာပါရှိသည်။

'ပုတီးကုံးလေးတွေက အများကြီးပါလား နမတော်'

'ဟုတ်ပါတယ်မောင်တော်၊ ဒါတွေဟာ နမတော်ငယ်ငယ်
…တည်းက စပြီးဆွဲလာတဲ့ ပုတီးကုံးလေးတွေပါ၊ အကုန်လုံးစုပြီး



www.burmeseclassic.com

www.burmeseclassic.com



သိမ်းထားခဲ့တာပေါ့။ အဲဒီအထဲမှာ မောင်တော်နှစ်သက်တဲ့ ပုတီးကုံး
တစ်ခုကိုယူသွားပါ၊ နှမတော်ကိုယ်တိုင် ဆွဲပေးလိုက်ပါ့မယ်'

'ဒီနဂါးရုပ်ပုတီးကုံးကလေးကို ယူမယ်နော်'

'ကောင်းပါပြီမောင်တော်။ ကဲ ခေါင်းလေးငုံ့ပေးနော် နှမတော်
ကိုယ်တိုင်မြတ်မြတ်နိုးနိုးဆွဲပေးလိုက်မယ်။ ကိုယ်နဲ့မကွာ အမြဲဆွဲထား
မောင်တော်'

'ကောင်းပါပြီဗျာ မြတ်မြတ်နိုးနိုးတန်ဖိုးထားပြီး မောင်တော်
ဆွဲထားပါ့မယ်။ မောင်တော်ကလည်း နှမတော်ကိုပေးဖို့ လက်ဆောင်
တစ်ခု ပါလာတယ်။ နှမတော်ရဲ့ လက်မောင်းကလေးကို မြှောက်လိုက်
ဟုတ်ပြီ၊ အဲဒီဘယ်လက်မောင်းလေးကို မြှောက်ထား မောင်တော်
ကိုယ်တိုင် ဝတ်ပေးမယ်'

'အဲဒါဘာလဲမောင်တော်'

'ရွှေနယားလက်ကြပ်လေ၊ ဟော နှမတော်လက်မောင်းလေး
သိပ်လိုက်ဖက်တာဘဲ အရမ်းလှတာဘဲ နှမတော်လေးရယ်'

အခိုပါရွှေနယားလက်ကြပ်မှာ အကောင်းဆုံးရွှေစင်ရွှေသား
နှင့်ဘွန်းလုပ်ထားပြီး ဦးခေါင်းတွင် ဆင်နှာမောင်းနှစ်ခု ဆင်စွယ်နှ





ချောင်း၊ မြင်းနားရွက်တစ်ခုနှင့်လည်ပင်းပတ်ပတ်လည်တွင် ဂဠုန်ရုပ်
များနှင့် အဆန်းတကြယ် မုံဖော်ထုလုပ်ထားသော လက်ရာ ပြောင်
မြောက်သည့်လက်ကြပ်ဖြစ်သည်။

'နှမတော်လေးကို ဒီလောက်တန်ဖိုးကြီးတာတွေကို မပေး
နဲ့ မောင်တော်ရယ်'

'မောင်တော်နှမတော်အပေါ်မှာထားတဲ့ မေတ္တာတရားနဲ့ ယှဉ်
လိုက်ရင် ဒီရွှေနယားလက်ကြပ်ဟာ ဘာမှတန်ဖိုးမရှိပါဘူး နှမတော်
ရယ်။ ဒါကြောင့်မို့လို့ စိတ်ချလက်ချကြည်ကြည်ဖြူဖြူနဲ့ လက်ခံပေး
စေလိုပါတယ်'

ကျွန်ုပ်သည် ကချေသည်မလေး သီရိမာလာအား ရွှေနယား
လက်ကြပ်ကလေး ဝတ်ဆင်ပေးပြီးနောက် မြတ်မြတ်နိုးနိုးပင် ပွေ့ဖက်
ထားလိုက်မိသည်။ ကျွန်ုပ်ရင်များခုန်လာပေသည်။ ထို့နောက်တွင်
သတင်းသလာ ရွှေစေတီရှေ့မှောက်တွင် ချစ်သူနှစ်ဦး၏ မေတ္တာတရား
ကို သစ္စာစကားများနှင့် တိုင်တည်ကြပါသည်။ ဘဝတိုင်းအဆက်ဆက်
တွင်တကွ ပေါင်းဖက်ကြရပါစေသားဟု ဆုတောင်းကြသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် ဒါရာဝတီနိုင်ငံသို့ ထိုနေ့စည်



www.burmeseclassic.com

www.burmeseclassic.com



များ ကူးသန်းရောင်းဝယ်ဖောက်ကားရန် ခရီးထွက်ခဲ့ပေတော့သည်။ လအတန်ကြာအောင်ခရီးထွက်ခဲ့ရပြီး အရောင်းအဝယ်ကိစ္စများအား လည်း ချောမောအောင်မြင်ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက် ရှိခဲ့သည်။ ရောက်လျှင်ရောက်ချင်း ခရီးရောက်မဆိုက် သီရိမာလာ ထံသွားရောက်၍ အမြန်ဆုံးလက်ထပ်ဖို့ ခမည်းတော်မယ်တော်တို့ကို ပန်ကြားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ခမည်းတော် မယ်တော်တို့ထံ ရောက်ရှိသောအခါ ကျွန်ုပ် ခွင့်မပန်ရသေးသည်မှာပင် ဆောလျင်ကြိုတင်စွာ မင်းသမီးလေး ရှ ဒေဝီနှင့် လက်ထပ်ထိမ်းမြားပေးမည့် မင်္ဂလာအခမ်းအနားတစ်ခု သိုက်သိုက်မြိုက်မြိုက်ကြီး စီမံပေးမည့်အကြောင်း ကြားသိလိုက် သည်။ ကျွန်ုပ် ဘာဆက်လုပ်ရမှန်းမသိလောက်အောင် စိတ်ရှုပ်နောက် ကျို ညစ်ထွေးသွားမိသည်။ မင်္ဂလာပွဲကြီးမှာလည်း ပြင်ဆင်ထားပြီး ဖြစ်နေပေသည်။ ခမည်းတော်၊ မယ်တော်တို့၏ ဆန္ဒသဘောထားကို လည်း ကျွန်ုပ်အနေနှင့် ငြင်းဆန်ကန့်ကွက်ခြင်းမပြုနိုင်အောင် အခက် ကြုံရသည်။

ထိုအချိန်မှာပင် အမတ်ကြီးမဟာသေနသည် ကျွန်ုပ်ထံသို့





အစားဝင်ရောက်လာသည့် အမတ်ကြီး၏ နှလုံးမသာမယာသော မျက်နှာကိုမြင်တွေ့လိုက်ရ၍ ကျွန်ုပ်စိုးရိမ်ပူပန်သွားပါသည်။ မင်းသမီး လေးရှပဒေဝီနှင့် လက်ထပ်ထိမ်းမြားတော့မည့်သတင်းကို ကြားသိရ ပြီးနောက် အမတ်ကြီးမဟာသေန၏ တူမတော်ဖြစ်သော ကချေသည်မ လေး ကျွန်ုပ်မြတ်နိုးရသူ သီရိမာလာမှာ အဆိပ်သောက်၍ သူ့ကိုယ်သူ အဆုံးစီရင်သွားကြောင်း ကြေကွဲဆို့နင့်စွာ လျှောက်တင်ခဲ့လေသည်။

ကျွန်ုပ်၏စိတ်သည် ဆောက်တည်ရာမရသော စိတ်အဟုန် ဖြင့် သီရိမာလာရှိရာသို့ တစ်ဟုန်ထိုးပြေးလွှားသွားမိသည်။ ကျွန်ုပ် မြင်တွေ့လိုက်ရသော မြင်ကွင်းကား ရင်ကွဲမတတ် ခံစားရမိပေတော့ သည်။ ဝိဉာဉ်ကင်းမဲ့နေပြီဖြစ်သော သီရိမာလာ ကချေသည်မလေး အား ကြာပန်းများနှင့် လှပစွာပြင်ဆင်ထားသော ညောင်စောင်းထက် ပေါ်တွင် ကျွန်ုပ်အား ဆီးကြိုနေသယောင် ဖြစ်နေပေသည်။ သို့သော် လည်း ယခင်ကလို ကျွန်ုပ်အား မောင်တော်ဟုမခေါ်နိုင်တော့ပေ။

ကချေသည်မလေးသီရိမာလာနှမတော်လေးအား ကျွန်ုပ် စကားတွေ အများကြီးပြောချင်သည်။ ယခုတော့ ကျွန်ုပ်ပြောလိုသည့် စကားများကို နားထောင်နိုင်စွမ်းမရှိတော့သည့်တိုင် မျက်စောင်းလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မျှလှပ်ခတ်ပြီး မနေတော့ပါတကား။ ထွက်ခွာသွားသော သူမဝိညာဉ်အား ကျွန်ုပ်တားဆီးခေါ်ယူမစွမ်းနိုင်သော်လည်း သူမ၏ အသက်ဝိညာဉ်မဲ့ခန္ဓာကိုယ်လေးအား အဆုံးရှုံးမခံနိုင်ပေ။ ကျွန်ုပ် ဘယ် သို့ကြံရပါအံ့နည်း။

ကျွန်ုပ်တို့ ပျူလူမျိုးတို့ဓလေ့မှာ သေဆုံးသူ၏ အရိုးပြာတို့ မြေအိုးများတွင်ထည့်ပြီး မြေမြှုပ်လေ့ရှိသည်။ သူမ ပိုင်ဆိုင်ခဲ့သော ပုတီးလက်စွပ်စသည်တို့ကိုပါ အရိုးနှင့်အတူ မြေမြှုပ်ပစ်ကြသည့် ဓလေ့များရှိသည်။ သို့သော် နှမတော်လေးသီရိမာလာအား မည်သည့် နည်းနှင့်မျှ ထိုကဲ့သို့ မပြုလုပ်ရက်နိုင်ပေ။ သမားတော်ကြီးများအား ခေါ်ယူတိုင်ပင်ကာ ရုပ်အလောင်း ခိုင်မာသောစဉ့်အခေါင်းကြီးထဲတွင် မပုပ်မသိုးစေနိုင်သော ဆေးရည်များစိမ်စေသည်။ အမတ်ကြီး မဟာ သေနအား စီစဉ်ဆောင်ရွက်ရန် တာဝန်ပေးအပ်လိုက်သည်။ အပေါ် ဘက်မှ ထာဝရကြည့်၍ မြင်နိုင်အောင် လချေးပြားကျောက်အကြည် လွှာနှင့် မြဲမြံစွာပုံးအုပ်စေခဲ့သည်။

နှမတော်လေးရုပ်အလောင်းနှင့်အတူ သူမမြတ်နိုးစွာဆွဲခဲ့သော ကျောက်ပုတီးရောင်စုံမျိုးစုံထည့်ထားသည့် ဟသ်ာမောင်နှံပါသော





ငွေကြုပ် ကျွန်ုပ်ကိုယ်တိုင် ဒါရာဝတီနိုင်ငံသို့ ကုန်သွယ်ကိစ္စ ခရီး ထွက်ခင် သုဝဏ္ဏသေလာဘုရား၌ပေးခဲ့သော ရွှေနယားလက်ကြစ်တို့ ကိုပါ အတူထည့်သွင်းစေခဲ့သည်။ ယခုဘဝတွင် ကျွန်ုပ်တို့နှစ်ဦး ပေါင်းဖက်ရသော်လည်း သံသရာ၌ ပြန်လည်ဆုံတွေ့ရပါက ယခုလို ခွဲခွာရသည့် အဖြစ်ဆိုးမကြုံတွေ့ရဘဲ အတူတကွ ပေါင်းသင်းရပါ စေသားဟု ကျွန်ုပ်ဆုတောင်းမိခဲ့ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## ပျူမင်းသမီးလေးခေါ်ရာနောက် လိုက်ခဲ့သူ

ကိုဝဏ္ဏမှာ မည်မျှကြာအောင်သတိလစ်သွားသည်မသိ သတိ လစ်သွားစဉ်အတွင်း ထူးဆန်းသော အိပ်မက်များကလည်း သူ့စိတ်ကို ဇဝေဇဝါဖြစ်စေသည်။ အိပ်မက်ထဲတွင် တွေ့ရသည့်အတိုင်း သူသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ပျောက်ဆုံးသွားသော မိုင်းမော နေပြည်တော်ကြီးမှ အရှင်သားသူရိယရာဇာသည် သူကိုယ်တိုင်ပင် ဖြစ်နေလေသည်။ အိပ်မက်ထဲတွင် ရှေးဟောင်းမင်းညီမင်းသား ပျူလူမျိုးများဝတ်ဆင်ထားသော အဝတ်အစားမျိုးနှင့် သူ့ကိုယ်သူ ပြန်လည်တွေ့ရှိရခြင်းဖြစ်သည်။

ယခင်အတိတ်ဘဝများက ချစ်မြတ်နိုးသော သီရိမာလာ မင်းသမီးလေး ပျူကချေသည်မင်းသမီးလေးကိုလည်း မပုပ်မသိုးအောင်





ဆေးရည်များနှင့် သူကိုယ်တိုင်စီမံဆောင်ရွက်ထားခဲ့သည်မှာ အမှန် တကယ်ပင်ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများပင် ဖြစ်မည်လား ဟုဦးစားတွေးတောရ ခက်နေသည်။ သူ့စိတ်ထဲတွင် သီရိမာလာ မင်းသမီး၏ ခေါ်သံ၊ အော်သံများကို ကြားနေရသည်ဟု ထင်နေ မိသည်။

သူသတိရ၍ ပတ်ဝန်းကျင်သို့ကြည့်လိုက်သောအခါ နက်ရှိုင်း သောလှိုဏ်ကြီးတစ်ခု၏ အောက်ခြေသို့ရောက်နေမှန်း သတိထားမိသည်။ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲလျက်ရှိသည်။ ကိုဝဏ္ဏသည် ခြုံတောစပ်မြေပြင်ပေါ်မှ အားယူပြီးထလိုက်သည်။ သူလိမ့်ကျခဲ့သော လှိုဏ်ဆောင်းကို မော့ကြည့်လိုက်ရာ လွန်စွာ မတ်စောက်သော တောင်ကြီး ဖြစ်ကြောင်း မြင်တွေ့လိုက်ရသည်။

'အင်း… တော်ပါသေးရဲ့ နက်ရှိုင်းမြင့်မားတဲ့ ချောက်ကမ်း ပါးထိပ်ကနေ မိုးရေတွေနဲ့လျှောပြီးချော်ကျခဲ့တာ သစ်ကိုင်းတွေနဲ့ ရိုက် မိလို့ အရှိန်လျှော့ပြီး မြေပြင်ပေါ်ကိုကျလာတော့ ကံကောင်းတာပဲ။ သစ်ကိုင်းကြီးတွေနဲ့သာ မရိုက်မိရင် ငါတော့စက်ကျိုးပြီးသေသွားနိုင် တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ကိုယ်သူ ပြန်တွေးမိသည်။ ယခုအခါတွင် ဆင်ခြေလျှောတောင်စောင်းတစ်ဘက်မှ မတ်စောက်သော ကျောက်တောင်ကြီးကြားထဲသို့ ရောက်ရှိနေကြောင်း သဘောပေါက်သွားသည်။ လှိုဏ်ကြီးအနီးတွင် အင်ကြင်း၊ သစ်ရာ၊ ကညင် စသော သစ်ပင်ကြီးများသာမက ဝါးနက်ဝါးကောက်၊ ဝါးဖယောင်းစသည့် ဝါးတောကြီးများပါ ပေါက်ရောက်လျက် ရှိသည်။ ဝါးတောကြီးများဖုံးလွှမ်းထားသလို လှိုဏ်ကြီးထဲ၌ ကျင်မှာလည်း မှိုင်းမှိုင်းညို့မှောင်နေလေသည်။

လှိုဏ်ကြီး၏ အောက်ခြေတွင် သဲချောင်းကလေးတစ်ခုမှ ရေများတသွင်သွင်စီးလျက်ရှိသည်။ ကိုဝဏ္ဏသည် လှိုဏ်အပေါ်ဘက်သို့ ဆက်မတက်တော့ဘဲ လှိုဏ်အောက်ခြေဘက်သို့သာ ဆက်လျှောက်လာခဲ့သည်။ သဲချောင်းသို့ရောက်သောအခါ သူ့တစ်ကိုယ်လုံးတွင် ပေကျံညစ်ပေနေသည်များကို ချောင်းရေအေးအေးဖြင့် ဆေးကြောသုတ်သင်ပစ်လိုက်သည်။

ယခုမှပင် စိတ်ထဲ၌လည်း လန်းဆန်းကြည်လင်သွားတော့သည်။ သဲချောင်းကလေးဘေးမှ ကပ်ရင်း လျှောက်လာခဲ့သည်။ ခင်တန်းတစ်ခု၏အကွေ့သို့ ရောက်သောအခါ ကျောက်တောင်အမြင့်





ကြီးတစ်ခုက ဆီးခံနေသလို ပိတ်ဆို့ထားသည်ကို မြင်တွေ့လိုက်ရသည်။ ထူးဆန်းသည်မှာ တောင်ခြေတွင် ဂူပေါက်ကြီးတစ်ခုကို လှမ်းမြင်ရသည်။

'ဒီမှာလဲ ကျောက်ဂူကြီးတစ်လုံးပါလား'

ဂူကြီး၏ အဝမှာ အမြင့် ၁၀ ပေခန့်ရှိပြီး ဂူဝအကျယ်မှာ ၅ ပေခန့်ရှိသည်။ ဂူရှေ့တွင်လည်း ပြောင်ချောနေသဖြင့် တစ်စုံတစ်ယောက်က ရှင်းလင်းထားပုံရသည်။ ကိုဝဏ္ဏသည် ဂူကြီးအား ဒိတ်ဝင်စားသွားပြီး ဂူအတွင်းသို့ စူးစမ်းလေ့လာကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ဂူပေါက်ဝသို့ ရောက်သောအခါ ဂူကြီးထဲမှ မီးကျည်ခဲလို ရဲရဲတောက်နေသော အရာနှစ်ခုက သူ့အားစူးစိုက်ကြည့်နေသည်ဟု ထင်မှတ်လိုက်သည်။

သူ့ခေါင်းထဲတွင်လည်း နောက်ကျိလာသည်။ စိတ်ထဲတွင် ထိုင်းမှိုင်းလာသည်။ ဘယ်လိုဖြစ်သည်မသိ ကျောက်ဂူအဝင်နေရာတွင် ကြောင်စီစီကြည့်ကာ တွေဝေထိုင်းမှိုင်းလျက် ခြေအစုံရပ်မိလျက်သား ဖြစ်နေသည်။ ထိုအချိန်မှာပင် ကြီးမားသော ခေါင်းကြီးတစ်လုံးက လျှောခနဲထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဇ… ရာ… မ… စ… ပါး… ကြီးမြွေကြီး ပါလား'

ကိုဝဏ္ဏရင်ထဲတွင် သိမ့်ခနဲ တုန်သွားပြီး ပါးစပ်မှ အာမေဋိတ် သံထွက်သွားသည်။ ယောကျ်ားကြီးတစ်ယောက် ပေါင်လုံးခန့်ရှိသည့် စပါးကြီးမြွေကြီးသည် ခန္ဓာကိုယ် တွန့်ကာလိပ်ကာနှင့် ရှဝသို့ တဖြည်းဖြည်း တိုးရွေ့လာသည်။ ပါးစပ်မှလည်း လျှာမည်းမည်းကြီးနှစ်ခွကို ထုတ်လိုက်သွင်း လိုက်လုပ်ရင်း ကိုဝဏ္ဏအား ညို့ရန် ကြိုးစားတော့ သည်။

ကိုဝဏ္ဏနှင့် တစ်လံအကွာခန့်တွင်ရှိသော မြွေကြီးသည် ဦး ခေါင်းကို နောက်သို့ယို့လိုက်သည်။ ရှည်လျားတုပ်ခိုင်သည့် ခန္ဓာကိုယ် ရှည်မျောမျောကြီးအား ပုတိုသွားအောင်ကျုံ့လိုက်ပြီး အရောင်တဖိတ် ဖိတ်တောက်ပသော မျက်လုံးကြီးမှ ညို့ဓာတ်များလွှတ်ကာ ညို့လေ တော့သည်။

ကိုဝဏ္ဏသည် လှုပ်လို့လည်းမရ ခေါင်းထဲတွင် ငြီးစီစီ မူးဝေ လာရာမှ မေတ္တာသုတ်ကို သတိရလာသည်။ နှုတ်မှလည်း 'ယဿာနုဘာဝတော ယက္ခာနေဝ ဒဿေန္တိ ဘိသနံ …' အစရှိသော





ဘုရားရှင်၏ အာနုဘော် မေတ္တာသုတ်ပါဠိအား ရွတ်ဖတ်တော့သည်။ ဘာသာတရားနှင့်နေလာခဲ့သော ကိုဝဏ္ဏသည် မေတ္တာဓာတ်အပြည့် အဝ ရှိသည်။

အထက်အောက် ဘေးဘီအရပ်ရှစ်မျက်နှာအားလုံး အကျိုး အပြတ်မရှိ အတွင်းရန်အပြင်ရန်မရှိ အတိုင်းမသိ မြတ်နိုးအပ်သော မေတ္တာဓာတ်ကို ပွားများလိုက်သည်။ သူ့ခေါင်းထဲတွင် ငြီးစီစီ မူးဝေဝေ ဖြစ်နေရာမှ ကြည်လင်လာသည်။

မေတ္တာဓာတ်တန်ခိုးအာနိသင်ကား ထူးခြားထက်မြက်နေ သည်။ နှုတ်မှ တဖွဖွရွတ်ဆိုနေရာမှ အသံများ ထွက်ပေါ်လာသလို ဂူကြီးတစ်ခုလုံး ကိုဝဏ္ဏမေတ္တာသုတ်ရွတ်သံများ ပွဲတင်ထပ်သလို ပျံ့လွင့်လာသည်။

ငြိမ်သက်နေသော မြွေကြီးမှာလည်း လူးလွင့်လှုပ်ရှားလာ သည်။ မြွေကြီးသည် အနောက်ဖက်သို့လူးလွန့်ရွေ့လျားရာက လျောခနဲ ကျောက်ဂူကြီးထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။

ထိုအခါကျမှသာ ကိုဝဏ္ဏ သက်ပြင်းချလိုက်နိုင်တော့သည်။ စပါးကြီးမြွေကြီးများတွင် ညှို့ကြောရှိသည်။ ဖမ်းစားချင်သော သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



၏ခြေရာပေါ်တွင် ချက်အောက်မှ ထွက်လာသော ညှို့ကြောနှင့်ထောက် ပြီး ညှို့လှေ့ရှိသည်ကို ကိုဝဏ္ဏသိရှိထားသည်။

စပါးကြီးမြွေကြီး၏ ညှို့ချက်မှ လွတ်ကင်းသွားပြီးနောက် ဂူကြီးထဲသို့ သတိထားပြီး ဝင်လာခဲ့သည်။ ဂူ၏ကြီး၏ အတွင်းပိုင်းမှာ ကျယ်ဝန်းပြီး တဝဲဂူကြီးဖြစ်သည်။ ဂူကြီး၏ခေါင်မိုးစပ်တွင် ကျောက် ပန်းဆွဲများက ပုံသဏ္ဌာန်မျိုးစုံ တွဲခိုလျက် ကျောက်စက်ရေများ တပေါက်ပေါက် ကျနေသည်။ ဂူခေါင်မိုး ကျောက်ကြိုကျောက်ကြားမှ အလင်းတန်းတို့သည် ဂူကြီးအတွင်းသို့ ဖြာကျလျက်ရှိရာ လင်းထိန် လျက်ရှိသည်။

'အချိန်တန်တော့လည်း အရှင့်သား ရောက်လာရတော့ တာပါဘဲ'

စကားပြောသံ ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်ရာ မုတ်ဆိတ်ပါးသိုင်းတို့ ဆွတ်ဆွတ်ဖြူနေပြီးဦးခေါင်းထက်တွင် ပဝါဖြူ ပေါင်းထားသော အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် သူတော်စင် အဘိုးအိုတစ်ဦးအား အံ့အားသင့်စွာ မြင်တွေ့လိုက်ရလေတော့သည်။ အဆိုပါဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်အဘိုးအိုသည် ကိုဝဏ္ဏအိပ်မက်





ထဲတွင် ခဏခဏဆိုသလို မြင်မက်တွေ့ရှိခဲ့ဘူးသော အဘိုးအိုပင်ဖြစ် သည်။

◆ ◆ ◆

ယခုရက်ပိုင်းတွင်း မြနန္ဒီရွာလေးတွင် လူပြောသူပြောများလှ သည့် သတင်းတစ်ခု ပြန့်နှံ့လျက်ရှိသည်။ ရွာတောင်ဖက်တွင်ရှိသော နန်းတောင်ပြိုင်စံအိမ်တော်ကြီးနှင့် ရှေးဟောင်းစေတီဘုရား အပြိုအပျက် တို့ကြားတွင် ဆံပင်ဖားလျားချ လျက်ပြေးလွှားနေသော ဥစ္စာစောင့်မ ယလေးကို တွေ့ရှိနေသည့် သတင်းဖြစ်သည်။

တကယ့် အဖြစ်မှန်ကိုတော့ ပန်းငုံတစ်ယောက်မှလွဲ၍ သိကြမည်မဟုတ်ချေ။ မြနန္ဒီရွာကလေးတွင် ထူးထူးဆန်းဆန်း ပျောက် ဆုံးသူနှစ်ဦးရှိသည်။

တစ်ဦးမှာ မိုင်းမောတောကြီးထဲသို့ ခရီးထွက်သွားသော ကိုဝဏ္ဏနှင့် ကလေးမီးဖွားပြီးကာစ ကလေးအဖတ်မတင် သေသွားသော နှင့် စိတ်ဖောက်ပြန်ရူးသွပ်သွားသော နှင်းနုဖြစ်သည်။ နှင်းနုသည်း ရွာမှ ပျောက်ဆုံးသွားခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းလှသော နှင်းနုဘဝကို တွေးမိတိုင်း ပန်း သည် ကိုဗလအပေါ် နာကြည်းမုန်းတီးစိတ်များ ဝင်ရောက်လာသည်။ ဖခင် မရှိသည့်နောက် အားကိုးရာမဲ့နေသော နှင်းနုအား ကိုဗလသည် အနိုင်ထက်ပြုကာ ခြေတော်တင်ခဲ့သည်။ နှင်းနုသည်ပင် ကိုဗလ တိတ်တိတ်ပုံးနေီးမယား ဖြစ်ခဲ့ရသည်။ အတည်တကျ လက်ထ ပေါင်းသင်းခြင်းမပြု။

သည်လိုနည်းနှင့် ကိုဗလစော်ကားခဲ့သော မိန်းကလေးများ မှာ မျက်ရည်နှင့် မျက်ခွက်ဖြစ်ကာ ဒုက္ခရောက်ခဲ့ကြသူချည်းပ ဖြစ်သည်။

မိမိအစ်ကိုဖြစ်သူ၏ ယုတ်မာကောက်ကျစ်မှုများကို ပန်း ကလည်း ဘယ်လိုနည်းနှင့်မှ ဖြေရှင်းမရခဲ့ပေ။ ယခုလည်း ကြည် ကိုယ်လေးလက်ဝန်ရှိလာသောအခါ ပစ်ပယ်သွားသည်။ နေ့စေ့လ မွေးဖွားချိန်တွင် ပန်းငုံကပင် ကြည့်ရှုစောင့်ရှောက်ပေးခဲ့ရသည်။

ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုသည့်အတိုင်း ကိုဗ စော်ကားခဲ့သော နှင်းနုမှာ ကလေးမီးဖွားပြီးစမှာပင် သွေးတက်ပြီး သွက်သွက်ခါအောင် ရူးသွပ်သွားသည်။ ကလေးကလည်း အသ





ချောင်။ ထို့နောက် အိမ်မှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွား ခြင်းဖြစ်သည်။

အမှန်တော့ ဘုရားကုန်းပျက်ကြီးရှိ ရှေးဟောင်းစေတီ အဖြို့ အပျက်များကြားတွင် မြင်တွေ့မိသော မိန်းကလေးမှာ စိတ်ဖောက်ပြန်နေ သည့် နှင်းနုသာဖြစ်သည်။ ဥစ္စာစောင့်ဟု ထင်မှားပြီး အရေးမှပင် ထွက်ပြေးကြသောကြောင့် နှင်းနုမှန်းမသိခဲ့ကြပေ။ ပန်းငုံကတော့ နှင်းနု အတွက် စောင့်ရှောက်ပေးနေရသည်။ အစားအသောက်များယူလား ပေးလေ့ရှိသည်။ အရူးမနှင်းနုကလည်း ပန်းငုံကိုတော့ နားလည်နိုင်စွမ်း ရှိသည်လား မသိပေ။

ကိုဗလကိုယ်တိုင် ဝင်ရှုလည်သော တစ်နေ့ကို ကြုံရသည်။ ထိုနေ့ကို ပန်းငုံကောင်းစွာမှတ်မိသည်။ ထုံးစံအတိုင်း ပန်းငုံသည် နှင်းနုအတွက် စားသောက်စရာများကို သချိုင်းအုတ်ဂူဟောင်း တစ်ခု အနီး၌ ချထားခဲ့ပြီးအပြန်တွင် ဦးခေါင်းတစ်ခုလုံး သွေးများစိုရွှဲကာ လဲနေသည့် ကိုဗလကို တွေ့လိုက်ရသည်။

ရွာသို့အမြန်ပြန်ကာ ဦးကြီးဦးယက္ခကို အကြောင်းကြားရ သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးကြီး ကိုဗလကို ဘယ်သူသတ်သွားသလဲ မသိဘူး၊ ဘုရားကြီးကုန်းပျက်မှာ လဲနေတာ တွေ့ရတယ်။ အသက်မှ ရှိသေးရဲ့လား မသိတော့ဘူး'

စိုးရိမ်စိတ်နှင့် ပန်းငုံက အမောတကော အပြေးအလွှား ပြန်ရောက်လာကာ ပြောပြလိုက်သည်။

'ဟောကောင်တွေ ဖိုးထောင်တို့၊ တာတေတို့ လူစုပြီး အမြန်သွားခေါ်ကြစမ်း၊ တစ်ယောက်က ဆရာကြီးဦးဒေဝကို အမြန်ဆုံး ဒီကိုခေါ်လာခဲ့'

သူကြီးဦးယက္ခက အလုပ်သမားများကို တာဝန်ပေးလိုက်သည်။ ကိုဗလတပည့်များဖြစ်ကြသော ဖိုးထောင်နှင့် တာတေတို့မှာ သူကြီးဦးယက္ခ၏ စာရင်းငှားအလုပ်သမားများလည်း ဖြစ်ကြသည်။ သူကြီးက အရေးကြီးအခေါ်ရှိသဖြင့် ဆေးဆရာကြီးဦးဒေဝသည် ဆေးလွယ်အိတ်လွယ်ကာ ရောက်ရှိလာသည်။

မကြာခင်မှာပင် တာတေနှင့် ဖိုးထောင်တို့လူစုသည် သွေးသံတရဲရဲနှင့် ကိုဗလအား ထမ်းခေါ်ပြီး အိမ်ပေါ်သို့ဝင်လာကြပြီး ရောက်ရောက်ချင်းမှာပင် ဆရာကြီးဦးဒေဝ သည်သွေးခုန်နှုန်းကိုစမ်းကြည့်





သည်။ သွေးခုန်နှုန်းက တဒိတ်ဒိတ်ခုန်နေသေးသည်။ အသက်မသေသေးပေ။

ဦးခေါင်းတစ်ခုလုံး ခွဲနစ်ခြောက်ကပ်နေသော သွေးစများကို ဆေးကြောပြီး ဆေးများသိပ်ကာ ပတ်တီးစည်းပေးသည်။ ကိုဗလတော့ သတိမရသေးပေ။

'ဘယ်လိုဖြစ်တာလဲ ကိုဒေဝ။ ခေါင်းကဒဏ်ရာက စိုးရိမ်ရလား'

'အင်း… အခုအခြေအနေမှာ ဘာမှပြောလို့ မရသေးဘူး။ ဦးခေါင်းကို လေးလံတဲ့ လက်နက်နဲ့ ထုထားတာဘဲ။ သွေးထွက်လည်း များတယ်၊ ဒါပေမဲ့ အသက်အန္တရာယ်က စိုးရိမ်စရာတော့ရှိတော့ပါဘူး။ တစ်ခုတော့ ရှိတယ်၊ မောင်ဗလသတိရလာရင် ဦးနှောက်ကိုပါ ထိခိုက်သွားရင်တော့ စိုးရိမ်စရာကောင်းလိမ့်မယ်'

ဆေးဆရာကြီးဦးဒေဝက ဒဏ်ရာအခြေအနေနှင့် ဖြစ်လာနိုင်သည့်အနေအထားကို ရှင်းပြသည်။ သူကြီးဦးယက္ခသည် သားတော်မောင်ချိုးလှမိုက်အတွက် ဘာလုပ်ရမှန်း မသိတော့ပေ။ တစ်လျှောက်လုံး သတေဆိုးမိုက်လာခဲ့သည်မှာ အခုတော့တစ်ကျော့ပြန် စိုးရိမ်ဖွယ်ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ဟု နားလည်သဘောပေါက်မိသည်။ ဗလနှင့်ပတ်သက်ပြီး မကျေနပ်သူ၊ ရန်ငြိုးထားသူများစွာရှိသည်ကို သူကြီးဦးယက္ခလည်း ကောင်းစွာသိသည်။

'ကိုဗလသတိပြန်ရလာတဲ့ အခြေအနေကိုပဲ စောင့်နေရမှာပဲ ဦးကြီးရယ်၊ အသက်မသေတာပဲ ကံကောင်းပါတယ်။ ဦးကြီးသိတဲ့ အတိုင်း ကိုဗလကို ရန်ရှာချင်တဲ့သူတွေကများတယ်၊ ဘယ်သူတွေက ဒီလောက်ဆိုးဆိုးဝါးဝါး ခေါင်းကို ထိခိုက်အောင်လုပ်သွားတယ် မသိဘူး'

'ဝဋ်ကြွေးပေါ့ သမီးရယ်၊ သူကလည်း ကောင်းတဲ့သူမှ မဟုတ်တာ၊ သူ့မိုက်ပြစ်တွေ၊ သူဆိုးခဲ့တာတွေ၊ သူမကောင်း ကြံစည် ခဲ့တာတွေ ခုတော့သူကိုယ်တိုင် ပြန်ခံစားရတော့မှာပေါ့'

ဦးကြီးဦးယက္ခပြောသောစကားကို နားထောင်ရင်း ပန်းငုံသည် သနားစဖွယ်ကောင်းသည့် သူငယ်ချင်းနှင်းနုမျက်နှာကို မြင်ယောင် မိလိုက်သည်။ နှင်းနုသည်ပင် ကိုဗလ၏ ဆိုးမွေကို ခံစားရပြီး ကိုဗလ နှိပ်စက်စော်ကားခဲ့သောကြောင့် စိတ်ဖောက်ပြန်ကာ ရူးသွပ်သွားသည့် သူတစ်ဦးဖြစ်သည်။





အကယ်၍ ကိုဗလ သတိပြန်ရပြီး ရူးသွပ်သွားမည်ဆို သော်... ပန်းငုံသည် စိတ်မောစွာ သက်ပြင်းချလိုက်မိသည်။

နောက်ရက်များတွင် ကိုဗလ သတိပြန်ရလာသည်။ သို့သော် သူ့နာမည်ကိုလည်း သူမမှတ်မိ၊ သူကိုယ်တိုင် ဘာတွေဖြစ်လို့ဖြစ်ခဲ့ မှန်းမသိ။

ဆရာကြီးဦးဒေဝပြောသလိုပင် ဦးနှောက်အား ထိခိုက်သွား လေသည်။ ပန်းငုံထင်ထားသည့်အတိုင်း နှင်းနုကဲ့သို့ပင် ကိုဗလသည် လည်း စိတ်ဖောက်ပြန်သွားရပေတော့သည်။

ကိုဗလတွင် အစွဲအလမ်း တစ်ခုရှိနေပုံရသည်။ တောင်စဉ် ရေမရ ကပေါက်တိကပေါက်ချာ စကားတွေ ပြောတတ်သလို ဒေါသ ထွက်လာလျှင်...

'သေချင်းဆိုး ဥစ္စာစောင့်မ ဘယ်ရောက်သွားလဲမသိဘူး။ ဒီကောင်မကိုသတ်မှဖြစ်မယ်၊ မသေ သေအောင်သတ်ရမယ်၊ ငါ့ကို သိုက်နန်းထဲ ခေါ်မလေး ဘာလေးနဲ့ ဟင်း ... တွေ့ကြသေး တာပေါ့'

ဟု အမြဲပြောတတ်သည်။ ထို့ကြောင့်လည်း ရွာမှလူများက



www.burmeseclassic.com

www.burmeseclassic.com



ကိုဗလသည် ဘုရားကြီးကုန်းပျက်ရှိ ရှေးဟောင်းစေတီ အပြိုအပျက်များကြားတွင် ဥစ္စာစောင့်မနှင့်တွေ့ရာမှ ဥစ္စာစောင့်ဖမ်းစား၍ ရှုးသွင်းသွားခြင်းသာဖြစ်သည်ဟု ယုံကြည်လက်ခံထားလိုက်ကြသည်။ ကိုဗလကဲ့သို့ ရှုးသွင်းသွားမည်ကို စိုးရိမ်ထိတ်လန့်ပြီး ဘုရားကြီးကုန်းပျက်နှင့်နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးဘက်သို့ ဘယ်သူမှ မသွားရဲကြတော့ပေ။

◆ ◆ ◆



## ဘဝဟောင်းကချစ်သူ

တစ်နေ့သောနံက်တွင် မြစ်သားမြို့၏ ဗဟိုလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ရွှေယမုံနာဓာတ်ပုံဆိုင်အတွင်းသို့ မှိုင်းရှပ်အနီရောင်၊ သက္ကလပ်ဘောင်းဘီရှည် အနက်ဝတ်ထားသော ထိုယ်လုံးတောင့်တောင့် အသားညိုညိုလူငယ်တစ်ဦးသည် ဖျတ်လတ်သွက်လက်စွာဖြင့် ဝင်ရောက်လာသည်။

ဓာတ်ပုံဆိုင်ရှေ့တွင် မြစ်သားမြို့ပေါ်မှ အချောအလှ မိန်းကလေးများ၏ ကိုယ်ဟန်ပြပုံစံအမျိုးမျိုးကို ရိုက်ထားသည့် အလှဓာတ်ပုံများဝေဝေဆာဆာ ချိတ်ထားသည်။

'မိန်းမချောလေးတွေကိုသာ ဓာတ်ပုံရိုက်တတ်တဲ့ ဓာတ်ပုံဆရာကြီးနဲ့ တွေ့ချင်လို့ပါဗျို့'



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာသော လူငယ်က ရွှတ်နောက်နောက်နှင့် လှမ်းခေါ်ရင်း အသံပြုလိုက်ရာ အတွင်းခန်းထဲမှ လူငယ်တစ်ယောက်ထွက်လာသည်။ အသံပြုသော လူငယ်အား မြင်လိုက်သည်နှင့်တစ်ပြိုင်နက်...

'ဟေ့ကောင် နန်းဝေ ဘယ်တုန်းကပြန်ရောက်လာတာလဲ ကျောင်းပြီးသွားပြီလား'

'ပြီးသွားပြီ သူငယ်ချင်း၊ စာတမ်းတင်ဖို့ပဲ ရှိတော့တယ် အခုလည်း စာတမ်းအတွက် လိုအပ်တာတွေ ကွင်းဆင်းပြီး လေ့လာဖို့ ဆိုတော့ မင်းအကူအညီလိုလာပြီပေါ့ကွာ'

'အေးကွာ ... မင်း မြို့ပြန်ရောက်လာတာ ဝမ်းသာတယ် ရှေးဟောင်းသမိုင်းတွေကို ဝါသနာပါသလို သမိုင်းဘာသာနဲ့ ဘွဲ့လွန်ယူတော့မယ်ဆိုတော့ တော်ပါတယ်ကွာ၊ ငါ ဘာကူညီရမလဲ'

'ငါရေးမယ့်စာတမ်းက ဟိုတုန်းက ပျူမြို့ဟောင်းတစ်ခုဖြစ်တဲ့ မိုင်းမောမြို့ဟောင်းအကြောင်း စာတမ်းပဲ။ မင်းအားတဲ့ရက် ပြဒါးလင်းဂူဘက်သွားချင်လို့ လိုက်ခဲ့မယ် မဟုတ်လား'

'အလုပ်ကအားပါတယ်၊ ဒါပေမဲ့ ရွာင်ဘက်ကိုသွားရမှာ





လမ်းပြရှာပြီးသွားမှရမယ်။ အဲဒီနေရာတွေက လူသူအရောက်အပေါက်နည်းပြီးခေါင်တယ်။ ငါလိုက်ပို့ပေးပါ့မယ်၊ ဘာမှ စိတ်ပူမနေပါနဲ့'

'အေးကွာ ကျေးဇူးပဲ'

ဤသို့ဖြင့် နောက်တစ်နေ့တွင် ဓာတ်ပုံဆရာကျော်လတ်နှင့် သမိုင်းသုတေသန စာတမ်းပြုစုမည့် မောင်နန်းဝေတို့သည် ရွာဝ်မြို့နဲ့ ၁၂ မိုင်ခန့်ကွာဝေးသည့် ရွာင်မြို့နယ်အတွင်း ပေတစ်ထောင်ကျော်မြင့်သော တောင်တန်းများပေါ်သို့ ခရီးထွက်ခဲ့ကြသည်။

ထိုအချိန်က ကင်းတားဆည်ကြီးမှာ ဆောက်လုပ်ကာစပင်ရှိသေးသည်။ ရေလှောင် တမံဘောင်ကြီးများမှာ တစ်ဖက်နှင့်တစ်ဖက်ဆက်မိကြသေးပေ။ ရွာဟောင်းနေရာနှင့် ကွင်းခေါင်ခေါင်တွင် ကားမောင်းလို့ရသည့် နေရာအထိ ကားမောင်းသွားရသည်။

ရွာဟောင်းတွင် ကားကိုထားခဲ့ပြီးအိမ်စုလေးများတွင်နေထိုင်သော လမ်းပြတစ်ယောက်ကို ရှာဖွေငှားရသည်။ ပန်းလောင်မြစ်ကိုဖြတ်ကူးရာတွင် တစ်ယောက်နှင့်တစ်ယောက် လက်ချင်းတွဲ၍ လမ်းပြလုပ်သူက ရှေ့မှတွဲခေါ်ရင်း ဘေးတိုက်ဖြတ်ကူးရသည်။ ဝါးလုံးထိုးဆင်းနေသကဲ့သို့ ရေစီးသန်လှသည်။ မြစ်ကိုဖြတ်ကူးပြီး ခြေလျှင်အဓော



www.burmeseclassic.com

www.burmeseclassic.com



မြေကြား တောင်ပေါ်စတက်ကြသည်။ တောင်ပေါ်တက်ရာတွင် လမ်းမရှိပေ။

လမ်းပြလုပ်သူက ခြုံနွယ်ပိတ်ပေါင်းများကို သူ့ဓားဖြင့် ရှင်းလင်းခုတ်ထွင်ပြီး တက်ကြရသည်။ တော်သေးသည် လမ်းပြလုပ်သူက တောကျွမ်းသူတစ်ဦးဖြစ်၍ အခက်အခဲမတွေ့ရပေ။ တောင်ပေါ်သို့ ၄ မိုင်ခန့်တက်ပြီးနောက် ပြဒါးလင်းဂူအဝကို သွားခနဲမြင်တွေ့လိုက်ရသည်။

ထိုစဉ်က ပြဒါးလင်းဂူတည်ရှိရာမှာ လူသူအရောက်အပေါက်နည်းပြီးတောခေါင်လှသည်။ အသွားအလာ သိပ်မရှိချေ။

ဂူဝတွင် သီတင်းသုံးနေသော သံဃာတော်တစ်ပါးအား မောင်နန်းဝေက ပါလာသော မုန့်များ၊ သစ်သီးများ ဆက်ကပ်လှူဒါန်းလိုက်သည်။

အဆိုပါသံဃာတော်က…

'အင်း… ဒကာလေး ဘဝဟောင်းနယ်မြေကို ခြေချဖို့ တစ်ခေါက် ပြန်ရောက်လာပေသကိုး'

ဟု ထူးဆန်းစွာမိန့်ကြားလိုက်သည်။ မောင်နန်းဝေသည်





ဆရာတော် မိန့်ကြားသည့်စကားကို နားမလည်ပေ။ ဆရာတော်က ထိုသို့သာ မိန့်ကြားပြီး ကြွလှမ်းသွားသဖြင့် ပို၍ပင် အသိခက်စွာ ဖြစ်ရသည်။ ဂူအတွင်းသို့ ဝင်ကြည့်ကြသည်။

ဂူအတွင်းပိုင်းမှာ အေးမြနေပြီး ကျောက်ခက် ကျောက်စက်ပန်းဆွဲကြီးများ ကျောက်စက်မိုးမျှော်များက သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေသည်မှာ ဆန်းကြယ်လှပေသည်။ ကျောက်စက်ပန်းဆွဲကြီးများမှ ရေများတစ်စိမ့်စိမ့်ကျလျက်ရှိသည်။ တချို့နေရာများ၌ ဂူအပေါ်ပိုင်းတွင် ကောင်းကင်ကို မြင်တွေ့နိုင်သော အပေါက်များရှိသဖြင့် ဂူအတွင်းပိုင်းမှာ အလင်းရောင်များ ဖြာကျလျက်ရှိသည်။

'ကျော်လတ် ဒီမှာ လာကြည့်ပါဦး'

မောင်နန်းဝေကလှမ်းခေါ်လိုက်သဖြင့်အနီးသို့ တိုးကပ်သွားပြီးကြည့်နေမိလိုက်သည်။

'ဟောဒီကျောက်နံရံတွေပေါ်မှာ ဆေးရေးထားတဲ့ ပုံတွေတွေ့လား'

'အေးကွဘာပုံတွေပါလိမ့်'

'ဒီမှာကွာ ဒါက နွားသားအမိပုံ၊ နေပုံ၊ ငါးပုံနဲ့ လေးဘဝါးပုံ



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ။ ဒါဟာ ဟိုးရှေးခေတ်တုန်းက ကျောက်ခေတ်လူသားတွေ ရေးခဲ့တဲ့ နံရံဆေးရေးပုံတွေ သေချာဓာတ်ပုံရိုက်ပေးစမ်းပါ'

ဓာတ်ပုံဆရာ ကျော်လတ်၏ကင်မရာမှ မီးများတဖျတ်ဖျတ် ထွက်ပေါ်လာသည်။

'လူ့သမိုင်းကို အစဖျိုးခဲ့တဲ့ သမိုင်းဝင်ယဉ်ကျေးမှုတွေပဲ ဒါတွေက ငါတို့ အရှေ့တောင်အာရှမှာ ဗီယက်နန်မြောက်ပိုင်း ဘက် ဆိုနီယန် ကျောက်ချောခေတ်ယဉ်ကျေးမှုနဲ့ အသွင်လက္ခဏာအတူ တူပဲ၊ ငါ့စာတမ်းအတွက် အများကြီးအထောက်အကူရတယ်'

မောင်နန်းဝေ၊ ကျော်လတ်နှင့် လမ်းပြတို့သုံးဦးသည် နောက် ထပ်ဂူတစ်ခုထဲသို့ ဝင်ကြည့်ကြပြန်သည်။ ဂူပေါက်ဝမှ အတွင်းသို့ ဆင်းသွားသော လမ်းကလေးမှာ ပြေပြစ်လှသည်။ ၇ ပေခန့် ဆင်းသက်သွားမိလျှင် အခန်းကျယ်ကြီးထဲသို့ ရောက်ရှိသွားသည်။ အဆိုပါလိုဏ်ဂူထဲတွင် ကောင်းကင်ပေါက် (မှန်းတည့်ပေါက်)ရှိပြီး အလင်းရောင်များကောင်းစွာရရှိသည်။

ကျောက်ဂူကြီးမှာ စိုစွတ်နေခြင်းမရှိသော်လည်း စိုထိုင်းမှု သောကြောင့် လူများနေထိုင်မည်မဟုတ်ပေ။ ကျောက်စက်ပန်းဆွဲများ





နှင့် ကျောက်စက်မိုးမျှော်တို့မှာလည်း ပန်းခိုင်ပန်းဆွဲများသဖွယ် အံ့ဩ ဖွယ်ကောင်းလောက်အောင် လှပတင့်တယ်လျက်ရှိသည်ကို တွေ့မြင် ရသည်။

အချို့သော ကျောက်မှုံ့ကျောက်ရေတို့သည် ဂူအောက် ကြမ်းပြင်ပေါ်သို့ တဖြည်းဖြည်း စုပုံထပ်ဆင့် ကျရောက်ဖို့တည် သကြကာ ထိပ်ချွန်ကတော့မှောက်ပုံစံ ထိပ်ဝိုင်းသပိတ်မှောက်ပုံစံ ခါးရှည်ခါးတို သစ်ပင်ပြတ် သစ်ငုတ်တိုကြီးများပုံစံ တချို့ကလည်း ဦးခေါင်း မော့ပြီး အိပ်နေသော တိရိစ္ဆာန်ကြီးများသဏ္ဌာန် ဖြစ်ပေါ်နေ ကြသည်။

'ဒီနေရာကိုရောက်အောင်လာဖို့ ဆိုတာက တကယ်မလွယ် ဘူး ကျော်လတ်၊ မင်းလိုက်ပို့ပေးလို့သာ ရောက်လာရတာ တကယ် ကျေးဇူးတင်ပါတယ်'

'ပြဒါးလင်းဂူတွေကိုလေ့လာပြီးရင် မင်းဘယ်ဆက်သွားဦး မလဲ'

'ငါ့အဓိကရေးမယ့်စာတမ်းက မိုင်းမောမြို့ဟောင်း အကြောင်း ကိုလေ့လာပြီး စာတမ်းတင်ရမယ် ငါ့ဆရာ သမိုင်းဝါမောက္ခနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ပတ်သတ်တဲ့ ရှေးဟောင်းမြို့တွေအကြောင်းကို တော်တော်များများ ဆွေးနွေးခဲ့ဘူးတယ် အင်း… ငါကြားထားတာ တစ်ခုတော့ရှိတယ်'

'ဘာများလဲ နန်းဝေ'

'မိုင်းမောပျူမြို့တော်ဟောင်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ လောက်က ပေါ်ခဲ့တာပဲ။ သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး၊ ပျူမြို့ ခေတ်တွေလိုပဲ ခေတ်ပြိုင်ထွန်းကားခဲ့တယ်လို့သိရတယ်။ မိုင်းမော ပျူမြို့ဟောင်းနဲ့ ၃ မိုင်အကွာလောက်မှာ မြနန္ဒီဆိုတဲ့ ရွာကလေးရှိတယ်၊ အဲဒီရွာအနီးမှာ ပျူကျောက်စာတစ်ချပ် တူးဖော်ရရှိထားတယ်လို့ သတင်းရထားတယ် အဲဒီကိုငါဆက်သွားရလိမ့်မယ်'

'ဒါဆိုလည်း တို့မြစ်သားပဲ ပြန်ကြတာပေါ့။ နောက်ခရီးစဉ် အတွက် အဆင်ပြေအောင် ငါစီစဉ်ပေးမယ် ဟုတ်လား'

ဓာတ်ပုံဆရာ ကျော်လတ်နှင့် မောင်နန်းဝေတို့သည် မြစ်သား သို့ပြန်လာခဲ့ကြသည်။

ထို့နောက်တွင် ခရီးဆက်ထွက်မည့် အစီအစဉ်အတွက် လိုအပ်သည်များကို ရှာဖွေစုဆောင်ပြီး ဓာတ်ပုံဆရာ ကျော်လတ်က…

'ဒီခရီးစဉ်အတွက်တော့ ငါမလိုက်တော့ဘူး။ ဒီမှာလည်း





အလုပ်လေးတွေရှိနေတယ်။ မြနန္ဒီရွာမှာ ငါနဲ့ရင်းနှီးတဲ့ သူကြီးဦးယက္ခ ဆိုတာ ရှိတယ်။ သူ့ဆီကို အကျိုးအကြောင်းစာရေးပေးလိုက်မယ် အင်း ဟိုကိုရောက်တော့လည်း အဲဒီမှာဘဲ တည်းခိုပြီး မင်းစာတမ်း အတွက် လိုအပ်တာတွေကို လေ့လာပေါ့ကွာ။ စားသောက် နေထိုင်ရေး အတွက် သူတို့ကပဲ စီစဉ်ပေးလိမ့်မယ်။ ဘာမှ ပူပန်စရာမလိုဘူး။ ငါမလိုက်ပေမယ့် စိတ်ချသာသွား'

'အေးဗျာ မင်းက အလုပ်မအားလို့ မလိုက်နိုင်လဲ ရှိပါစေ တော့…ငါတစ်ယောက်တည်းပဲသွားမယ်'

'တစ်ခုတော့ မင်းကိုပြောလိုက်ဦးမယ်၊ သူကြီးဦးယက္ခမှာက ယသိုတဲ့ ခပ်ဆိုးဆိုးသားတစ်ယောက်ရှိတယ်၊ သူနဲ့တွေ့ရင်တော့ အဆင်ပြေအောင် ကြည့်ပေါင်းပေါ့ကွာ၊ နောက် ယုန်ငုံဆိုတဲ့ သမီးလေး တစ်ယောက်လည်းရှိတယ်၊ တော်တော်ချော တော်တော်လှတဲ့ မင်း အဲဒီကောင်မလေးနဲ့အဆင်ပြေသွားရင်တော့ မင်း မြစ်သားကို ပြန် လာနိုင်မှာ မဟုတ်တော့ဘူး'

'ငါက ရှေးဟောင်းသမိုင်းရာဇဝင်တွေ၊ ကျောက်စာတွေ စာတွေကလွဲပြီး တခြားဘာမှ စိတ်မဝင်စားဘူးဆိုတာ မင်းသိ ပါ'



www.burmeseclassic.com

www.burmeseclassic.com



'သိတော့သိပါတယ်ကွာ၊ ဒါပေမဲ့ ဖူးစာဆိုတာ ရှာလည်တယ်လို့ ပြောသံကြားဖူးတယ်၊ မင်းစာတမ်းအတွက် လေ့လာဖို့သွားရင်း နဖူးစာ ရှာလည်ပြီး ချစ်သူတွေ့ချင်တွေ့မှာပေါ့ကွာ၊ ဘာပြောလို့ရမလဲ ဟုတ်တယ် မဟုတ်လား၊ ဟား ... ဟား ... ဟား ...'

ဓာတ်ပုံဆရာကျော်လတ်သည် သမိုင်းသုတေသန မောင်နန်းဝေကိုကြည့်ပြီး သဘောကျနှစ်မြို့က်စွာ ရယ်မောလိုက်တော့သည်။

❖ ❖ ❖

မောင်နန်းဝေ၏ ငယ်စဉ်ဘဝသည် ရှေးဟောင်းယဉ်ကျေးမှုများထွန်းကားရာနယ်မြေဒေသဖြစ်သော မြစ်သားမြို့ ရှေးသူဌေးရပ်ကွက်သားတစ်ယောက်ဖြစ်သည်။

မိဘများကလည်း ယတ္တန်းရုံများစွာ ပိုင်ဆိုင်သော သူဌေးများဖြစ်ကြသည်။ ရှေးဟောင်းယဉ်ကျေးမှုနှင့် သမိုင်းဘာသာရပ်များ၏ ဝါသနာပါသူဖြစ်သည့်အပြင် တက္ကသိုလ်မှ သမိုင်းအဓိကနှင့်အောင်မြင်ခဲ့ပြီးရှေးဟောင်း ပျူယဉ်ကျေးမှုနှင့် မိုင်းမောမြို့ဟောင်းအကြောင်း၏ စာတမ်းပြုစုရန် မြစ်သားသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။





သူ့အနေနှင့် ပျူစာပေ၊ မွန်စာပေ၊ သက္ကတစာပေနှင့် ရှေးဟောင်းပေစာ ပုရပိုက်များကိုလည်း ကျွမ်းကျင်စွာတတ်မြောက်ထားသူဖြစ်သည်။ ရှေးဟောင်းပစ္စည်းတစ်ခုရှိသည်ဟု သတင်းကြားရသည်နှင့် မရောက်ရောက်အောင်သွား၍ လေ့လာတတ်သူဖြစ်သည်။

ယခုလည်း မြနဒီရွာသို့ခရီးမထွက်ခင် ရိုးကန်ရွာ ကျောင်းသိမ်တွင် ရှေးဟောင်းကျောက်စာတစ်ချပ်ရှိကြောင်း သတင်းကြားမိပြီး သွားရောက်လေ့လာကြည့်သည်။

သူ့စာတမ်းအတွက် အထောက်အကူများစွာရခဲ့သည်။ ပုဂံခေတ် ဒါနမှတ်တမ်းဖြစ်သည်။ စာကြောင်းရေ ၁၈ ကြောင်းရှိသော အဆိုပါကျောက်စာအလှူရှင် ဝိကုန်ထေဆိုသည်မှာ 'သံဃာတော်အရှင်မြတ် ဝိကုန်မထေရ်' ဖြစ်သည်။

သက္ကရာဇ် ၆၇၂ခု ဖုသနှစ်နံကာ (ဝါခေါင်လဆန်း ၁၄ ရက်)နှစ်နေ့ တနင်္လာနေ့တွင် အရှင်မြတ် ဝိကုန်မထေရ်က တံတိုင်းနှင့်ကျောင်းကို လှူခဲ့ခြင်းဖြစ်သည်။ လှူသော ကျွန်စုစုပေါင်း ၄ ယောက်၊ နွားတရှဉ်း၊ ရေကန် ၂ ကန်၊ ကုလဝင်လယ်အိုးတစ်ခု၊ ချောင်းမြောက်ခင်း၊ ထန်းပင် ၇ ပင် လှူဒါန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ လှူခဲ့ခြင်းဖြင့် အလှူရှင်က စတုမဟာရာဇ် ပြဟ္မာ အနန္တစကြာဝဠာကို ထုတ်ချင်းခတ်၍ အစီစိုင်ရဲရှိ သတ္တဝါများကို သူ၏ကုသိုလ်ရကြပါစေဟု အမျှအတန်းပေးဝေခဲ့သည်။

ထို့ပြင် သူ့ကို သူကောင်းပြုသော မင်းကြီးနှင့် အမတ်ကြီး ရာဇသင်္ကြန်တို့ကိုပါ ကုသိုလ်တွင်ဝေငှခဲ့သည်။ မောင်နန်းဝေသည် ကျောက်စာတွင်ပါသောသက္ကရာဇ်ကို လေ့လာကြည့်ရင်း ပုဂံခေတ် နောက်ဆုံးမင်းဆက်ဖြစ်သော 'စောနစ်မင်း' မင်းပြုခဲ့စဉ်က ကျောက် ဖြစ်မည်။ အမတ်ကြီးရာဇသင်္ကြန်အမည်ကို ကျောက်စာတွင် တွေ့ ခြင်းဖြစ်သည်။ ထိုအချိန်က အမတ်ကြီးရာဇသင်္ကြန်အပါအဝင် ရှမ်း နောင် ၃ ဦးသည် ပုဂံတွင် တန်ခိုးထွားနေချိန်ဖြစ်သည်။ ကျောက်စာ သည် သူကောင်းမှုကို ထိန်းသိမ်းစောင့်ရှောက်ကူညီသူကို ကုသိုလ်ရ စေဟု ဆုတောင်းခဲ့သည်။ စာကြောင်းရေ ၁၇ မှ ၁၈ အထိရေးထိုး ထားသော ကျိန်စာကိုလည်း မောင်နန်းဝေဖတ်ရှုလေ့လာရင်း သိလိုက် သည်။ ကောင်းမှုကို ဖျက်သောသူကား အဝီစိတွင်း ခံစေသတည်း လူရှုံ့ဖြစ်သော်လည်း ဘုရားအဖြစ်မြင်လျှင် မဖူးရသော လူပြိတ္တာ ဖြစ်စေသတည်းဟု ကျိန်စာဆိုထားသည်ကိုတွေ့ရသည်။





မောင်နန်းဝေသည် နောက်ထပ်ကျောက်စာတစ်ခုကိုလည်း ရှာဖွေတွေ့ရသည်။ လောင်းတော်ဦးရွာ သရက်တောကျောင်းသံပုံ (ဆံပုံဘုရား)တွင်တွေ့ရခြင်းဖြစ်သည်။ စာကြောင်းရေ ၃၀ ရှိလေ သည်။

အဆိုပါကျောက်စာမှာလည်း ငမောင်ဆိုသည့် အလှူရှင်က သစ္စာပြု၍ ကျောင်းဆောက်ပြီးလယ်နှင့် ကျွန်လှူသည်။ သူ့ကုသိုလ်ကို ဖျက်ဆီးသူအား ကျိန်စာတိုက်၍ သူ့ကုသိုလ်ကို ကူညီသူအား သူနှင့် အတူကုသိုလ်ရပါစေလို့ အလှူအတန်းဝေခဲ့သည်။

သက္ကရာဇ် ၆၉၆ ခု ဖုသနေ့ တပို့တွဲလဆုတ် ၈ ရက် တနင်္ဂနွေနေ့ သီတင်းနေ့တွင် ငမောင်သစ္စာပြု၍ ကျောင်းဆောက်လေ သတည်း။ လယ် ၉ ပယ်ခွဲ၊ ကျွန် ၂ အိမ်ထောင်ဤငါ့ကောင်းမှုကို ဖျက်ဆီးသောသူကား ရေးကအစဉ်အလွန်ကြီးသော မြေပုံလုံးမှ ကြွမက သော အခြားဖြစ်မြဲ အခြားဖြစ်စေသတည်း။

အလှူရှင်ကျိန်စာမှာလည်း သူ့ကောင်းမှုကို ဖျက်ဆီးလျှင် အငတ်ငတ် အမွတ်မွတ်ဖြင့် စားရမဲ့သောက်ရမဲ့ ဘဝဆောက်ဝါဆေး မြကြီးအောက် အစီစိတိုင်သံတံလျှပ် (သံတစို့)ဖြင့် အထက်အောက်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှက်ခြင်းခံရပါစေ။ ဤကမ္ဘာမြေထဲတွင် လူဟူ၍ ပြန်မဖြစ်ပါစေနှင့် အကယ်၍ သေခဲ့သော် ပြိတ္တာအဖြစ်သို့ရောက်ပါစေ၊ အမျိုးအနွယ်အား လုံး မီးကဲ့သို့ပူပါစေ သစ်ဟောင်းဝါးဟောင်း (သစ်ဆွေးဝါးဆွေး)ကဲ့သို့ အပါယ်ဘုံမှ အောက်ခြေထဲတွင် ရောက်ပါစေ၊ နှလုံးမချမ်းမသာသော ဘဝသို့ရောက်ပါစေဟု ကျိန်စာများအား ရေးထိုးထားသည်ကို မော နန်းဝေ ဖတ်ရှုခဲ့ရသည်။

ယခုလည်း မြနှဒီရွာအနီးတွင် ပျူကျောက်စာတစ်ချပ် တူးဖော် တွေ့ရှိရသည်ဟု သတင်းရရှိခဲ့ရာမှ ခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။ သွားလာခဲ့သောလှည်းမှာ ရိုးပြတ်လယ်ကွင်းများ ဖုန်းဆိုးမြေ ခြုံတော ကိုင်းတောများ တစ်ရွာဝင်တစ်ရွာထွက်နှင့်ခရီးနှင်လာခဲ့ရာ ညနေစောင်း မှောင်ရိပ်သန်းလုလုအချိန်သို့ ရောက်လာသည်။

လှည်းသမားမှာလည်း နွားနှစ်ကောင်ကို နှင်တံနှင့်ရွယ်လိုက် ရိုက်လိုက် တဟင်းဟင်း တဟဲ့ဟဲ့ ငေါက်ငမ်းကာ မောင်းနှင်လာခဲ့ သည်။ ရှေ့နားဆီတွင် ရေးဟောင်းအိမ်အိုဟောင်းကြီးတစ်ခုနှင့် ဘုရား ဟောင်းစေတီ အပြိုအပျက်များ သုသာန်ဖြစ်ဟန်တူသော အုတ်ဂူများ ကို လှမ်းမြင်တွေ့လိုက်ရသည်။ လှည်းမောင်းသည့်ဆရာကလည်း





အားကြိုးကို တင်းတင်းဆုပ်၍ဆွဲလိုက်ရာ နွားနှစ်ကောင်မှာ တီခနဲရပ် သွားသည်။

'ကဲ ငါ့ညီ သွားချင်တဲ့ မြနှဒီရွာတော့ရောက်ပြီ'

'ရွာသာဆိုတယ် လူနေအိမ်တွေလည်းမတွေ့ပါလား'

'ဒီကနေဆင်းပြီးလျှောက်သွားရင် သိပ်မဝေးတော့ပါဘူး။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးနဲ့ ဘုရားကုန်းပျက်ကျော်လိုက်ရင် ငါ့ညီ သွားချင်တဲ့ မြနှဒီရွာကလေးပဲ၊ နေလည်းစောင်းသွားပြီဆိုတော့ အစ်ကို ပြန်မှဖြစ်မယ်'

'အချိန်မှ မရှိတော့ဘဲ လှည်းဆရာကြီးရာ ကျွန်တော်နဲ့အတူ ရွာအထိလိုက်ခဲ့ပြီး နံနက်မှ ပြန်ပေါ့'

'မအိပ်တော့ပါဘူး ငါ့ညီ။ ဥန္နဲပုတ်ပဲ ပြန်မှာ'

'ဟာ ... ညကြီးမင်းကြီးဗျာ'

'ညကြီးမင်းကြီး လသာသာမှာ ကျုပ်ရွာကို ကျုပ်ပြန်ရဲပါ တယ် ငါ့ညီရာ။ ဒါပေမဲ့ ဒီလိုအချိန်မျိုးမှာ နှစ်ဆောင်ပြိုင်စံအိမ်တော် ကြီးနဲ့ ဘုရားပျက်ကုန်းကိုတော့ ဖြတ်မသွားရဲဘူး'

'ဘာဖြုလို့လဲဗျ '



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြောရရင်တော့ ဒီလမ်းကို ငါညီဖြတ်သွား
မှာဆိုတော့ သိလည်းသိထားသင့်ပါတယ်။ ငါ့ညီက တစ်နယ်ကလာ
ချည့်သည်မဟုတ်လား။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးက တချွေသ
တွေ ခြောက်တယ်လို့ နာမည်ကြီးတယ်။ ဘုရားကုန်းပျက်ထဲ
ဥစ္စာစောင့်မတွေရှိတယ်၊ သံချိုင်းအဝင် ညောင်မုတ်ဆိတ်ပင်တွေပေါ်မှ
ဂုံးစီးမှင်စာလေးတွေရှိတယ်၊ သတိထားပြီးဖြတ်သွားပေါ့ ငါ့ညီရာ
ကျွဲစ်တော့မြန်ပြီ"

လှည်းအငှားလိုက်ခဲ့သော ဥန္နပုတ်ရွာမှ လှည်းဆရာကြီးသည်
နွားများကို နောက်ပြန်လှည့်ကာ နှင်တံကို မြှောက်လိုက်သည် တင်ပါး
ပေါ်သို့ နှင်တံများ ကျလာချိန်တွင် နွားနှစ်ကောင်မှာလည်း အချီး
မြှောက်ကာ ဖုန်တထောင်းထောင်းထအောင် ဒုန်းစိုင်းပြေးသွားကြ
တော့သည်။

မောင်နန်းဝေသည်လည်း လှည်းပေါ်မှ ဆင်းကျန်ရစ်ခဲ့ပြီး
ယောင်နနဖြစ်နေသည်။ သူသည် ဓေတ်ပညာတတ်ဖြစ်သည့်အလျောက်
သရဲတစ္ဆေ၊ ဥစ္စာစောင့်၊ မှင်စာ စသည်များကိုကြောက်ရွံ့တတ်သူလည်း
မဟုတ်ပေ။ နယ်ပေါင်းစုံ၊ ဒေသပေါင်းစုံသို့ ရှေးဟောင်းသုတေသနကိစ္စ





များနှင့် ခရီးထွက်ရသလို အန္တရာယ်နှင့်ကြုံလာပါက ခုခံတိုက်ခိုက်ရန်
ဆိုင်းပညာရပ်များကိုလည်း ကျွမ်းကျင်စွာ တတ်ရောက်သင်ယူထား
သူဖြစ်သည်။ ရဲစွမ်းသတ္တိရှိပြီးစွန့်စွန့်စားစား ကိစ္စရပ်များကိုလည်း
ဝါသနာပါသူဖြစ်သည်။

မောင်နန်းဝေသည် ညို့ညို့မှိုင်းမှိုင်း အုပ်အုပ်ဆိုင်းဆိုင်းဝေါက်
ရောက်နေသော ညောင်မုတ်ဆိတ်ပင်တန်းအောက်မှ လျှောက်လာခဲ့
သည်။ ညောင်မုတ်ဆိတ်ပင်ကြီးများမှာလည်း ကြီးမားလှသလို ညောင်
မြစ်ကြီးများမြေပြင်ပေါ်တွင် အမြှိုင်းမြှိုင်းတွဲလွဲကျနေကြသည်။ လေတိုး
သွားသဖြင့် ညောင်ရွက်များကလည်း တရှဲရှဲမြည်သံများ ပေါ်ထွက်လာ
သည်။ ညောင်မုတ်ဆိတ်ပင်တန်းကျော်လိုက်လျှင် ဘုရားစေတီ အပြို
အပျက်များနှင့် အုတ်ပုံများအား ခြုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းထား
သည်ကို မြင်တွေ့လိုက်ရသည်။

ထိုစဉ်မှာပင် သွေးမျက်နှာတည့်တည့်ဆီသို့ ပိုးခနဲ ပျံထွက်
လာသော အုတ်ခဲပိုင်းတစ်ခုအရှိန်နှင့် ဖြတ်သန်းလာသည်။ မောင်နန်းဝေ
သည် ခေါင်းကိုငုံ့ကာ ကိုယ်ကိုတစ်ပတ်လှည့်လိုက်ပြီး ရှောင်တိမ်း
ရှောင်တိမ်းလိုက်သည်။ အုတ်ပုံများကြားသို့ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် အုတ်ဂူနောက်မှ ဆံပင်ဖားလျားနှင့်မိန်းကလေးတစ်ယောက် ထွားခနဲထွက်ပေါ်လာသည်။

လှည်းဆရာကြီးပြောသွားသော ဥစ္စာစောင့်မနှင့် တွေ့နေပြီလားမသိပေ။ စိတ်ထဲမှာတော့ ကြောက်ရွံ့ခြင်းမရှိ။ အနေအထားကို သေချာသိရန် စုံစမ်းလိုစိတ်သာရှိသည်။ မောင်နန်းဝေသည် သူမြင်တွေ့လိုက်ရသော အမျိုးသမီးအား သေချာကြည့်လိုက်သည်။ ဥစ္စာစောင့် မဟုတ်။ သိုက်နန်းစောင့် ဥစ္စာစောင့်ဖြစ်လျှင် တောက်ပြောင်သော အဝတ်အစားများနှင့် လှပသောသူဖြစ်ရမည်။ ယခုတော့ဒီလို မဟုတ်။

အဆိုပါအမျိုးသမီးမှာ ဆံပင်ရှည်များက မျက်နှာပေါ်တွင် ဖုံးအုပ်ထားသည်။ တစ်ကိုယ်လုံးမှာလည်း ပေရေညစ်ပတ်နေသလို အဝတ်အစားများမှာလည်း စုတ်ပြတ်နေသည်။ သူမလက်ထဲတွင် အုတ်ခဲကျိုးပိုင်းများကို ကိုင်ထားပြီး မောင်နန်းဝေအား ပေါက်ရန် ဟန်ပြင်လိုက်သည်။ ကျိန်းမောင်းဆဲရေးသံများ ထွက်ပေါ်လာသည်။

'ခွေးတိရိစ္ဆာန် ... လူယုတ်မာ သေချင်းဆိုးကောင် ...'

သူမမျက်လုံးများက မီးဝင်းဝင်းတောက်ကာ နီရဲနေသည်။ ဒေါသစိတ်ကြောင့် တစ်ကိုယ်လုံးယိမ်းထိုးတုန်လှုပ်နေသည်။ အမှတ်တမဲ့ မြင်တွေ့လိုက်ရပါက ကြောက်စရာကောင်းသော အသွင်အပြင်ဖြစ်သည်။





မောင်နန်းဝေအားကြည့်ပြီး ဆဲရေးကြိမ်းမောင်းလျက်ရှိသည်။ အနီးသို့ တိုးကပ်လာပြီး အုတ်ခဲကျိုးပိုင်းနှင့် ပစ်ပေါက်ရန် ရွယ်လိုက်သည်။

မောင်နန်းဝေသည် ကြောင်ကြည့်လို့နေမိရာမှ ဘာလုပ်ရမှန်း သိအောင် ဖြစ်သွားသည်။ အဆိုပါအမျိုးသမီး၏ပုံသဏ္ဌာန်ကိုကြည့်၍ စိတ်မနှံ့သော စိတ်ဝေဒနာရှင်တစ်ဦးသာဖြစ်မည်ဟု သိလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် အကြောင်းကိစ္စ ပေါ်ပေါက်လာလျှင် သက်သေခံ အထောက်အထားဖြစ်စေရန်အတွက် ပခုံးပေါ်တွင် လွယ်ထားသော ကင်မရာကို ဆွဲယူပြီး ဓာတ်ပုံရိုက်ယူလိုက်သည်။

ကင်မရာမှ မီးရောင်များ ဖျက်ခနဲလင်းသွားသည်။ မှောင်ရီပျိုးစအချိန်တွင် ဝင်းထိန်လင်းလက်သွားသော မီးရောင်ကြောင့် အမျိုးသမီးမှာ လန့်သွားပုံရသည်။ လက်ထဲမှ အုတ်ခဲပိုင်းကို မြေပြင်ပေါ်သို့ ပစ်ချရင်း...

'ငါ့ကလေးပြန်ပေး ငါ့ကလေးပြန်ပေး'



www.burmeseclassic.com

www.burmeseclassic.com



ဟုအော်ဟစ်ကာ ဘုရားအပြိုအပျက်များကြားထဲသို့ ပြေးဝင်ပျောက်ကွယ်သွားသည်။

မြနန္ဒီရွာသည် မောင်နန်းဝေအတွက် စိတ်ဝင်စားစရာကောင်းသော တွေ့ဆုံမှုများက စတင်ဆီးကြိုလိုက်သကဲ့သို့ ဖြစ်သည်။ စိတ်မနှံ့သည့် မိန်းကလေးအကြောင်းကိုလည်း မောင်နန်းဝေ စိတ်ဝင်စားသွားသည်။

ဘာကြောင့်များ ယခုကဲ့သို့ သွက်သွက်ခါအောင်ရူးပြီး လျှောက်ပြေးနေရပါလိမ့်။ အရူးမလေးအတွက် စိတ်မကောင်းဖြစ်နေမိပြန်သည်။

ဘုရားအပြိုအပျက်များနှင့် ဥစ္စာစောင့်ရှိသည်ဆိုသည်မှာ အဆိုပါအရူးမအား အဝေးမှ လှမ်းမြင်တွေ့ရပြီး ထင်ယောင်ထင်မှား ပြောဆိုကြခြင်းသာ ဖြစ်ပေလိမ့်မည်။

"ဝူး… အူး… အူး…"

ခွေးအူသံများက ထွက်ပေါ်လာသည်။ ရှေ့ဆက်လျှောက်လာရင်း အဘောက်အဦးပျက်ကြီးအနီးသို့ ရောက်လာပြန်သည်။ ရှေးခေတ်အခါက ခမ်းနားစွာ ဆောက်လုပ်ထားသော အိမ်ကြီးတစ်လုံးဖြစ်ပုံရသည်။ မြူနှယ်ပိတ်ပေါင်းများက တောထအောင် ဖုံးအုပ်လျက်ရှိသည်။ အဆိုပါအိမ်ဟောင်းကြီးသည် တိတ်ဆိတ်ငြိမ်သက်လျက် လူနေပုံမရပေ။





နေဝင်တော့မည် ဖြစ်သောကြောင့် ရွာသို့အမြန်ရောက်ရန် မောင်နန်းဝေသည် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်သည်။ ထိုစဉ်မှာပင် သူ့ရှေ့သို့ အရိပ်တစ်ခုက ဖျတ်ခနဲကျရောက်လာသည်။ ခန္ဓာကိုယ်ထွားကျိုင်းသလို ဗလကောင်းသူဖြစ်သည်။ လက်ထဲတွင်လည်း ဓားရှည်တစ်ချောင်းကိုကိုင်ထားသည်။

"ဟင်း … ဟင်း … ဥစ္စာစောင့်မယောက်ျား သိုက်နန်းဓာအကောင်တွေသေပေတော့"

ပြောပြောဆိုဆို လူစိမ်းက ဓားကိုဝင့်ပြီးခုန်ဝင်လာသည်။ ဓားချက်များကလည်း မိုးကြိုးမုန်တိုင်းကဲ့သို့ တရစပ်ကျလာသည်။ မောင်နန်းဝေသည် တွေဝေစဉ်းစားချိန်မရ၊ ကြောက်မက်ဖွယ်ကောင်းသော ဓားချက်များကို မနည်းပင်လွှတ်အောင် ရှောင်နေရသည်။ ဓားသမားတလည်း ကျွမ်းကျင်မှုအပြည့်ရှိပုံရသည်။ တိုက်ခိုက်မှုများကအားပါသလောက် ထိရောက်လျင်မြန်သည့် ဓားချက်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နန်းဝေ အနီးတွင် ပွတ်ကာသီကာနှင့် အဆက်မပြတ် ထိုးနှက်လျက်ရှိသည်။

သိုင်းပညာကျွမ်းကျင်သော မောင်နန်းဝေအဖို့ သတိထားပြီး ရှောင်တိမ်းနေရသည်။ တော်ရုံလူဆို မလွယ်ပေ။ သည်လူ၏ ဓားချက်အောက်တွင် အသက်ပျောက်သွားနိုင်သည်။

'ဘုရား ... ဘုရား ... ဘယ်ကအကုသိုလ်တွေက တစ်ပြုံလုံးဝင်လာတယ်မသိဘူး၊ ကြည့်ရတာ သိုင်းသမား အရူးတစ်ယောက်ပဲ ဖြစ်ရမည်' ဟုတွေးမိသည်။

'ဟေ့လူ ... ကျုပ်နဲ့ခင်ဗျား သိတာလည်းမဟုတ်ဘူး ဘာဖြစ်လို့ သဲကြီးမဲကြီးခုတ်နေရတာလဲဗျာ။ ခင်ဗျားကဘယ်သူလဲ'

ရှောင်ရင်းတိမ်းရင်းမှ မောင်နန်းဝေက အော်ပြောလိုက်သည်။

'ဟား ... ဟား ... မင်းမသိဘူးလား မင်းရဲ့သေမင်းလေ၊ မင်းရဲ့အသက်ကို ယမမင်းက တောင်းခိုင်းလိုက်တာပဲ၊ မင်းသိုက်နန်းက ရောက်လာတာမဟုတ်လား'

သေချာသွားပါပြီ။ တကယ့်ကို သိုင်းသမားအရူးကြီးတစ်ယောက်နှင့် ပက်ပင်းလာတိုးမိခြင်းဖြစ်သည်။ မောင်နန်းဝေ စတွေ့ခါ





မှာဝင် ဘုမသိဘမသိနှင့် သဲသဲမဲမဲ ခုတ်ပိုင်းနေသော ဓားချက်များကို ရှောင်ရှောင်တိမ်း မရတော့ပေ။

အရူးကလည်း ဖွဲနဘဲ ကြီးလှသည်။ အသေအကျေကို ခုတ်ပိုင်းမည့်ပုံပေါက်နေသည်။ ကြောက်ခမန်းလိလိ ဓားချက်များကို အသည်းအသန်ရှောင်တိမ်းရင်း စံအိမ်တော်ကြီးထောင့်တွင် ချောင်ပိတ်မိသလိုဖြစ်သွားသည်။

'ဟဲ ... ဟဲ နောက်ဆုံးတော့လည်း မင်း ငါ့လက်ထဲကနေ ဖြုတ်စုတ်တစ်ကောင်လို အရှုံးပေးရတာပဲ မဟုတ်လား ဥစ္စာစောင့်မယောက်ျားရဲ့၊ ဟား ... ဟား... ဘယ်မှာလဲ မင်းတို့သိုက်နန်း မင်းရဲ့ဥစ္စာစောင့်မ ကောင်မစုတ်ကို ခေါ်ပေးမှာလား၊ အဲဒီကောင်မကို နုပ်နုပ်စဉ်းပြီး သတ်ချင်တာကွ မင်းသိလား'

ဓားကိုင်ထားရင်း ဒေါသတကြီးပြောဆိုလိုက်သည်။ အင်အားအပြည့်နှင့် ဓားချက်ကို လွှဲလိုက်သည်နှင့် ဗိုးခနဲ ပြေးဝင်လာသော တုတ်ပိုင်းတစ်ချောင်းသည် ဓားကိုင်ထားသည့်လက်ကို ထိမှန်သွားသည်။

'ဝှစ် ...'



www.burmeseclassic.com

www.burmeseclassic.com



'ဒုတ် ...'

သိုင်းသမားအရူးကောင်သည် ဓားလွတ်ကျသွားပြီးနောက် သူ၏လက်ကို ညည်းညူကာ ဆုပ်ကိုင်ထားရင်း တုတ်ပိုင်းနှင့် ဝင်ပေါက်သူကို စူးစူးဝါးဝါး လှမ်းကြည့်လိုက်ရာ သူ့အမူအရာများ ချက်ချင်းပြောင်းလဲသွားသည်။

'ဟင်...ညီမလေးပန်းငုံ...'

ပြောပြောဆိုဆို မြေပြင်သို့ထိုင်ချရင်း တရှုံ့ရှုံ့ငိုနေပေတော့သည်။ မောင်နန်းဝေသည်လည်း မစဉ်းစားတတ်အောင် ဖြစ်သွားသည်။ ဘာတွေဖြစ်ကုန်သည် မသိ။ စံအိမ်တော်ကြီးအတွင်းသို့ ဝင်ရောက်လာသော မိန်းမချောလေးအား မှင်သက်မိကာ ငေးမောကြည့်နေမိသည်။

'ခွင့်လွှတ်ပါရှင်၊ ရှင့်ကို ဒေါသတကြီး ရန်ပြုနေတဲ့သူဟာ ပန်းငုံရဲ့အစ်ကိုပါ၊ သူပျောက်သွားရင် ပန်းငုံက ဒီနေရာမှာ လာပြီးရှာဖွေနေကျပါ။ စောစောက ဓားတစ်ချောင်းနဲ့ သဲကြီးမဲကြီးတိုက်ခိုက်နေတာတွေ တွေ့လိုက်ရလို့ ဝင်တားလိုက်ရတာပါ။ ပန်းငုံအစ်ကိုအစား စိတ်ရောဂါရှင်တစ်ဦးပါ'





မိန်းမချောလေးပြောပြနေ၍ တောင်းပန်စကားဆိုနေသည်ကို မောင်နန်းဝေသည် ငြိမ်ပြီးနားထောင်နေမိသည်။

'ကျေးဇူးပါဘဲဗျာ၊ ခင်ဗျားသာအချိန်မီမရောက်လာရင် ဒီလူ့ဓားချက်နဲ့ ကျွန်တော်အသက်ပျောက်လောက်တယ်၊ ဓားရေးကတော့ အတော်ကျွမ်းတဲ့သူပဲ။ ကြောက်စရာလည်း ကောင်းတယ်'

'ဒါထက်ရှင်က ဘယ်ကိုလာတာလဲ'

'ကျွန်တော့်နာမည် နန်းဝေလို့ခေါ်ပါတယ်'

နန်းဝေဆိုသည့် အမည်ကိုကြားလိုက်ရ၍ ပန်းငုံစိတ်ထဲတွင် မည်သို့ဖြစ်သွားသည်မသိ တစ်ကိုယ်လုံးအေးစိမ့်စိမ့်ဖြစ်သွားသလို ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားမိသည်ဟု ခံစားမိလိုက်သည်။

မောင်နန်းဝေဆိုသည့် လူငယ်အား သေချာကြည့်မိလိုက်သည်။ ရင်ထဲတွင် တလှပ်လှပ်ဖြစ်သွားရသလို၊ ဝမ်းနည်းကြေကွဲရသလို ငိုချင်သလိုလိုဖြစ်သွားမိသည်။ ပန်းငုံခံစားမှုများက ထူးခြားလှသည်။

'ကျွန်တော်က သမိုင်းပညာသင် ကျောင်းသားတစ်ယောက်ပါ။ စာတမ်းပြုစုဖို့ လိုအပ်တာနဲ့ မြနန္ဒီရွာကိုလာခဲ့တာပါ ဦးကြီးဦးသက္ကအိမ် သွားမလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော် ရှင်က ဦးကြီးရဲ့ ညွှသည်ကိုး'

'ဒီက မပန်းငုံနဲ့သိပါသလား'

'သိပါပကောရှင်၊ သူကြီးဦးယက္ခဆိုတာ တခြားသူမှ မဟုတ်ဘဲ ဟောဒီက စိတ်ဝေဒနာရှင်ဖြစ်နေတဲ့ ကိုဗလရဲ့ဖခင် ကျွန်မရဲ့ဦးကြီးပဲ'

'ကျေးဇူးပါဘဲဗျာ၊ မပန်းငုံကိုတော့ ကျေးဇူးတွေအထပ်ထပ်တင်မိတော့ပါပဲ၊ စောစောက ကျွန်တော့ရဲ့အခက်အခဲကို ကယ်တင်ပေ... သလို အခုလည်း ကျွန်တော်သွားမယ့်နေရာကို ဆိုက်ဆိုက်မြိုက်မြိုက်ဖြစ်အောင် လာတွေ့နေရတာပဲ'

'ကဲ ကိုဗလ ငိုမနေနဲ့တော့၊ ညီမလေးနဲ့ အတူတူပြန်ကြ... အောင်။ ကိုဗလသတ်ချင်တဲ့ ဥစ္စာစောင့်မလေးက ဒီနေ့လာမှာ မဟု... ဘူး၊ နောက်နေ့ကျမှ လာရှာကြတာပေါ့နော်'

မြေပြင်ပေါ်တွင် ငုတ်တုတ်ထိုင်လျက် ငိုမဲ့မဲ့ ဖြစ်နေသော... ကိုဗလဆိုသည့်သူအား ဆွဲထူရင်း ပြောလိုက်သည်။ အံ့သြစရာကောင်း... လှသည်။ စောစောက ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ခဲ့သော... မားသမား အရူးကြီးမှာ မပန်းငုံဆိုသည့် မိန်းကလေးနှင့် တွေ့သည်... တစ်ပြိုင်နက် မခုတ်တတ်သော ကြောင်လေးတစ်ကောင်နှယ် ငြိမ်...





သွားသည်။ ကြမ်းတမ်းသည့် အသွင်အပြင်များ ခဏချင်း ပျောက်ကွယ်သွားသည်။

ကိုဗလဆိုသူက မောင်နန်းဝေအား မော့ကြည့်သည်။

'ဩော်...သူက တခြားသူမဟုတ်ဘူး ကိုဗလရဲ့။ ဦးကြီးဆီလာတဲ့ မြို့ကဧည့်သည်။ ရန်မပြုရဘူးနော်၊ တော်ကြာ ဦးကြီးက သူ့မိတ်ဆွေကို ရန်ရှာတယ်ဆိုပြီး ကိုဗလကို ဆူပူကြိမ်းမောင်းနေဦးမယ်။ ပန်းငုံတို့ရဲ့မိတ်ဆွေ မှတ်ထားနော်'

ကိုဗလ ခေါင်းညိတ်ပြသည်။ သူ့ခေါင်းတွင် ကျနေသော ဓားရှည်ကို ကောက်ယူလိုက်သည်။ မောင်နန်းဝေစိတ်ထဲတွင်လည်း သွေးဆာနေသော ဘီလူးတစ်ကောင်မျက်နှာနှင့် ချောက်ချားဖွယ် မားသမား အရူးတစ်ယောက်နှင့် ချောမောလှပသော မပန်းငုံဆိုသည့် မိန်းကလေးတို့သည် ဘယ်လိုလုပ်ပြီးမောင်နှမ တော်စပ်နေရပါလိမ့်။ ရွာသို့စအဝင်မှာပင် သူ့အား အုတ်ခဲကျိုးပိုင်းနှင့်ပစ်ပေါက်သည့် အရူးမတစ်ယောက်၊ မားသမားအရူး အရူးမတွသာ တွေ့နေရသည်။ ပန်းငုံဆိုသည့် ချောမောလှသော မိန်းကလေး... စဉ်းစားကြည့်က ခေါင်းရှုပ်ချင်စရာဖြစ်လာသည်။

www.burmeseclassic.com



ထိုနေ့ညနေ နေဝင်ရီတရောအချိန်လေးမှာပင် တွေ့ကြုံခဲ့ရ သော အဖြစ်အပျက်များက သူ့ဘဝတွင် မေ့နိုင်စရာမရှိတော့။ မယ်နုံ နှင့် ဇလတို့မောင်နှမ ခေါ်ဆောင်ရာသို့ လိုက်ပါလာရင်း မြနန္ဒီရွာက လေးသို့ ရောက်ရှိလာသည်။ မြနန္ဒီရွာသို့ ထွက်ခွာမလာခင် သူငယ်ချင်း ဓာတ်ပုံဆရာ ကျော်လတ်မှာလိုက်သည့်အတိုင်း နဖူးစာရွာလည် သည့် အလား မပြောတတ်တော့ပေ။

❖ ❖ ❖

သူငယ်ချင်းဓာတ်ပုံဆရာ ကျော်လတ်ပေးလိုက်သောစာကို သူကြီးဦးယက္ခဖတ်ရှုပြီးနောက် အံ့သြဝမ်းသာသွားသည်။ သူအနေနှင့် တိမ်မြုပ်ပျောက်ဆုံးနေသော ပျူမင်းသမီးလေး၏ မိုင်းမောရတနာ သိုက်ကိုရှာဖွေနေသည့် သိုက်သမားဖြစ်သည်။ သူ့လက်ထဲတွင် သူကြီးဦးနေမင်းမှတ်တမ်း ရွှေနယားလက်ကြပ် ဆေးရည်စိမ်စဥ်ခေါင်း နှင့် ပျူစာနှင့် ရေးထားသောပုရပိုက်တစ်ခုရှိထားသည်မှာ နှစ်အတန် ကြာခဲ့ပြီဖြစ်လေသည်။





မောင်နန်းဝေက သမိုင်းပညာနှင့် ဘွဲ့ရပြီး ကျောင်းသားတစ်ဦး ဖြစ်သလို ရှေးဟောင်းကျောက်စာပျူစာများကို နားလည်ဖတ်ရှုနိုင်စွမ်း ရှိသည့် လူတစ်ယောက်ဖြစ်၍ ရတနာသိုက်ရှာဖွေရာတွင် အရေးပါ သည့် လူတစ်ယောက်ဖြစ်လာခဲ့သည်။ မောင်နန်းဝေကိုလည်း လိုလေ သေးမရှိ ဧည့်ဝတ်ကျေပွန်စွာ ပြုစုဧည့်ခံ၏။ မောင်နန်းဝေကလည်း ရှေးဟောင်းပျူလူမျိုးတစ်ဦးနှင့် ပတ်သက်၍ သူလေ့လာထားသမျှကို ပြောပြခဲ့သည်။

'မိုင်းမောဆိုတဲ့စကားက မက်မောဆိုတဲ့ ရှမ်းစကားကဆင်း သက်လာတာပဲ၊ ဆိုလိုတာက မောရှမ်းအမျိုးအနွယ် အမျိုးသမီးလေး တစ်ဦးကို စတေးပြီး မြို့တည်ခဲ့တာကြောင့် မက်မောကနေ မိုင်းမော ဖြစ်လာတယ်လို့ သမိုင်းပါမောက္ခကျွန်တော့်ဆရာက ပြောပြခဲ့ဖူး ပါတယ်'

'အင်း… မောင်နန်းဝေရောက်လာမှဘဲ ရှေးခေတ်ပျူလူမျိုး တွေအကြောင်း သေချာသိရတော့တာပဲ၊ ဦးတို့က ဒီနယ်မြေမှာသာ နေလာကြပေတယ် ရှေးခေတ်ကအကြောင်းတွေကို သိပ်သိတာမ ဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးတို့နေတဲ့ ပန်းလောင်မြစ်ဝှမ်းလွင်ပြင်ဒေသက ဟိုတုန်းက ပျူမြို့ပြနိုင်ငံတော်တွေ ထွန်းကားခဲ့တဲ့နယ်မြေတစ်ခုပဲ ဦးကြီး။ အေဒီ ၂ ရာစုမတိုင်ခင်ကစတင်ခဲ့ပြီး အေဒီ ၇ ရာစုလောက်မှာ အထွတ်အထိပ်ရောက်ခဲ့တာဘဲ အေဒီ ၈ ရာစုလောက်မှာ မိုင်းမောမြို့ပြနိုင်ငံတော် ပျက်သုန်းခဲ့ရတယ်လို့ သမိုင်းပညာရှင်တွေက ယူဆထားပါတယ်။

'ပျူမင်းဆက်တွေတော်တော်များသလား…ကိုနန်းဝေ'

ပန်းငုံကလည်း စိတ်ဝင်တစားမေးကြည့်သည်။

'ဟုတ်တယ်… ပန်းငုံ။ ရှေးဟောင်းမြန်မာပုရကျမ်းမှာ တကောင်းအဘိရာဇာထက် ရှေးကျတဲ့ ပျူမင်းပေါင်း ၁၃၉၃ ပါး ပေါ်ထွန်းခဲ့တယ်လို့ဆိုတယ်။ စာရင်းအရပြောရရင်တော့ ဟံသာဝတီပျူမင်း ၈၀၀ တပွဒီပပျူမင်း ၁၉၀ မက္ကပျူမင်း ၉၇ ကောင်းစင်ပျူမင်း ၃၀ အလာကပ္ပပျူမင်း ၂၆ ရွှာဝုပြီးပျူမင်း ၅၀ ပင်လယ်ပျူမင်း ၉၇ လယ်ကိုင်းပျူမင်း ၄၀ ရှိတယ် လို့ပြောတယ် …'

'ပင်လယ်ပျူဆိုတာက ပုဂံခေတ်မှာ ပင်လယ်မြို့ဆိုတာရှိခဲ့ဖူးတယ် အဲဒါဟိုတုန်းက မက္ကရာပျူနိုင်ငံဖြစ်တဲ့ မာဂဓေရာဇ်ပြည်ပျက်တဲ့အခါမှာ ဦးသျှောင်မဏ္ဍလရာဇ်ပြည်ဆိုပြီးပေါ်ပေါက်လာတယ် ထောမဦးဆုံးမင်းက ဝါနာ့တကာလုတုပ္ပ မင်းတဲ့ နောက်မင်းက စေတိယ… အဲဒီမင်းလက်ထက်မှာ အမတ်သေရင် အမွေတောင်းတယ်။ အခွန်အကောက်တွေက အရမ်းများတယ်။ ပြည်သူလူထုတွေလည်း ဆင်းရဲဒုက္ခရောက်ကြရတယ်။ သိကြားမင်းက သုံးကြိမ်တိုင်အောင်ခေါ်ပြီးဆုံးမတာကို မနာခံဘူး။ အဲဒါကြောင့် သမုဒ္ဒရာစောင့်နတ်မင်းကိုခေါ်ပြီး ပင်လယ်လှိုင်းတန်ခိုးတွေ ဝေစေတဲ့အခါမှာ မင်းနဲ့ တရားမဖက်သူတွေသေကြေပြီး ကိုယ်ကျင့်တရားကောင်းတဲ့သူတွေဘဲ ကျန်ခဲ့တယ်။ ပျူခေတ်မှာ ပင်လယ်မြို့ဆိုတာလည်း ရှိတယ်'

'ဒါနဲ့ မိုင်းမောပျူမြို့ကြီးပျက်သွားတာ ဘာကြောင့်ပျက်သွားရတာလဲ'

'နောက်ဆုံး အုပ်စိုးတဲ့မင်းတစ်ပါးဟာ ကိုယ်ကျင့်တရားပျက်ပြီး အလွန်ချောမောတဲ့ မယ်တော်ကို မိဖုရားမြှောက်ခဲ့တာကြောင့် နတ်သိကြားတွေကနေပြီး သဲမိုးနဲ့ဖျက်လိုက်တယ်လို့ ဒဏ္ဍာရီဆန်ဆန် ပြောပြတာတော့ ကျွန်တော်ကြားဖူးခဲ့တယ်။ စောစောကပြောတဲ့ ပင်လယ်မြို့ပျက်တာလည်း တရားမစောင့်တဲ့မင်းကြောင့် တိုင်းပြည်ပျက်




ဗိုလ်ယဉ်ပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသလို မိုင်းမောပျူမြို့တော်လည်း တရားမစောင့်တဲ့မင်းကြောင့် ပျက်ခဲ့တာပဲ ဖြစ်မှာပေါ့'

'ဟုတ်ပြီ ဦး ခုမှသတိရမိတယ်။ ဦးတို့အိမ်မှာက ဘိုးဘွားစဉ် ဆက်ကိုးကွယ်လာတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူ တယ်။ နောက်ပိုင်းပလ္လင်ရဲ့ နောက်မှီတကဲပေါ်မှာ ပျူစာတွေရေးထိုး ထားတယ်။ ဘာလဲတော့မသိဘူး။ သမီးပန်းငုံ ဘုရားစင်ပေါ်က ဆင်းတုတော်ကို မောင်နန်းဝေကို ပြလိုက်ပါဦး'

ပန်းငုံက ဘုရားစင်ပေါ်ရှိ ဗုဒ္ဓဆင်းတုတော်အား ပင့်လာပြီး မောင်နန်းဝေအားပေးလိုက်သည်။ မောင်နန်းဝေကဆင်းတုတော်အား သေချာလှေ့လာကြည့်သည်။

'ပျူခေတ်ဗုဒ္ဓဆင်းတုတော်တွေရဲ့ လက်နေဟန် မုဒြာနဲ့ ခြေနေ ဟန်(အာသန)တွေက ပုံစံအမျိုးမျိုးရှိတယ် ဦးကြီး၊ အများဆုံးတွေ့ တတ်တာက လက်နေဟန်(မုဒြာ) ၁၀ မျိုး၊ ခြေနေဟန်(ဟာသန ၈ မျိုး၊ ဒီဆင်းတုတော်ကလည်း ပျူခေတ်က ဗုဒ္ဓဆင်းတုတော်ပါပဲ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓရုပ်ပွားတော်နဲ့ ရဟန္တာရုပ်ပွားတော်များကို ခွဲခြားရာမှာ ဦးခေါင်းတော်မှာ မဏီတော်ပါခြင်း ဦးပြည်းအတိုင်း





ရှိနေခြင်းဆိုတာကိုကြည့်ပြီး ခွဲခြားရပါတယ်။ ရုပ်ပွားတော်ရဲ့ ကိုယ်လုံးတော်မှာရှိတဲ့ သင်္ကန်းတော်တွေကလည်း အရစ်အတွန့်တွေ ပါတယ်။ နောက်မှာရေးထားတဲ့စာက ပိဋကတ်တော် ဂါထာတစ်ပုဒ်ပဲ ဦးကြီး'

'ဘယ်လိုဂါထာမျိုးလဲ မောင်နန်းဝေ'

မောင်နန်းဝေသည် ဆင်းတုတော်၏ နောက်ကျောပိုင်း ပလ္လင်၏ နောက်မှီတွင်ရေးထားသောပျူအက္ခရာစာ ၄ ကြောင်းကို သေချာ ကြည့်ရှုလိုက်သည်။

ရေးထားသော စာမှာ-

ယေဓမ္မာ ဟေတုပ္ပဘဝါ

တေသံမောထုံ တထာဂရတော

အာဟာတေသဉ္စ ယောနိယောစော

ဧဝံ ဝါဒီမဟာ သမဏော - ဟုရေးထိုးထားသည်။

'တရားသဘောကို ရေးထားတာပါပဲ ဦးကြီး'

'အဓိပ္ပါယ်ကဘာတဲ့လဲ'

ယေဓမ္မာ -အကြောင်းခန္ဓာငါးပါး ဖြစ်ဖျက်တရားတို့သည်



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ယောတပ္ပဘဝါ | - | အကြောင်းဖြစ်သော သမုဒယသစ္စာသာလျှင် အမှန်အစရှိကုန်၏။ |
| တေသံဧဝွာန် | - | ထိုခန္ဓာငါးပါးအစရှိသော ဖြစ်ပျက်တရားတို့၏ |
| ယောတုံစ | - | အကြောင်းဖြစ်သောသမုဒယတရားကိုလည်း |
| တထာဂရဓော | - | မြတ်စွာဘုရားသည် |
| အာဟ | - | ဟောတော်မူ၏ |
| ယောနိယောဓော | - | အကြင်ချုပ်ငြိမ်းရာဖြစ်သော နိယောဓသစ္စာသည် |
| အတ္တိ | - | ရှိ၏ |
| မဟာသမဏော | - | ထိုရဟန်းတို့၏ အကြီးအကဲဖြစ်သောဘုရားသခင်သည် |
| ဧဝံဝါဒီ | - | ဤသို့သောအယူရှိတော်မူ၏ |

လို့ အဓိပ္ပါယ်ရပါတယ်။

အဿဇိက ရှင်သာရိပုတ္တရာအလောင်းကို မိန့်ကြားခဲ့တဲ့ ပိဋကတ်တော်လာဂါထာပါ ပါတယ် ဦးကြီး။





သူကြီးဦးယကွမှာ မောင်နန်းဝေ၏ရှေးဟောင်းပျူသမိုင်းပျူဘာသာများကို နားလည်တတ်ကျွမ်းသဖြင့် ဝမ်းသာဝမ်းမြောက်ဖြစ်ရသလို ပန်းငုံကလည်း အထင်တကြီးလေးစားလျက် ရှိသည်။ ပန်းငုံစိတ်ထဲတွင်လည်း ဘာကြောင့်မှန်းမသိ၊ ကိုနန်းဝေအကြောင်းကို စဉ်းစားကြည့်မိတိုင်း ရင်ခုန်လာရမည်။

'ဦးတို့မှာရှိတဲ့ အဘိုးဖြစ်တဲ့ သူကြီးဦးနေမင်း မှတ်တမ်းရယ် ပုရပိုက်ကိုလဲ အေးအေးဆေးဆေးလေ့လာကြည့်ပေါ့ကွာ…အရေးကြီးတာက ပုရပိုက်က စာတွေကို ဦးသိချင်တယ်'

'ကျွန်တော်ကြိုးစားပြီးဖတ်ပေးပါ့မယ်'

'ကဲ သမီး…ပန်းငုံရေ၊ မောင်နန်းဝေကိုတို့သိမ်းထားတဲ့ ရွှေနယားလက်ကြပ်ရယ် စဥ္စခေါင်းကြီးကို လည်းလိုက်ပြလိုက်ပါဦးကွယ်'

'အဲဒီ စဥ္စခေါင်းတလားကြီးကို ကျွန်တော်လည်း စိတ်ဝင်စားပါတယ်'

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ပန်းငုံသည် ကိုနန်းဝေအား အိမ်အတွင်းခန်းတစ်ခုသို့ခေါ် ဆောင်လာခဲ့သည်။ သူကြီးမင်းဦးယက္ခ၏နေအိမ်မှာလည်း အခန်းတွေ များလှသည်။

မြနန္ဒီရွာကလေးတွင် ဦးယက္ခ ဩဇာအရှိန်အဝါကြီးမားသည် မျိုးရိုးစဉ်ဆက် သူကြီးမျိုးဖြစ်၍ ရွာသူရွာသားများကလည်း လေးစား ကြည်ညိုကြသည်။

သားဖြစ်သူဗလမှာ ဖခင်အရှိန်အဝါနှင့် ပေတောဆိုးမိုက်နေ ခြင်း ဖြစ်သည်။ ယခုတော့စိတ်ဝေဒနာရှင်တစ်ဦး ဖြစ်နေသလို တစ်ခါ တလေ စိတ်ဖောက်ပြန်လာတတ်သည်။ စိတ်ဖောက်ပြန်ပြီး ဓား တစ်ချောင်းနှင့် တွေ့ရာမြင်ရာ ခုတ်တတ်သည့် အချိန်တိုင်းတွင် ပန်းငုံ က နှစ်သိမ့်ဖျောင်းဖျထိန်းသိမ်းရသည်။

ငယ်စဉ်ကတည်းက အတူနေညီမလေးတစ်ယောက်ဖြစ်၍ သံယောဇဉ်ကြီးစွာ ပန်းငုံစကားကိုတော့ နားထောင်သည်။ စိတ်ဖောက် ပြန်လာပြီဆိုပါက ပန်းငုံက လွဲပြီး ဘယ်သူမျှ ထိန်းကျောင်းမနိုင် တော့ပေ။

'ပန်းငုံပြတဲ့ စဉ့်ခေါင်းတလားကြီးက တော်တော်စိတ်ဝင်





စားဖို့ကောင်းတာပဲ။ ပျူမင်းသမီးလေးတစ်ပါးကို မပုပ်မသိုးအောင် ဆေးစည်းစိမ်ထားတယ်ဆိုတာ ... တွေ့ရကြုံရ ခက်ခဲတဲ့ ဖြစ်ရပ်ပဲ'

'ဟုတ်တယ် ... ကိုနန်းဝေ မိုင်းမောသူကြီး ဦးနေမင်းရဲ့ မှတ်တမ်းထဲမှာ အဲဒီစဉ့်ခေါင်းကြီးကို လှည်းပေါ်တင်ရင်း လျှောကျရာ ကနေ အပေါ်ဘက်ကအုပ်ထားတဲ့ လချေးကျောက်တွေပျက်စီးပြီး ဆေး ရည်တွေ ဖောက်ကျသွားတယ်။ ပျူမင်းသမီးလေး ရုပ်ခန္ဓာလည်း ပျက်စီးသွားတာကို သူကြီးဦးနေမင်း စိတ်မကောင်းဖြစ်ရတယ်လို့ ရေးထားတယ်။ အဲဒီမှတ်တမ်းကို ကိုနန်းဝေသေချာ ဖတ်ကြည့်ပေါ့'

'ဖတ်ရမှာပေါ့ ပန်းငုံရယ် အဲဒီလိုအကြောင်းတွေကို ကျွန် တော်အရမ်းစိတ်ဝင်စားပါတယ်။ ကျွန်တော်ဖတ်ဖူးခဲ့သမျှ အင်္ဂလိပ် မှတ်တမ်းတစ်ခုနဲ့ ခပ်ဆင်ဆင်သွားတူနေတယ်'

'ဘယ်လိုသွားတူတာလဲ'

'လွန်ခဲ့တဲ့ နှစ် ၆၀ လောက်က နယ်ချဲ့အင်္ဂလိပ်လက် အောက်မှာ မိုင်းမောမြို့ဟောင်းကိုဖြတ်ပြီး သတ္တုတွင်းတူးဖော်ရေးလုပ် ငန်းအတွက် သံလမ်းဖောက်ကြတယ် စိမ့်ကြီးပေါက်ရွာအနီးမှာစဉ့်အိုး ကြီးတစ်လုံးတူးဖော်မိရာကနေ စဉ့်အိုးကြီးထဲမှာ အင်တော်နေရှေးကလုပ် တဲ့ အမျိုးသမီးရုပ်အလောင်းကို ဖျားရည်စိမ်ထားတာ သွားတွေ့တယ်။

www.burmeseclassic.com



အင်္ဂလိပ်အရာရှိတွေက ဖျက်ဆီးပစ်လိုက်တယ်လို့ ဆိုတယ်။ ခု ပန်းငုံပြောပြတဲ့ အကြောင်းအရာနဲ့ခပ်ဆင်ဆင်ဘဲ။ သမိုင်းမှတ်တမ်းတွေဆိုတာက တူညီတာလဲရှိသလို ကွဲလွဲတာလဲရှိတာပဲ။ ဘာပဲဖြစ်ဖြစ် အခု ပန်းငုံတို့အိမ်မှာရှိနေတဲ့ စဉ့်ခေါင်းကြီးကတော့ ရှေးဟောင်းပစ္စည်းတစ်ခုအနေနဲ့ တန်ဖိုးဖြတ်လို့မရဘူး'

'ဒါဟာ မိုင်းမောသူကြီးဦးနေမင်းရခဲ့တဲ့‥ပျက်စီးသွားတဲ့ ပျူမင်းသမီးလေးရဲ့ လက်ကြပ်ပါ'

'ရွှေချိန်ကမနည်းပါလား'

'ဟုတ်တယ်‥ကိုနန်းဝေ ဒီရွှေနယားလက်ကြပ်က ရွှေချိန် ၃၇ ကျပ်သား ရှိတယ်'

မောင်နန်းဝေသည် ရွှေနယားလက်ကြပ်ကို သေချာယူကြည့်လိုက်သည်။

'ပုံဖော်ပြီး သွန်းခတ်ထားတဲ့ လက်ရာကောင်းပဲ၊ ဟင်္သာဦးခေါင်း မြင်းနှားရွက်နှစ်ဖက်၊ မြင်းလည်ပင်းနဲ့ ဆင်စွယ်နှစ်ချောင်း ဆင်နှစ်မောင်းက နှစ်ခု၊ ဟုတ်တယ်‥‥ ပန်းငုံ၊ အနုစိပ်ပန်းတိမ် လက်ရာကောင်းပဲ၊ ဒါမျိုးက ပျူမင်းညီမင်းသားနဲ့ မင်းခန်းမင်းနား သဘင်ပွဲတွေမှာ ဝတ်ဆင်ကြတဲ့ မင်းဝတ်တန်ဆာပစ္စည်းပဲ'





'ခက်တာက ဦးကြီးပဲ၊ ရွှေနယားလက်ကြပ်လို‥ပျူခေတ်က ရတနာပစ္စည်းတွေ ရှိလိမ့်မယ်လို့ယုံကြည်ထားတယ်။ ပျူမင်းသမီးလေးရဲ့ အလောင်းကို မီးသင်္ဂြိုဟ်လိုက်ပေမယ့် ဒီရွှေနယားလက်ကြပ်အပြင် တခြားရတနာပစ္စည်းတွေကို ဦးနေမင်းက တိတ်တဆိတ် မြှုပ်နှံထားတယ်လို့ထင်တယ်။ ဒါမှမဟုတ် မိုင်းမောတောကြီးထဲ မှာရှိတဲ့‥ထူးဆန်းတဲ့ ကျောက်ဂူကြီးတွေမှာ အဲဒီလိုပဲမပုပ်မသိုး ဆေးညှိစိမ်ထားတဲ့ ပျူမင်းသမီးရုပ်အလောင်းတွေ ရတနာပစ္စည်းတွေ ရှိရမယ်လို့ ယုံကြည်နေတယ်။အဲဒါတွေသာရရင်တော့ သူဌေးကြီး ဖြစ်ပြီပေါ့ ကိုနန်းဝေရယ်၊ ဦးကြီးကလောဘရမ္မက် ကြီးတယ်'

'ပန်းငုံဦးကြီး ယူဆထားသလို ဖြစ်နိုင်စရာအကြောင်းလည်း ရှိနိုင်ပါတယ်။ တချို့ သက်သေခံပစ္စည်းအထောက်အထားတွေ ရှိနေတာပဲမဟုတ်လား'

'နောက်ပြီး ပန်းငုံမှာ ဝဏ္ဏဆိုတဲ့ အစ်ကိုတစ်ယောက်လည်း ရှိသေးတယ်'

'ခုကော သူကဘယ်ရောက်သွားလဲ'

ပန်းငုံမျက်နှာလေးမှာ ညှိုးနွမ်းသွားဟုံရသည်။ စိတ်မကောင်း ဖြယ်ဝမ်းနည်းစရာကိစ္စမျိုး ဖြစ်နေပြီလားမသိပေ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုဝဏ္ဏက ကိုဗလလို မဟုတ်ဘူး။ ဘာသာတရားထို အရမ်းကိုင်းရှိုင်းတယ်၊ ပုတီးစိပ်တယ်၊ တရားထိုင်တယ်။ နောက်ပြီး ကိုဝဏ္ဏကိုလည်း မိုင်းလားသူကြီးဦးနေမင်း ဝင်စားတယ်လို့ သတ်မှတ် ထားကြတယ်။ကိုဝဏ္ဏကလည်း သူဟာ အတိတ်ဘဝတုန်းက သူကြီး ဟောင်းဦးနေမင်းဖြစ်ခဲ့သလို မိုင်းမောပြည်နဲ့ ပတ်သက်ဆက်နွယ်တယ် လို့ ယူဆထားတယ်။ ထူးဆန်းတဲ့ အိပ်မက်တွေမက်တတ်ပြီး သူ့ကို ပျူမင်းသမီးလေးက အိမ်မက်ထဲမှာ မကြာမကြာ လာခေါ်ကြောင်း ပြောပြတယ်။ ကိုဝဏ္ဏအိပ်မက်ထဲကအတိုင်း ပျူမင်းသမီးလေးတစ်ဦး ရဲ့ မပုပ်မသိုးတဲ့ရုပ်အလောင်းရှိရမယ်။ ရွှေငွေရတနာ ပစ္စည်းတွေလည်း ရှိရမယ်လို့ ဦးကြီးကိုယ်တိုင် ယုံကြည်ပြီး ရှာဖွေနေတာပဲ'

'အခု ကိုဝဏ္ဏကရော ဘယ်ရောက်သွားလဲ'

'လွန်ခဲ့တဲ့ တစ်နှစ်လောက်က အိမ်ကနေပျောက်သွားတာပဲ။ ဆေးဆရာဦးဒေဝပြောတာကတော့ မိုင်းမောတောင်ဖက် မြို့ရိုးဟောင်း နားမှာရှိတဲ့ စိမ့်ကြီးပေါက် ရိုးချောင်းကမ်းနားမှာ တွေ့ခဲ့ရတယ်လို့ ပြောဖူးတယ်'

'စိမ့်ကြီးပေါက် ရိုးချောင်းဆိုတာက ဘယ်လိုထူးခြားမှု ရှိလို့ လဲ'





'အဲဒီနေရာမှာ သူကြီးဦးနေမင်းက မပုပ်မသိုး ဆေးရည်စိမ် ထားတဲ့ စဉ့်ခေါင်းကြီးကို တူးဖော်ရရှိခဲ့တာပဲလေ'

'သြော်... ဒါကြောင့်ကိုး'

'ကိုနန်းဝေ... ဟောဒီဟာ ပျူမင်းသမီးလေးအလောင်းနဲ့ အတူ သူကြီးဦးနေမင်းရခဲ့တဲ့ ရှေးဟောင်းပုရပိုက်ပဲ။ ဘာတွေရေး ထားတယ်တော့ မသိဘူး။ တကယ်လို့ ဖတ်လို့ရရင် ဘာအကြောင်း အရာတွေကိုရေးထားတယ်ဆိုတာ ပန်းငုံအရင်ဆုံး သိချင်ပါတယ်'

'စိတ်ချပါ ပန်းငုံ၊ ကျွန်တော်လေ့လာပြီး အဓိပ္ပာယ်ဖော်လို့ ရရင် ပန်းငုံကိုပဲ အရင်အသိပေးပါ့မယ်၊ ဦးကြီးယက္ခကို ပြောသင့် ပြောသင့် တိုင်ပင်ကြတာပေါ့၊ ဒါနဲ့ ပန်းငုံကို မေးစရာရှိတယ်'

'ဘာများပါလိမ့်ကိုနန်းဝေ'

'ကျွန်တော် မြနန္ဒီရွာကလေးကို ဝင်လာခါစက ရွာတောင် ဘက် အဝင်နားမှာ ဘုရားကြီးကုန်းပျက်ဆိုတာ ရှိတယ်မဟုတ်လား'

'ဘာလဲကိုနန်းဝေလည်း ကိုဗလလို ဉစ္စာစောင့်မလေးနဲ့ တွေ့ခဲ့လို့လား'

'မဟုတ်ဘူး ပန်းငုံ၊ ကျွန်တော်တွေ့ခဲ့ရတာက ဉစ္စာစောင့်မ



www.burmeseclassic.com

www.burmeseclassic.com



လေး မဟုတ်ဘူး၊ စိတ်မနှံ့တဲ့ အရူးမတစ်ယောက်ကို တွေ့ခဲ့တယ်
အဲဒါလည်း ထူးဆန်းနေလို့ပါ'

ဖန်းငုံ မျက်နှာတစ်ချက်ပျက်သွားသည်ကို မောင်နန်းဝေ
သတိထားကြည့်မိလိုက်သည်။

'အဲဒီစိတ်သိပ်မနှံ့တဲ့ အရူးမက ကျွန်တော့်ကို အုတ်ခဲကိုး
နဲ့ ပေါက်မယ်လို့ လုပ်သေးတယ်။ အမှတ်တမဲ့ ကျွန်တော်လည်း
ဓာတ်ပုံလှမ်းရိုက်ယူထားလိုက်တော့ ဖလက်ရှ်က မီးပွင့်သွားတော
လန့်ပြီး ဘုရားအပြိုအပျက်တွေကြားထဲ ထွက်ပြေးသွားတယ်၊ ဟော
မှာ ကျွန်တော်ရိုက်ထားတဲ့ ဓာတ်ပုံ'

မောင်နန်းဝေက သူ၏ ကင်မရာထဲရှိသော ဓာတ်ပုံကိုပြလိုက်
သည်။

'ဩော် ... ကိုနန်းဝေက နှင်းနုနဲ့ တွေ့ခဲ့တာကိုး'

'သူ့နာမည်က နှင်းနုတဲ့လား'

'ဟုတ်တယ်ကိုနန်းဝေ ... ရွာကလူတွေ ဘယ်သူမှ မသိ
ဘူး။ ဒါကလည်း ဖန်းငုံရဲ့ လျှို့ဝှက်ချက်ပါ'

'ဘာတွေလျှို့ဝှက်ထားတာလဲ ဖန်းငုံရယ်။ ကျွန်တော်သိ





ရှင်သိချင်ပါတယ်။ အခုအချိန်မှာ ကျွန်တော့်ရဲ့ သဘောထားကို
ည်း ဖန်းငုံသိပါတယ်။ ဖန်းငုံမှာ အခက်အခဲရှိရင် ကျွန်တော်ကူညီ
ိုင်တာရှိရင် အကူအညီပေးချင်လို့ပါ။ ကျွန်တော့်ကိုတော့ နားလည်
းပါ'

'ဖန်းငုံကိုနန်းဝေကိုတော့ ပြောပြပါ့မယ်။ တခြားသူတွေကို
တော့ မသိစေချင်ဘူး။ ဦးကြီးကိုတောင် ဖန်းငုံ အသိမပေးဘဲ လျှို့ဝှက်
ားတာပါ။ နှင်းနုဘဝက စိတ်မကောင်းစရာပါဘဲ။ ကိုဗလနဲ့လည်း
တ်သက်ခဲ့ပါတယ်။ တကယ်တော့ နှင်းနုက ဖန်းငုံနဲ့ ညီအစ်မအရင်း
ို ချစ်ကြတဲ့ သူငယ်ချင်းတွေ။ ကိုဗလက အရှမ်းဆိုးတယ်။ နှင်းနုကို
ာ်ကားပြီး အတည်တကျမယူဘူး။ အပျော်သဘောဘဲထားတယ်။
ိုယ်ဝန်ရှိလာတော့ ကလေးမီးဖွားရင်း မီးတွင်းထဲမှာ ကလေးကလည်း
ုံး၊ သူ့ဘဝမှာလည်း အစော်ကားခံရ စိတ်ဆင်းရဲမှုတွေနဲ့ သွေးတက်
ီး စိတ်ဝေဒနာရှင်ဖြစ်သွားတာပါပဲ၊ သူက နှစ်ဆောင်ပြိုင်စံအိမ်တော်
ောင်းကြီးနဲ့ ဘုရားကုန်းပျက်ထဲမှာ ပုန်းနေတာ ဘယ်သူနဲ့မှလည်း
တွေ့တော့ဘူး။ လူတွေကိုတော့ အရမ်းကြောက်သွားပုံရတယ်။ နှင်းနု
ကို့သောက်ဖို့ ဖန်းငုံ နှစ်ရက်ခြား သုံးရက်ခြား သွားပို့ပေးရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဗလစော်ကားခဲ့တဲ့ နှင်းနုဘဝကို ပန်းငုံမှ မကြည့်ရှု မစောင့်ရှောက်ရင် ဘယ်သူမှ စောင့်ရှောက်မှာ မဟုတ်တော့ဘူး'

'ဒါဆိုရင် နှင်းနုက မီးတွင်းထဲမှာ သွေးတက်ရင်း စိတ်မနှံ့ဖြစ်သွားတာဆိုတော့ ကိုဗလကရော ဘယ်လိုဖြစ်လို့ စိတ်ဝေဒနာရှင်ဖြစ်သွားရတာလဲ။ သူတို့နှစ်ယောက်အဖြစ်အပျက်တွေက တိုက်ဆိုင်ဆိုင်သွားတူနေလို့လား'

'ကိုဗလ ဘာကြောင့်ရူးသွားတယ်ဆိုတာ သေချာမသိရဘူး နှင်းနုအတွက် စားစရာတွေသွားပို့ရင်း ကိုဗလကို နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးထဲမှာ ခေါင်းမှာ ဒဏ်ရာတွေရပြီး လဲနေတာက စတွေ့ရတာပဲ။ သတိလည်း မေ့နေတယ်။ သတိပြန်ရလာတော့ ကိုဗလလည်း သူ့အကြောင်းကိုဘာမှ မသိရသလို အခု ကိုနန်းဝေ မြင်တွေ့ရတဲ့အတိုင်းပဲ'

'အင်း… ကျွန်တော်စဉ်းစားမိတာ တစ်ခုတော့ရှိတယ် ကိုဗလခေါင်းမှာ ဒဏ်ရာတွေ ရခဲ့တယ်ဆိုတာ ဘယ်သူ့လက်ချက်မှန်းမသိရဘူး။ ကျွန်တော်နဲ့တွေ့တုန်းက နှင်းနုက အုတ်ခဲကျိုးတွေနဲ့ ပေါက်ဖို့လုပ်သေးတယ် နှင်းနုကများ ကိုဗလမူးလဲနေတုန်း ခေါင်းကို အုတ်ခဲတွေနဲ့ ထုတာများလားမသိဘူး'

'ကိုနန်းဝေပြောပြမှပဲ … ပန်းငုံလည်း ဒီအကြောင်းကို ဆက်စပ်တွေးမိတော့တယ်။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးဝန်းကျင်မှာက နှင်းနုပဲ ရှိတာလေ။ တခြားသူတွေဆိုရင်လည်း သရဲတစ္ဆေကြောက်လို့ ဘယ်သူမှ သွားရဲတာမဟုတ်ဘူး ဖြစ်နိုင်ပါတယ်'

'ပန်းငုံကရော နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးဘက်သွားနေတာ မကြောက်ဘူးလား'

'ဟင့်အင်း မကြောက်ပါဘူး။ ကိုဝဏ္ဏရှိတုန်းကလည်း ပန်းငုံတို့မောင်နှမနှစ်ယောက် အဲဒီအိမ်ကြီးထဲကို မကြာခဏရောက် သွားတတ်တယ်။ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးက ပန်းငုံရဲ့ အတိတ်ဘဝတစ်ခုနဲ့ ပတ်သက်နေခဲ့တယ်လို့ စိတ်ထဲမှာ အမြဲထင်တယ်'

'ပန်းငုံနဲ့ ကိုဝဏ္ဏတို့ မောင်နှမတွေရဲ့ဘဝက စိတ်ဝင်စားစရာပဲ။ ကိုဝဏ္ဏက သူကြီးဦးနေမင်း လူဝင်စားပြန်ဖြစ်သလို၊ ဟိုးအရင်မြို့စားမင်းသမီးကလေးနဲ့ ပတ်သက်နေတယ်။ ပန်းငုံကလည်း နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးရဲ့ အတိတ်ဘဝတစ်ခုခုနဲ့ ပတ်သက်နေတယ်။ တစ်နေ့လောက် အဲဒီအိမ်ကြီးကို သွားရအောင် ကျွန်တော့်ကို လိုက်ပို့ပါလား ပန်းငုံ'







www.burmeseclassic.com

www.burmeseclassic.com



'ကိုနန်းဝေအနေနဲ့လည်း ရောက်ကိုရောက်ရမယ့် နေရာပါ ပန်းငုံလိုက်ပို့ပါ့မယ်'

ဘယ်လိုအဓိပ္ပာယ်နှင့် ပြောခဲ့သည်ကိုတော့ ထိုအချိန်က မောင်နန်းဝေ မသိခဲ့ပေ၊ သူ့အပေါ်တွင် ပန်းငုံ၏ ကြင်နာယုယမှု အကြည့်များ တရင်းတနှီးဆက်ဆံပုံများက ထူးခြားနေသည်။

ထိုညက ညနက်သည်အထိ ပန်းငုံသည် အိပ်မပျော်နိုင်ဘဲ ရှိလေသည်။

ပန်းငုံသည် သူမရှေ့တွင်ရှိသော ပန်းချီကားအား တစိမ့်စိမ့် ကြည့်လျက်ရှိသည်။ အဆိုပါပန်းချီကားမှာလည်း ကိုဝဏ္ဏနှင့်အတူ နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးသို့ ရောက်ခဲ့စဉ်က အမှတ်မထင် တွေ့ရှိခဲ့သည့် ပန်းချီကားဖြစ်သည်။

ပန်းချီကားထဲမှ ပြုံးရွှင်နေသော မိန်းကလေး၏မျက်နှာမှာ ပန်းငုံမျက်နှာနှင့် တစ်ထေရာတည်း တူနေလျက်ရှိသည်။ ပန်းငုံကို ကြည့်ပြီးပန်းချီဆွဲထားသည်လားဟု ထင်မှားရလောက်ပေသည်။

ကွဲပြားသည်ဆိုလည်း ဝတ်စားဆင်ယင်မှုများသာဖြစ်သည်။ ပန်းချီကားထဲမှ မိန်းကလေးမှာ ပိတုန်းရောင်ဆံကေသာကို ဆံထုံးဖွဲ့





ထားထိုးထားပြီး စိန်ဆံထိုးလေးများ စိုက်ထားသည်။ ပဒုမ္မာအသားရောင်အင်္ကျီလက်ရှည်ပွပွ ရွှေဝါရောင် လွန်းတစ်ရာချိတ်ထဘီကို ဝတ်ဆင်ထားသည်။

ပုခုံးထက်တွင် ဇာပဝါပါးပါး အရောင်ဖျော့ဖျော့လေးကို ခြုံထားရာ လွန်စွာမှ ကျက်သရေမင်္ဂလာရှိလှသည်။ လက်ကောက်ခွေကြီးများကိုလည်း ဆင်ယင်ထားသည်။

ဘာကြောင့်များပန်းချီကားထဲမှ မိန်းကလေးသည် ပန်းငုံနှင့် တစ်ပုံစံတည်း လာရောက်တူနေပါသနည်း။ ပန်းငုံစဉ်းစား၍မရ။ ပန်းချီကားအောက်ခြေထောင့်နားတွင် နန်းဝေဆိုသဖြင့် ပန်းချီဆရာသည် သူ၏နာမည်ကို လက်မှတ်ရေးထိုးထားသည်။

ယခုအခါ သူမအိမ်သို့ ဧည့်သည်အဖြစ်ရောက်ရှိနေသည့် ကိုနန်းဝေအမည်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဘာကြောင့်များ လာတူနေရပါသနည်း။

ကိုနန်းဝေသည် မိုင်းမောပျူမြို့ဟောင်းနှင့် ပတ်သက်ပြီး စာတမ်းပြုစုရန် မြနန္ဒီရွာလေးသို့ ရောက်လာသူဖြစ်သည်။ ဒီဘ သဘောထား ပြည့်ဝပြီး သမိုင်းကြောင်းရေးရာ ရှေးဟောင်းစာပေများ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း တတ်ကျွမ်းသည်။ ပန်းငုံအတွေး ပန်းငုံနုလုံးသားများတွင် ကိုနန်းဝေသည် ညှို့ယူဖမ်းစားလျက်ရှိသည်။ မနက်ဖြန်မနက် စောစော တွင် ကိုနန်းဝေနှင့်အတူ နှစ်ခေါင်ပြိုင်စုံအိမ်တော်တောင်းကြီးအား လိုက်လံ ပို့ခေါင်ပေးမည်ဟု သူမပြောကြားထားခဲ့သည်။

သူငယ်ချင်းနှင်းနုအတွက် ရက်ရှည်ခံ စားသောက်နိုင်မည့် ကောက်ညှင်းထုပ်၊ ငှက်ပျောသီး စားဖွယ်သောက်ဖွယ်ရာများကိုလည်း ယူသွားရဦးမည်။ သူမအိမ်တွင် တစ်ရက်ထက်တစ်ရက် အနေကြာလာ ပြီး နီးစပ်မှုများကြောင့် သံယောဇဉ်ငြိတွယ်စပြုလာသည်။ သွားအတူ လာအတူ အနေနီးစပ်ခဲ့သည့်အလျောက် တစ်နေ့တခြား ကိုနန်းဝေ အပေါ် စိတ်ဝင်စားမှုများ စွဲလမ်းမှုများဖြစ်ပေါ်လာခဲ့သည်။

ဦးကြီးဦးယက္ခတို့ကလည်း ရှေးဟောင်းမိုင်းမောရတနာသိုက် ကို ရှာဖွေရန် ကြိုးပမ်းလျက်ရှိသည်။ ကိုနန်းဝေသည် ရတနာသိုက်ကို ရှာဖွေပေးနိုင်ရန် အကူအညီများစွာ ရနိုင်သည့် လူတစ်ယောက်ဖြစ် သည်။ တော်တော်နှင့် ပြန်ခွင့်ပေးမည်မဟုတ်။ မိုင်းမောရတနာသိုက်ကို ရှာဖွေတွေ့ရှိခဲ့သော် ဘာများဆက်ဖြစ်လာဦးမည်မသိ။ ပျောက်ဆုံးသွား သော အစ်ကိုဖြစ်သူ ကိုဝဏ္ဏကိုလည်း ပြန်တွေ့ချင်မြင်ချင်မိသည်။





အတွေးပေါင်းစုံတို့က ပန်းငုံအား အိပ်မပျော်နိုင်အောင် စေစားနှိပ်စက် လျက်ရှိနေပေသည်။

မနက်စောစောထရမည်ဖြစ်၍ မျက်စိနှစ်လုံးပိတ်၍ အိပ်ပျော် ရန် ကြိုးစားသည့်တိုင် ကိုနန်းဝေပုံရိပ်က ပျောက်မရအောင် မျက်ဝန်းထဲ တွင် စွဲထင်ငြိတွယ်နေပေတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## မိုင်းမောရထာနာသိုက် လျှို့ဝှက်ပုရပိုက်

သူကြီးဦးယက္ခ နေထိုင်နေသော အိမ်ကြီးမှာ အဆောင် အခန်းများစွာနှင့် နှစ်ထပ်အိမ်မြင့်ကြီးဖြစ်သည်။ အပေါ်ထပ် လက်ယာဘက်ထောင့်စွန်းအခန်းတွင် မောင်နန်းဝေအတွက် သီးသန့်နေရာပေးထားသည်။ ထိုညက မောင်နန်းဝေ အိပ်ခန်းတွင်လည်း မှန်အိမ်အလင်းရောင်များ ဖြာထွက်လျက်ရှိသောကြောင့် မောင်နန်းဝေ မအိပ်သေးကြောင်း သိသာထင်ရှားလှသည်။

မပန်းငုံ ပေးလိုက်သည့် မိုင်းမောသူကြီးဦးနေမင်း၏မှတ်တမ်းကိုလည်း သေချာစွာလေ့လာဖတ်ရှုခဲ့ပြီးဖြစ်သည်။ သူကြီးဦးနေမင်း၏ ဘဝတွေကြုံမှုများကလည်း ထူးဆန်းအံ့သြဘွယ်ကောင်းသလို ပျိုမြင်းသမီးလေးအား သင်္ဂြိုဟ်ပြီးပြီးချိန်တွင် ဓနီးဖြစ်သူမသီရိ ရုတ်တရက်





ဘွယ်လွန်သွားသည့် ဖြစ်ရပ်များမှာလည်း ဒဏ္ဍာရီဆန်ဆန် လွမ်းမောကြေကွဲဖွယ်ကောင်းလှသည်။

ပို၍ထူးဆန်းသည်မှာလည်း စိမ့်ကြီးပေါက်ချောင်းရိုးရှိ ဆေးညှိစိမ်ထားသော ရုပ်အဆင်းပျက်သွားသည့် ပျိုမြင်းသမီးလေးအလောင်းသင်္ဂြိုဟ်သည့်နေရာမှ အစိမ်းရောင်မီးလုံးကြီးများသည် မိုင်းမောသုသာန်အတွင်း မသီရိအားသင်္ဂြိုလ်သည့်နေရာသို့ ကူးသန်းပြောင်းရွှေ့လာကြသည်မှာလည်း အံ့သြဖွယ်ရာများ ဖြစ်နေသည်။

ရေးဟောင်းပုရပိုက်ပါ ပျူဘာသာနှင့် ရေးထားသည့်စာများကို မောင်နန်းဝေသည် ကြိုးစားလေ့လာဖတ်ရှုပြီးနောက် အောက်ပါ အဓိပ္ပါယ်များပါရှိသည်ကို စိတ်ဝင်စားဖွယ် တွေ့ရှိလိုက်ရသည်။

❖ ❖ ❖

ကျွန်ုပ်သည်ကား မိုင်းမောပြည့်ရှင် မဟာရာဇဝင်းမြတ်၏ လက်အောက်၌ အမှုတော်ထမ်းဆောင်လျက်ရှိသော အမတ်ကြီး မဟာသနဖြစ်ပါ၏ ကျွန်ုပ်၏တူမတော်မှာ ပျူသဘင်ယဉ်ကျေးမှုအခေါင်းဆောင်ကချေသည် သီရိမာလာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ရှင်မင်း၏ တစ်ဦးတည်းသော သားရတနာ သူရိယရာဇာမင်းသားနှင့် ကချေသည်သီရိမာလာတို့မှာ တရုတ်နေပြည်တော် ချန်အန်မြို့သို့ ပျူသဘင်ဂီတပညာစွမ်းများကို သွားရောက်တင်ဆက်ပြသခဲ့ပြီးနောက် အသွားအပြန် တစ်နှစ်ကျော်ခန့်ကြာမှ မိုင်းမောနေပြည်တော်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ကျွန်ုပ် ကိုယ်တိုင်လိုက်ပါခဲ့သော ခရီးဖြစ်ပေသည်။

သူရိယရာဇာမင်းသားနှင့် ကချေသည်သီရိမာလာတို့သည် မေတ္တာတော်မျှကြပြီး သုဝဏ္ဏသေလာဘုရားတွင် သစ္စာတည်တိုင်တည် စကားဆိုခဲ့ကြပါ၏။ သူရိယရာဇာမင်းသားမှာ သစ္စာပျက်ယွင်းဖောက်ပြန်ခဲ့ပြီး မင်းသမီး ရူပဒေဝီနှင့် ထိမ်းမြားလက်ထပ်ခဲ့ပါ၏။

ကျွန်ုပ်၏ တူမတော်ကချေသည် သီရိမာလာမှာ ကြေကွဲဝမ်းနည်းစွာ အဆိပ်သောက်၍ ချစ်ခြင်းမေတ္တာသစ္စာတရားကို ခိုင်ကြည်မြဲခဲ့ပါသည်။

သူရိယရာဇာမင်းသားအား ကျွန်ုပ် လုည့်ဖြားခဲ့ပါသည်။ မိုင်းမောမြို့ဟောင်း တောင်ဘက်တွင် စဥ့်အခေါင်းဖြင့် ဆေးရည်စိမ်ထားသော ရုပ်အလောင်းမှာ ကျွန်ုပ်၏တူမတော် ကချေသည် သီရိမာလာ





မဟုတ်ပေ။ ထိုရက်ပိုင်းက အဖျားရောဂါနှင့် ကွယ်လွန်ခဲ့သော ကချေသည်မလေး သီရိကလျာဖြစ်သည်။

သီရိကလျာသည် သီရိမာလာနှင့် ခွဲခြားမရအောင် ရုပ်ရည်တူကြသည်များ ဖြစ်သည်။ ကပွဲသဘင်များတွင် သီရိမာလာကိုယ်စားနှစ်ကိုယ်ခွဲသရုပ်ဆောင်ကြသည့် ချေသည်မလေးတစ်ဦးပင် ဖြစ်သည်။ သီရိကလျာ ကွယ်လွန်သွား၍ ဆေးရည်စိမ်ပြီးနောက် စဥ့်ခေါင်းကြီးတွင် ထည့်သွင်းထားရာ သူရိယာဇာမင်းသားလေးမှာ သူချစ်မြတ်နိုးသော ကျွန်ုပ်၏တူမတော် သီရိမာလာဟုပင် ထင်မှတ်ထားခဲ့သည်။

သူရိယရာဇာမင်းမင်းသား၏ အစီအရင်နှင့် မပုပ်မသိုးအောင် ဆေးရည်စိမ်ထားသော ကျွန်ုပ်တူမတော် ကချေသည် သီရိမာလာရုပ်အလောင်းအား တိတ်တဆိတ်ဆောင်ကြဥ်းပြီး ဤမိုင်းမောလှိုဏ်ဂူတွင် ရွှေငွေရတနာများနှင့်အတူ ထည့်သွင်းထားရှိလိုက်ပါသည်။

ကျွန်ုပ်ကိုယ်တိုင်လည်း ဤမိုင်းမောလှိုဏ်ဂူကြီးထဲတွင် ချစ်လှစွာသော တူမတော်လေး၏ ရုပ်အလောင်းအား စောင့်ရှောက်လျက်ရှိပါသည်။ ကျွန်ုပ်ကွယ်လွန်ပြီး ဝိဉာဉ်ဘဝရောက်ရှိသည့်တိုင် စောင့်ရှောက်နေဆဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အို… လောကကိုစောင့်ရှောက်ကြကုန်သော လောကပါလနတ်မင်းကြီးများနှင့် သစ္စာတရားမြတ်တို့အား တိုင်တည်လျက် ကျွန်ုပ် အမတ်ကြီး မဟာသေန သစ္စာဆိုခဲ့ပါသည်။

ဤမိုင်းမောလိုဏ်ဂူကြီးထဲတွင်ရှိသော ရတနာပစ္စည်းတို့သည် နောင်တွင် ပွင့်တော်မူမည့် အရိမေတ္တယျဘုရားရှင်လက်ထက်တွင် ကျွန်ုပ်၏တူမတော် ကချေသည် သီရိမာလာနှင့်အတူ ဆုံဆည်း၍ ဘုရားရှင် သီတင်းသုံးရန် ကျောင်းတော်ကြီးအတွက် လှူဒါန်းခဲ့ပါသည်။

ဤဘဝအပိုင်းအခြားတွင် ကျွန်ုပ်နှင့် ကျွန်ုပ်တူမတော်တို့သည် မကျွတ်မလွတ်သောဘဝနှင့် လောကသစ္စာတရားကို ဖောက်ဖျက်သူများ အန္တရာယ်မှ ကာကွယ်ရင်း ဤမိုင်းမော လိုဏ်ဂူတော်ကြီးတွင် ကျွန်ုပ်တို့၏ ဝိဉာဉ်တော်နှင့်အတူ ထာဝရရှင်သန်စေနိုင်ပါသတည်း။

သီရိဝဏ္ဏ … ဗိန္ဓုပြောက်ရှာ
ယာဘက်နေ … ဝဲဘက်လ
ဘေးဝဲဝရဇိန် … ဘေးယာခရုသင်း
သဲဖြူလှိုင်းတွန့် … ရေသောက်ဆင်း

*အမတ်ကြီးမဟာသေန*
*မိုင်းမောရွှေပြည်နေပြည်တော်*

◆ ◆ ◆





မောင်နန်းဝေသည် မပန်းငုံပေးလိုက်သော သူကြီးဦးနေမင်း ထားခဲ့သည့် ရှေးဟောင်းပုရပိုက်ပါ ပျူစာများ၏ အကြောင်းအရာများကို သိရှိသွားသလို မိုင်းမောလှိုဏ်ဂူနှင့် ရတနာသိုက်ရှိရာ နေရာကိုလည်း ခန့်မှန်းတွက်ဆရရှိသွားလေသည်။

အမတ်ကြီးမဟာသေန၏ ပုရပိုက်ပါ အောက်ဆုံးစာမျက်နှာများမှာ ရတနာသိုက်ရှိရာသို့ ရှာဖွေဖော်ထုတ်နိုင်သည့် မြေပုံအညွှန်းတစ်ခုလည်း ဖြစ်လောက်ပေသည်။

မနက်ဖြန်နံနက်ရောက်လျှင် မပန်းငုံနှင့်အတူ နှစ်ဆောင်ပြိုင် စံအိမ်တော်ဟောင်းကြီးသို့ လေ့လာရန် သွားရောက်ကြမည်ဟု ချိန်းဆိုထားပြီးဖြစ်သည်။

ထိုအကြောင်းကိုလည်း မပန်းငုံနှင့် ဦးစွာတိုင်ပင်ရပေမည်။ သူကြီးဦးယက္ခမှာ လောဘကြီးသူတစ်ယောက်ဖြစ်၍ မိုင်းမောရတနာသိုက်အား မဖြစ်မနေရှာဖွေမည့်သူဖြစ်သည်။ ရတနာသိုက်ရှိ ရွှေငွေပစ္စည်းတို့မှာ နောင်ပွင့်မည့် ဘုရားရှင်အတွက် ရည်စူးလှူဒါန်းထားသော ပစ္စည်းများဖြစ်ရာ ရှာဖွေသူများအတွက် အခက်အခဲ အန္တရာယ်များနှင့် ကြုံတွေ့ကောင်း ကြုံတွေ့နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နန်းဝေအနေနှင့် ရှေးဟောင်းပျူသမိုင်းနှင့် မိုင်းမောမြို့တော် အကြောင်းကို လေ့လာစုံစမ်းပြီး စာတမ်းရေးရန်သာ ဖြစ်သည်။ ရတနာသိုက်ရှာဖွေရန် မဟုတ်ပေ။

သို့သော် သူကြီးဦးယက္ခ၏အိမ်တွင် နေထိုင်တည်းခိုမိရင်း အကျစ်အတည်း တစ်ခုအတွင်းသို့ ဆင်းသက်မိသလိုဖြစ်ရပြန်သည်။ ပန်းငုံဆိုသည့် မိန်းမချောလေးအပေါ်တွင် ခင်မင်သံယောဇဉ် တွယ်မိခဲ့သလို သူကြီးဦးယက္ခ၏ အသိုက်အဝန်းထဲတွင် မိုင်းမောရတနာသိုက် ရှာဖွေရေး၌ ဘုမသိဘမသိ ကြားညပ်ပါဝင်ကာ ပက်သက်လာရတော့မလို ဖြစ်နေသည်။

ဖြစ်လာသမျှကို ရင်ဆိုင်ဖြေရှင်းတတ်သော ပင်ကိုစိတ်နှင့်အတူ မောင်နန်းဝေကိုယ်တိုင်ကလည်း ရှေ့ဆက်ဖြစ်ပေါ်မည့်အကြောင်းများကို စိတ်ဝင်တစား ရင်ခုန်နေမိလေတော့သည်။

❖ ❖ ❖





ဆောင်းနံနက်ခင်းဖြစ်သောကြောင့် နှင်းမှုံကလေးများ တဖွဲဖွဲကြွေဆင်းလျက်ရှိသည် နေခြည်များကလည်း နှင်းမြူတုအား မဝံ့မရဲထိုးဖောက်ဖြာကျလာကြသည်။ မောင်နန်းဝေနှင့် ပန်းငုံတို့သည် နှစ်ဆောင်ပြိုင်စံအိမ်တော်ဟောင်းကြီးအတွင်း ဝင်ရောက်လာကြပြီး လှည့်လည် ကြည့်ရှုနေကြသည်။

နှစ်ဆောင်ပြိုင်သစ်သားနှစ်ထပ်အိမ်အမြင့်ကြီးမှာ မြင့်မားသော အမိုးပြဿဒ် စုလစ်မွန်းချွန်းများဖြင့် လွန်စွာရှေးကျခမ်းနားလှပလွန်းသည်။

'ပန်းငုံတို့ကြားဖူးတာကတော့ စံအိမ်တော်ကြီးကို အင်္ဂလိပ်ခေတ်က မြို့ပိုင်မင်းတစ်ယောက် ဆောက်ခဲ့တာလို့ပြောတယ်'

မောင်နန်းဝေကလှည့်လည်ကြည့်ရှုရင်း...

'အဆောက်အဦက တကယ့်ကိုဘဲ ခမ်းနားတာပဲ။ ခေါင်မိုးစွန်းမှာရှိတဲ့ တုရင်ခေါင့်ရင်း ခေါင့်ပန်းတွေလည်း ဖြိုကျနေတယ်။ ဟောဒီအဆောင် ဆင်ဝင်ပေါက် တံစက်မြိတ်မှာတပ်ထားတဲ့ ခြူးပန်း ခြူးနွယ်ကနုတ် ခြူးပန်းဆွဲ စိန်ပွင့် စိန်ကုံး မုဒရယ်ပန်းနွယ် ဆင်နွယ်ပန်းယှက်မကာန်းကွက်တွေ ပျက်စီးကုန်တာ တော်တော်နှမြောဖို့



www.burmeseclassic.com

www.burmeseclassic.com



တောင်းတယ်၊ ဒါတွေက အင်္ဂလိပ်ခေတ်ဆိုပေမယ့် ကုန်းဘောင်ခေတ် ပန်းတော့ ပန်းပုလက်ရာတွေဘဲ ပန်းငုံ'

'ကိုနန်းဝေက သမိုင်းပညာရပ်တင်မကဘူး အနုပညာလက်ရာတွေနဲ့ပတ်သက်ပြီး တော်တော်သိတာပဲ'

'ဒီလိုပဲ လေ့လာထားရတာပေါ့။ ဒါတွေက ကျွန်တော့်ဝါသနာအပါဆုံးကိစ္စတွေမဟုတ်လား'

'ဟိုတုန်းကဆိုရင် ဒီစံအိမ်တော်ကြီးက အတော့်ကို ခမ်းနားထည်ဝါခဲ့လိမ့်မယ်။ မှန်ပြူတင်းပေါက်တွေကိုတောင် မုဒရပ်ပန်းတွေကမွှက်ပန်းခက် ခရုပတ်ကနုတ်ပန်းတွေနဲ့ ဘောင်ခတ်ထားတယ်၊ လင်းနို့တောင်တွေ၊ တုရင်ပန်းဆွဲတွေလည်း ပြုတ်ကျပျက်စီးကုန်ကြပြီ'

'ကိုဝဏ္ဏနဲ့လာတုန်းက ပန်းချီကားတစ်ချပ်ရခဲ့တာရှိတယ်၊ အဲဒီပန်းချီကားက ပန်းငုံအတွက် ထူးခြားလွန်းလို့ အိမ်မှာယူပြီးသိမ်းထားတယ်။ ကိုနန်းဝေကို နောက်မှ ပြရဦးမယ် ပန်းချီကားရတဲ့အခန်းကို ပန်းငုံလိုက်ပြမယ်၊ လာ ကိုနန်းဝေ'

ပန်းငုံခေါ်ဆောင်ရာသို့ လိုက်ပါလာရင်း မောင်နန်းဝေ ခန္ဓာကိုယ်တစ်ခုလုံး လေးလံလာသည်ဟု ထင်မိလိုက်သည်။ စိတ်ထဲတွင်လည်း လွမ်းသလို ဆွေးသလို ထူးဆန်းသည့် ဝေဒနာတစ်ရပ်အား ခံစားလာမိသည်။

သစ်တိုသစ်စများကလည်း ရှုပ်ထွေးစုပုံနေသလို ကြမ်းခင်းများကလည်း ဆွေးမြေ့နေကြသည်။ တချို့နေရာတွင် ပေါင်းလောင်းပေါက်ကြီးဖြစ်နေကြသည်။ တကျွိကျွိမြည်နေသော ကြမ်းခင်းများပေါ်တွင် သတိထားပြီး လျှောက်နေကြရသည်။

'ဒီအခန်းပဲ ကိုနန်းဝေ'

မပန်းငုံ စကားပြောသံများက တုန်လှုပ်နေပုံရသည်။ သူမကိုကြည့်ရသည်မှာလည်း ကတုန်ကရင် ဖြစ်နေပုံရသည်။ အခန်းထဲသို့ဝင်လာသော သူတို့နှစ်ဦး၏ လှုပ်ရှားမှုကြောင့် မျက်နှာကျက်တွင် နားလေးခိုနေကြသော လင်းနို့များက တဖျတ်ဖျတ်တဝုန်းဝုန်း ထပြန်သွားကြသည်။

ထိုစဉ်မှာပင် အမိုးစွန်းပေါ်မှ တွဲလွဲချိတ်နေသော ကနုတ်ပန်းဆောင်တစ်ခုသည် မောင်နန်းဝေခေါင်းပေါ်သို့ အမှတ်မထင် ပြုတ်ကျလာသည်။





ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

'ဒိုင်း'

မောင်နန်းဝေစိတ်ထဲတွင် သေနတ်သံများ ကြားလိုက်ရသည် ဟု ထင်မိသည်။ ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားကာ ကြမ်းပြင်ပေါ်မှ ခွေခနဲ ပုံလဲကျသွားပြီး သတိမေ့မြောသွားသည်။ သူ့စိတ်အလွှ အတိတ်ကာလ တစ်ခုဆီသို့ လွင့်ပါးသွားလေသည်။

❖ ❖ ❖

ကြောက်မက်ဖွယ်ကောင်းသော လူတစ်စုသည် တုတ်၊ ဓား လက်နက်များကို ကိုင်ဆောင်ထားရင်း သူ့အား ဝိုင်းရံထားသည် ရင်ဘတ်နေရာမှ မချိမဆံ့ဝေဒနာ ခံစားနေရသည်။

သူ့တစ်ကိုယ်လုံးတွင် သွေးများက မြင်မကောင်းအောင် စီး လျက်ရှိသည်။ သူ့ရှေ့နားတွင် မိန်းကလေးတစ်ဦးမှာလည်း ပုံလျ သားလဲကျလျက် ဖုန်မှုန့်များ အထွေးထွေးပေကျံနေသည်။ သွေး ထဲတွင် လဲကျနေသူမှာ မောင်နန်းဝေဖြစ်နေသည်ကို မောင်နန်း ကိုယ်တိုင် ပြန်လည်မြင်တွေ့ရသည်။





ဖြူဖွေးနုနယ်သော မိန်းကလေး၏လက်ကိုလည်း တင်းတင်း ကြပ်ကြပ် ဆုပ်ကိုင်ထားရာမှ အားအင်များ ကုန်ခမ်းပြီး လက်တွဲပြုတ် သွားသည်။

ထိတ်လန့်တုန်လှုပ်နေသော မိန်းကလေး၏ မျက်နှာကို ကြည့်လိုက်တော့ ပန်းငုံဖြစ်နေသည်။ သူ၏ အသက် ရှူ၍မရတော့။ ရင်ထဲမှာတင်းကြပ်နေသလို ကျောဘက်မှ မချိမဆံ့ နာကျင်လျက် ရှိသည်။

ပန်းငုံကိုကြည့်လိုက်ရင်း သူ့နှုတ်မှ မသဲကွဲသောအသံ တိုးညှင်းစွာ ထွက်ပေါ်လာရင်း ငြိမ်ကျသွားသည်။

'ခင် ... ခင် ... လေး ...'

❖ ❖ ❖

'ကိုနန်းဝေ ... ကိုနန်းဝေ ... သတိရလာပြီလား ကိုနန်းဝေ'

အဝေးဆီမှ လွင့်ပျံ့လာသော သူ့နာမည်ခေါ်သံသည် သိစိတ် အာရုံထဲသို့ ဝင်ရောက်လာသည်။ မောင်နန်းဝေသည် လူးလွန့်လှုပ်ရှား လိုက်ရင်းသတိပြန်ရလာသည်။ သူ့အား စိုးရိမ်တကြီး စိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ပန်းငုံမျက်နှာကို မြင်တွေ့လိုက်ရသည်။ မသိစိတ်တွင် အမှတ်မထင်ပေါ်လာသော ခင်ခင်လေး၏မျက်နှာ …

'ကျွန်တော်ဘာဖြစ်သွားသလဲ ပန်းငုံ'

'လင်းနို့တွေထပျံရင်း …မျက်နှာကြက်ဘေးနားက ကနုတ်ပန်းဘောင်တစ်ခု ပြုတ်ကျလာတာ ကိုနန်းဝေခေါင်းကို ထိခိုက်သွားတယ်။ ခေါင်းပေါက်ပြီး သွေးစို့သွားတယ်။ တော်ပါသေးရဲ့ ပန်းငုံအရမ်းစိုးရိမ်သွားမိတယ်။ အခု သတိကောင်းကောင်းရပြီ မဟုတ်လား ပန်းငုံကိုယ်တိုင်က မှားတာပါ။ ဒီနှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးထဲ ဘာကြောင့် ကိုနန်းဝေကို ခေါ်လာချင်လဲမသိပါဘူး'

'စိတ်မကောင်းမဖြစ်ပါနဲ့ ပန်းငုံရယ် ကျွန်တော်ကိုယ်တိုင်ကလည်း စိတ်ဝင်စားလို့ လာကြည့်ချင်တာပါ'

'အခုဘယ်လိုနေသေးလဲ သက်သာလားကိုနန်းဝေ'

'ကျွတ်… ကျွတ် ရပါတယ် ပန်းငုံ'

'ခေါင်းကအနာလည်း ဆေးထည့်ပေးရဦးမယ် မြန်မြန်ပြန်ကြရအောင်'

ပန်းငုံသည် ကိုနန်းဝေအားတွဲခေါ်ပြီး နှစ်ဆောင်ပြိုင်စံအိမ်





တော်ကြီးမှ ထွက်လာခဲ့ကြသည်။ ပူးကပ်တွဲလျှောက်လာကြသောကြောင့် တစ်ဦး၏နှလုံးရင်ခုန်သံကို တစ်ဦးကကြားနေရသည်။ နှစ်ဦးစလုံး၏ ရင်ထဲတွင်လည်း ဘာကြောင့်မှန်းမသိ ယခုလို တွဲလျှောက်လာရခြင်းသည်ပင် ရင်ခုန်ကြည်နူးပျော်ရွှင်စရာ ဖြစ်နေသည်။ အတိတ်ကာလတစ်ခုတွင် ယခုလို ကြင်နာယုယစွာ တွဲခေါ်လျှောက်ခဲ့ဖူးသည် ထင်မိသည်။

ဘုရားကုန်းပျက်ကြီးကို ကျော်လာပြီးနောက် သင်္ချိုင်းဂူများအနီးသို့ရောက်လာခဲ့ကြသည်။ ထိုစဉ်မှာပင် သင်္ချိုင်းဂူများကြားထဲမှ ဆံပင်ဖားလျား အဝတ်အစားများစုတ်ပျက်ပေရေနေသော အမျိုးသမီးတစ်ယောက် ခုန်ပေါက်ထွက်ပြေးသွားသည်ကို လှမ်းတွေ့လိုက်ရသည်။

'အဲဒါစိတ်မနှံ့ဖြစ်နေတဲ့ နှင်းနုဝ ကိုနန်းဝေ။ စောစောက ပန်းငုံ ထားခဲ့တဲ့ စားစရာ သောက်စရာတွေလာယူပြီး သူပျော်သွားပုံရတယ်'

'အင်း … ဒီမိန်းကလေးဘဝကလည်း တော်တော့်ကို စိတ်မကောင်းစရာပါလားပန်းငုံရယ်'



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ပြန်ရောက်ကြပြီး မောင်နန်းဝေခေါင်းတွင် ဒဏ်ရာရခဲ့သောကြောင့် ပန်းငုံအား ဦးကြီးဦးယက္ခက ပြစ်တင်ကြိမ်းမောင်းပါတော့သည်။

"ပန်းသမီးရယ်… ဘာကြောင့်များ မောင်နန်းဝေကို အဲဒီနှစ်ဆောင် ပြိုင်စံအိမ်တော်ကြီးဆီ ခေါ်ပြရတာလဲ။ သမီးကလည်း တော်တော်အစွဲအလမ်းကြီးတာပဲ"

ပန်းငုံ၏စိတ်စွဲလမ်းမှုများကို မောင်နန်းဝေသိပေ။ သူ့ခေါင်းမှ ဒဏ်ရာများကို ဆေးထည့်ပေးရင်း ဆေးဆရာကြီး ဦးဒေဝနှင့် စကားပြောဖြစ်ကြသည်။ ထိုအချိန်ကျမှပင် နှစ်ဆောင်ပြိုင် စံအိမ်တော်ကြီး၏ နောက်ကြောင်းရာဇဝင်ကို မောင်နန်းဝေသိရှိသွားလေသည်။ သူ့ခေါင်းပေါ်သို့ ကနုတ်ပန်းခံဘောင်တစ်ခု ပြုတ်ကျရင်း မေ့မြောသွားစဉ်က အတိတ်ဘဝပုံရိပ်တချို့ ပြန်လည်ပေါ်ပေါက်လာသည်ကို အမှတ်ရလိုက်မိသည်။

သူက ပန်းချီဆရာလေး မောင်နန်းဝေ။ ပန်းငုံသည်ပင် အတိတ်ဘဝက မြို့ပိုင်ကြီးဦးအောင်ဘနှင့်ဒေါ်ထိပ်ထားခိုင်တို့၏သမီး ခင်ခင်လေးပင်ဖြစ်နေတော့သည်။





ပန်းငုံကလည်း နှစ်ဆောင်ပြိုင်စံအိမ်တော်ကြီးမှ တွေ့ရှိ၍ …မ်းဆည်းထားသော ခင်ခင်လေး၏ ပုံတူပန်းချီကားကို ကိုနန်းဝေ …း ထုတ်ဖော်ပြသခဲ့သည်။ ထိုပန်းချီကား၏ အောက်ခြေတွင် ပန်းချီ …ဆွဲသူ၏ လက်မှတ်ထိုးရာတွင် "နန်းဝေ" ဟုလက်မှတ် ရေးထိုးထား …ည်ကို တွေ့ရှိလိုက်ရသည်။

လက်မှတ်မှာလည်း ယခု သူထိုးနေကျ လက်မှတ်နှင့် ခြားနား…အောင် တစ်ထပ်တည်းတူနေပေသည်။ သူကိုယ်သူလည်း ထူးဆန်း…ည့် ဖြစ်ရပ်များကို မယုံကြည်နိုင်လောက်အောင် ဖြစ်ရလေ…တော့သည်။

မောင်နန်းဝေခေါင်းမှာ ဒဏ်ရာရပြီးဒဏ်ရာများ သက်သာလာ…ပြီးနောက် ပန်းငုံအား ရှေးဟောင်းပုရပိုက်ပါ အကြောင်းအရာများကို …ပြောပြလိုက်သည်။

"အဲဒီပုရပိုက်မှာ ရေးထားတဲ့အဓိပ္ပာယ်က ကျိန်စာသဘောမျိုး…ပဲ ပန်းငုံ။ ကျွန်တော် ဒီမြနန္ဒီရွာကို မလာခင် ရိုးကန်ရွာနဲ့ လောင်း…တော်ဦးနေရာမှာ ရှေးဟောင်းကျောက်စာနှစ်ချပ်ကို တွေ့လာခဲ့တယ်။ အဲဒီကျောက်စာတွေမှာ လျှုဒါန်းတဲ့လူတွေက သူတို့ကုသိုလ်ပြုထားတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖျက်ဆီးလို့ရှိရင် ဘာဖြစ်ပါစေ ညာဖြစ်ပါစေဆိုပြီး ကျိန်စာတွေကိုရေးထိုးထားတယ်'

'အခုဒီပုရပိုက်မှာရော ဘယ်လိုရေးထားလဲ ..ဟင်'

'ရှေးဟောင်းမိုင်းမောပြည်ရဲ့ အမတ်ကြီးမဟာသေနက သူ့ရဲ့တူမတော်ဖြစ်တဲ့ ကချေသည်မလေး သီရိမာလာရဲ့ မပုပ်မသိုး ဆေးရည်စိမ်အလောင်းရယ် ရွှေငွေရတနာတွေကို သူသေဆုံးပြီး ဝိဉာဉ်ဖြစ်စောင့်ရှောက်နေတယ်လို့ဆိုတယ်။ ဒီရတနာတွေကလည်း နောင်ပွင့်မယ့်ဘုရားရှင်တွက် ရည်စူးပြီးလှူဒါန်းတဲ့ ဟာတွေဖြစ်တယ် ..အဲဒါတွေကို ရှာဖွေဖော်ထုတ်ပြီးယူမယ်ဆိုရင် အန္တရာယ်နဲ့ ကြုံတွေ့ရမှာပဲ'

'အဲဒီလိုဆိုဘယ်လိုလုပ်မလဲ ကိုနန်းဝေ။ ဦးကြီးတို့ကို ဒီအကြောင်းမပြောဘဲ ထားလိုက်ရမလား'

'မပြောလို့လဲ မဖြစ်ဘူးထင်တယ်။ ပန်းငုံစဉ်းစားကြည့်လေ ဦးယက္ခတို့က မိုင်းမောရတနာသိုက်ကိုရှာဖွေဖို့ စိတ်အားထက်သန်နေကြတယ်မဟုတ်လား ပြောပြမှပဲ ဖြစ်မယ်ထင်တယ်'

'အဲဒီရတနာသိုက်ကဘယ်မှာရှိတာတဲ့လဲ'

'ပုရပိုက်ထဲမှာက နေရာအတိအကျကိုတော့ ဖော်ပြမထား





ဘူး။ ဒါပေမဲ့ သိုက်ညွှန်းလိုလို လင်္ကာလိုလိုရေးထားတာတော့ပါတယ်။ အဲဒီလင်္ကာကို အဓိပ္ပာယ်ဖော်ထုတ်နိုင်ရင် ရတနာသိုက်ကို တွေ့နိုင်တယ်လို့ ကျွန်တော်ထင်တယ်'

'တကယ်လို့ဦးကြီးဦးယက္ခတို့က မိုင်းမောရတနာသိုက် ရှာဖွေဖို့ ကိုနန်းဝေကိုပါ ခေါ်သွားတယ်ဆိုရင် ပန်းငုံလည်း ကျန်မနေခဲ့ဘူး ပန်းငုံပါလိုက်မယ်'

'ဘာပြုလို့ လိုက်မှာလဲ ပန်းငုံရယ်'

'ကိုနန်းဝေကိုစိတ်မချလို့'

ချစ်စဖွယ်မျက်ဝန်းလေးတောင့်ကာပြုံးစစ မခို့တရို့နှင့် ပြောဆိုပြီး မောင်နန်းဝေအနီးမှ လှစ်ခနဲ ထွက်ခွာသွားလေသည်။

ပန်းငုံရင်ခုန် သွားသလို မောင်နန်းဝေရင်ထဲတွင်လည်း နွေးခနဲဖြစ်သွားသည်။

'ဩော် ... ကိုနန်းဝေကို စိတ်မချလို့တဲ့ဆိုပါလား ပန်းငုံရယ်'

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်များတွင် သူကြီးဦးယက္ခသည် ရှေးဟောင်းပုရပိုက်ပါ မိုင်းမောရတနာသိုက်နှင့်ပတ်သက်ပြီး သူသိလိုသမျှကို မေးမြန်းတိုင်ပင်ဆွေးနွေးတော့သည်။

'မောင်နန်းဝေ ပြောတဲ့အတိုင်း ပုရပိုက်မှာပါတဲ့ သိုက်ညွှန်းလို့လို့ လင်္ကာက ဘာကိုဆိုလိုတာလဲ'

'ကျွန်တော်အဓိပ္ပာယ်ပြန်ကြည့်တော့'

သီရိဝစ္ဆ …ဗန္ဓုပြောက်ရှာ

ယာဘက်နေ …ဝဲဘက်လ

ဘေးဝဲဝရစိမ်…ဘေးယာခရုသင်း

သဲဖြူလှိုင်းတွန့် ရေသောက်ဆင်း … လို့ပါရှိတယ်။ သီရိဝစ္ဆကို ဗန္ဓုပြောက်ဆိုတာက မိုင်းမော ပျူခေတ်ဒင်္ဂါးတွေမှာပါတဲ့ ကိုးကွယ်မှုအယူဝါဒမျိုးစုံရဲ့ ယုံကြည်မှုရုပ်ပြ (S/M Bols)တွေပါဘဲ ဦးကြီး။ ပျူလူမျိုးတွေက ကိုးကွယ်မှုဆိုင်ရာ စိန်၊ ဗြဟ္မဏနဲ့ ဗုဒ္ဓဘာသာဝင်တွေ သုံးစွဲတဲ့ အမှတ်လက္ခဏာတွေကို ရုပ်ကြွရုပ်တွေ ခတ်နှိပ်ထားကြပါတယ်'

'ယာဘက်နေ ဝဲဘက်လ ဆိုတာကရော ဘာကိုပြောတာလဲ ကိုနန်းဝေ'





'အဲဒီပျူဒင်္ဂါးတွေရဲ့ ဘေးအရန်မှာ နေလစကြာတံဆိပ်တွေ ဘဒ္ဒပီဌ်ထိုင်ခုံအောက်မှာ ရေလှိုင်းလို အတွန့်တွန့်လေးတွေပါတယ်။ နောက်တစ်ဖက်မှာက နေရောင်ခြည်တွေဖြာထွက်ပြီး တက်နေဝန်းကို နက္ခတ်တာရာတွေဝိုင်းပတ်ထားတဲ့သဘော အစက်အပြောက်တွေနဲ့ ဖော်ပြထားတယ်။ ခရုသင်းဆိုတာ ဗိဿနိုးနတ်မင်းကိုင်စွဲတဲ့ ဖွဲ့ညီးလေးမျိုးထဲမှာ တစ်ခုအပါအဝင်ဖြစ်ပြီး ဝိရှ္ဏုဓရာဓပလ္လင်ဦးကင်ရဲ့ ဝဲ။ နောက်တစ်နည်းပြောရရင် နဂါးနှစ်ကောင်လည်းဖြစ်နိုင်တယ် တခြားတစ်နည်းက သိဝနတ်မင်းကိုင်စွဲတဲ့ တြိဘူလလို့ခေါ်တဲ့ ခက်ရင်းသုံးခွလှံတွေပါတယ်'

'မောင်နန်းဝေပြောတာတွေကို ဦးတို့တော့ နားမလည်ဘူး။ ဦးသိချင်တာက အဲဒီမိုင်းမောတောကြီးထဲမှာ ရတနာတွေဘယ်မှာ ရှိမလဲဆိုတာပဲသိချင်တယ်'

'အတိအကျအသေချာတော့ပြောလို့မရဘူး ဦးကြီး။ ပုရပိုက်မှာပါတဲ့ သိုက်ညွှန်း လင်္ကာက ညွှန်ပြထားတာကို ကျွန်တော်တို့လေ့လာရှာဖွေဖော်ထုတ်ကြည့်ရမှာပဲ။ မိုင်းမောတောကြီးထဲ ရှေးဟောင်း အဲဒီလိုသင်္ကေတတွေရှိနိုင်မယ့် နေရာဟာဘာတွေဖြစ်နိုင်လဲ ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေစူးစမ်းထောက်လှမ်းရင်းလက်တွေ့အဖြေရှာကြည့်မှ သိနိုင်မယ့်အနေအထားပဲ ဦးကြီး။ တစ်ခုတော့ ကျွန်တော်သတိပေးချင်တယ်'

'ဘာများလဲ မောင်နန်းဝေ'

'ဒီကိစ္စဟာ အန္တရာယ်များတယ် ဦးကြီး၊ ရှေးဟောင်းပျူလူမျိုးတွေဟာ ကိုးနံ့စာသသဘောမျိုးသစ္စာဆိုထားတတ်ကြတယ်။ အမတ်ကြီးမဟာသေနနဲ့ သူ့ရဲ့တူမတော်ကချေသည် ပျူမင်းသမီး သီရိမာလာတို့ဟာ ကွယ်လွန်သွားပြီး ဝိဉာဉ်အဖြစ်နဲ့ မကျွတ်မလွတ်ဘဲ စောင့်ရှောက်နေမှာပဲ၊ နောင်ပွင့်မယ့် ဘုရားရှင်အတွက် ရည်စူးထားတာဆိုတော့ ကိုယ့်အတ္တအကျိုးစီးပွားအတွက် မရှာသင့်ဘူးလို့ ကျွန်တော်ထင်တယ်'

'ဟုတ်ပါတယ်ဦးကြီးရယ် ဒီရတနာတွေရတော့ရော ဘာလုပ်မှာလဲ ကိုယ့်အသက်ထက်ဘာမှ တန်ဖိုးမရှိပါဘူး'

ပန်းငုံကလည်းရှာဖွေခြင်းမပြုရန် ဝင်ရောက်ပြောဆိုသည်။ ဦးယက္ခကတော့ အလျှော့ပေးမည့်သူမဟုတ်ပေ။

'ကဲ… ဘာမှ ရှည်ရှည်ဝေးဝေး ပြောမနေကြနဲ့တော့၊ ဖိုးထောင်နဲ့ တာတေက ခရီးထွက်ဘို့ ရိက္ခာကစ လိုအပ်တာတွေ





စီစဉ်ကြ။ နောက်နှစ်ရက်ကြာရင်ခရီးထွက်မယ်။ သမိုင်းပညာရှင်မောင်နန်းဝေ ဒီကိစ္စမှာတော့ မောင်နန်းဝေရဲ့ ဆန္ဒသဘောထားနဲ့ မကိုက်ညီလည်း ဦးကိုတော့ ကူညီဆောင်ရွက်ပေးစေချင်တယ်၊ မိုင်းမောရတနာသိုက်ရှာဖို့ကိစ္စမှာ မောင်နန်းဝေကအဓိကဦးဆောင်ရမယ့်သူပါ။ ပန်းငုံရော ဗလရော အကုန်လိုက်ခဲ့ကြ'

'ဦးကြီး ကိုဗလကိုခေါ်လို့ဖြစ်ပါ့မလား။ သူက စိတ်ဓာတ်ဒေါသရှင်လေ'

'ရပါတယ် ကိုနန်းဝေ၊ ပန်းငုံတစ်ယောက်လုံးလိုက်မှာဆိုတော့ ကိုဗလအတွက် စိတ်ချပါ။ ကိုဗလက အမြဲတမ်းစိတ်ဖောက်ပြန်နေတဲ့သူမှမဟုတ်တာ။ တောလမ်းခရီးကြမ်းမှာ အန္တရာယ်နဲ့တွေ့ရင် ကိုဗလက အားကိုးလို့ရမယ့်သူတစ်ယောက်ပါ၊ ပန်းငုံစကားကို နားထောင်ပါတယ်'

'အင်းလေ၊ ဒါကတော့ ပန်းငုံသဘောပါပဲ။ ရှင်းရှင်းပြောရရင် ဦးတို့လိုချင်တဲ့ရတနာတွေကို ကျွန်တော်စိတ်မဝင်စားဘူး။ ကျွန်တော်သိချင်တာက ရှေးဟောင်းပျူလူမျိုးတွေအကြောင်းနဲ့ ရှေးဟောင်းပစ္စည်းတွေကိုဘဲ စိတ်ဝင်စားတာ။ ကျွန်တော့စာတမ်းအတွက် အထောက်



www.burmeseclassic.com

www.burmeseclassic.com



အကူရမယ်ထင်လို့ ကျွန်တော်ကူညီပေးတာဘဲ။ တခြားဘာကိုမှ စိတ် မဝင်စားဘူး'

'ကျေးဇူးတင်ပါတယ် မောင်နန်းဝေရယ်'

ဦးယက္ခက မသိမသာပြုံးလိုက်ရင်း ခေါင်းညိတ်လိုက်သည်။ တခြားဘာမှစိတ်မဝင်စားသော မောင်နန်းဝေသည် သူ့တူမချောပန်းငုံကို တော့ စိတ်ဝင်စားနေမှန်းသဘောပေါက်နားလည်ထားသည်။ ထို့အ တွက်လည်း ကန့်ကွက်ပြောဆိုရန်မလို။ တစ်နည်းအားဖြင့် မိုင်းမော ရတနာသိုက်အား ရှာဖွေရာတွင် မောင်နန်းဝေအကူအညီက အရေးပါ သည်။ မောင်နန်းဝေမပါဘဲနှင့် ရှာရန်မလွယ်။ ပန်းငုံနှင့် မျှားထားပြီး သူလိုချင်တာရယူဖို့သာ အဓိကဖြစ်သည်။

❖ ❖ ❖



## တောကြီးမာယာ ရတနာသိုက်လိုဏ်ဂူ

ဦးယက္ခ၏အစီအစဉ်အရ ကိုဇလ၏တပည့်များဖြစ်သော ဖိုးထောင်၊ ဘာတေနှင့် ဦးယက္ခ၏တပည့်ဖြစ်သော မုဆိုးကြီးပေတလူ တို့သည် ခရီးထွက်ရန်အတွက်လိုအပ်သည့် ပစ္စည်းများကို စုဆောင်း ကြသည်။

လက်နှိပ်ဓာတ်မီးဓါတ်ခဲခြောက်များ၊ တောခုတ်ဓါးများ အဲ လိုက်ဓါးများ၊ ရိုင်ဖယ်သေနတ်နှစ်လက် ကာတိုင်ဘူးလော် [illegible] များ၊ ကြိုးခွေများ စားသောက်ရန် ရိက္ခာခြောက်များ၊ [illegible] ပြည့်စုံစွာစုဆောင်းကြသည်။

ဦးယက္ခကလည်း သူ့တပည့်များအား [illegible] သည် တောရိုင်းတိရိစ္ဆာန်များ၏အန္တရာယ်နှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေကြုံလာသည့် အန္တရာယ်များကို အသက်ပေးကာကွယ်ကြရမည် ဖြစ်ကြောင်း၊ မိုင်းမောရတနာသိုက်ကြီးအား ရှာဖွေတွေ့ရှိပါက ရွှေငွေများကို ခွဲဝေပေးမည်ဖြစ်ကြောင်း အဖွဲ့ဝင်အချင်းချင်း သစ္စာမဖောက်ကြရန် မှာကြားပြောဆိုသည်။

စတင်ပြီး ခရီးထွက်လာကြသည်။

နက်ရှိုင်းသလောက် သားကောင်ကြီးများ ခြေဆိုများပေါများလှသည်။ မိုင်းမောတောကြီးသည် လောဘသားကောင် ဦးယက္ခအား တိတ်ဆိတ်ငြိမ်သက်စွာ ကြိုဆိုနေသကဲ့သို့ ရှိသည်။ တစ်တောင်ကျော် တစ်တောဆင်း နားချည်တစ်ခါ သွားချည်တစ်လှည့်နှင့် နက်ရှိုင်းသော တောတောင်ကြီးထဲသို့ တိုးဝင်လာကြသည်။

အဆိုပါတောလမ်း တောင်တက်ကြမ်းကြမ်းခရီးတွင် မောင်နန်းဝေသည် ပန်းငုံဆိုသောမိန်းမလှလေးတစ်ဦး၏ သံယောဇဉ်ကြိုးတစ်မျှင်ကြောင့် နောက်ဆံတငင်ငင်နှင့် လိုက်ပါလာခဲ့သူ ဖြစ်သည်။ တောကြီးထဲရောက်လာသောအခါ ပန်းငုံကလည်း မောင်နန်းဝေအား အစစအရာရာ ဂရုတစိုက်နှင့် စိုးရိမ်မကင်းဖြစ်ရသည်။

'အစစအရာရာ သတိထားပါ ကိုနန်းဝေ'





တဖွဖွနှင့် ခရီးလမ်းတစ်လျှောက်လုံး သတိပေးစကားများ ပြောခဲ့သည်။ သူတို့အုပ်စုသည် ကျောက်တောင်ကြီးတစ်ခုပေါ်သို့ ချမ်းတက်လာကြရာမှ အတန်ငယ် ပြေပြစ်လာသည့် ကျောက်ချွန်းကြီးတစ်ခုပေါ်သို့ ရောက်ရှိလာသည်။ မွေးရနံ့များက ထူးခြားစွာ ထွက်ပေါ်လာသည်။

ကျောက်စွန်းကြီး၏ အောက်ဘက်နားတွင် လှည်းဘီးတမျှကြီးမားသော ရောမမှိုပွင့်ကြီးများသည်အုံလိုက်ကျင်းလိုက် ပွင့်နေကြသည်။

'တာတေ…ဟိုမှာကြည့်စမ်း ရွှေရောင်သန်းနေတဲ့ မှိုပွင့်ကြီးတွေကွ။ ရနံ့ကလည်း မွှေးအီနေတာဘဲ။ ထူးဆန်းတယ်ဟ။ သူတို့ရဲ့အရိုးတံတွေက အညိုရောင်အနက်စင်းကျားပါလား၊ ငါတို့လက်မောင်းလုံးလောက် ရှိတယ်၊ ဗိုက်ဆာဆာနဲ့ စားလိုက်ရရင် ချိုမလားမသိဘူး'

ဖိုးထောင်က သွားရောက်ခူးမည်လုပ်ရာ မုဆိုးကြီးဖေတလူ၏ အမြန်မီတားဆီးလိုက်ရသည်။

'ဟေ့ကောင်တွေ သွားမခူးနဲ့ အဲဒါဘာမှတ်လို့လဲ အဆိပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေသွားပြီးစားလို့ကတော့ကွာ အကြီးအကျယ်ဒုက္ခရောက်မှာ၊ ခူးပြီး
စားဖို့မပြောနဲ့၊ မင်းအသားနဲ့ထိတာနဲ့ တစ်ပြိုင်နက် ကိုယ်ပျက်သင့်
အသားတွေ ပွံ့ကျသွားလိမ့်မယ်'

'ဒီကောင်တွေ တယ်ခက်တာဘဲ။ တောထဲတောင်ထဲမှာ
မင်းတို့မသိတာတွေအများကြီးရှိတယ် ရမ်းသမ်းပြီး လျှောက်မလုပ်နဲ့
ပေတလူ့စကားကိုနားထောင်ကြ'

ဦးယက္ခက သူ့တပည့်များအား မာန်မဲဆူပူလိုက်သည်။
တာတေတို့မှာလည်း ဖက်များပုဝင်သွားကာ တိတ်ဆိတ်သွားကြသည်။
ကျောက်ချွန်းကြီးအပေါ် ခေတ္တအနားယူအပန်းဖြေနေကြခြင်းဖြစ်သည်။
မောင်နန်းဝေသည် မုဆိုးကြီးပေတလူဖက်သို့ ကြည့်လိုက်ပြီး...

'ဦးပေတလူက ကျွန်တော်တို့အုပ်စုမှာ တောကျွမ်းတဲ့မုဆိုးကြီး
မဟုတ်လား။ ကျွန်တော်တို့ထွက်လာတဲ့ခရီးမှာ ပထမဆုံးရှာဖွေရမှာ
က သဲချောင်းလေးတစ်ခုကို တွေ့ဖို့အရေးကြီးတယ်။ အဲဒါကို အဓိက
ထားပြီးရှာကြရလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဘာဖြစ်လို့လဲ
ဆိုတော့ မိုင်းမောရတနာသိုက်အညွှန်းလက်ာထဲမှာ သဲဖြူလှိုင်း
တွန့်ရေသောက်ဆင်း ဆိုပြီးအဆုံးပိုဒ်မှာ ရေးထားတယ်။ အဆုံးဟာအ





ခါသလို ကျောက်လှိုဏ်ခေါင်းကြီးတစ်ခုထဲကိုစီးဝင်သွားတဲ့ သဲဖြူ
ချောင်းတစ်ချောင်းကိုအရင်ရှာရမယ်'

'ဟုတ်ပြီ၊ သဲချောင်းတွေစီးနေတဲ့နေရာ သွားကြတာပေါ့'

ရိက္ခာများပစ္စည်းများထည့်သိုထားသော ကျောပိုးအိတ်များကို
ထိုင်းလွယ်လိုက်ကြပြီး သေနတ်များကို အသင့်အနေအထား ကိုင်ဆောင်
ကာ ဆက်လက်ထွက်လာခဲ့ကြသည်။ ကျောက်ချွန်းကြီး၏ဝဲဘက်မှ
ဆင်းလာကြကာ စိမ်းစိမ်းညို့ညို့ဝါးရုံတောများအနီးသို့ ရောက်
လာကြသည်။

ရှေ့ဆုံးမှ သွားနေသော မုဆိုးကြီးပေတလူသည်ရုတ်တ
ရက်ရပ်လိုက်ပြီး နားစွင့်ထောင်လိုက်သည်။ လက်တစ်ဖက်ထောင်ပြ
လိုက်ပြီး နောက်မှလိုက်ပါသူများအား ရှေ့သို့ဆက်မတိုးရန် အချက်
ပြလိုက်သည်။

ဦးယက္ခနှင့် မောင်နန်းဝေတို့ကလည်း ဝါးရုံပင်များတို့ ရှုစမ်း
မျှလာအကဲခတ်ကြည့်လိုက်သည်။

'ဒီဝါးရုံပင်တွေပေါ်မှာ မြွေစိမ်းမြီးချောက်တွေရှိနိုင်တယ်
အဆိပ်ပြင်းတယ် အားလုံး သတိထားကြ'



www.burmeseclassic.com

www.burmeseclassic.com



မှဆိုးကြီးပေတလူ၏သတိပေးစကားသံကြောင့် ကိုင်ဆောင်ထားသော လက်နက်များကို အသင့်ပြင်ထားလိုက်ကြသည်။ အသံတစ်ချက်ထွက်ပေါ်လာသည်။

'ရှီး … ရှီ …ရှီ…ဖြီး'

မြွေတွန်သံများ လျှင်မြန်စွာထွက်ပေါ်လာသလို ပြင်းထန်သောအရှိန်နှင့် မြွေခေါင်းကြီးတစ်ခုသည် သူတို့အုပ်စုရှိရာသို့ တရှိန်ထိုး တန်းဝင်လာသည်။ အညိုရောင်အကြေးခွံနှင့် ရှည်လျားလှသော မြွေကြီးသည် ဝါးရုံတောကို ထောက်၍ သူ့ခေါင်းကြီးအား လေထဲတွင် ဝဲပျံကာ ခုန်ဆင်းလိုက်ခြင်းဖြစ်သည်။ ဗလလက်ထဲမှဓါးသည် လက်ခနဲဖြစ်သွားသလို မြွေခေါင်းပြတ်ကြီးမှာ ဘုတ်ခနဲ မြေသို့ကျသွားသည်။

အရေးကြုံလာလျှင် လျှင်မြန်သော ဗလ၏ တိုက်ကွက်ခေါင်းချက်များက အံ့သြဖွယ်ကောင်းလွန်းလှသည်။ ထို့ကြောင့်လည်း ဦးယက္ခကသူ့ သားဗလအား အပါခေါ်လာခြင်းဖြစ်သည်။ နောက်ထပ်မြွေ ခေါင်းတစ်ခုကလည်း တစ်ဟုန်ထိုး ဝဲပျံခုန်ထွက်လာပြန်သည်။

'ထောင်း'

'ဖြီး'





'ဖောက်'

မုဆိုးကြီးပေတလူ၏ ဒူးလေးမှ မြားတံတစ်ချောင်း ခုန်ထွက်သွားပြီး ခုန်ဆင်းလာသော မြွေကြီး၏ လည်မျိုအားဖောက်ထွက်သွားသည်။ မောင်နန်းဝေကလည်း ပန်းငုံခေါင်းကိုနှိမ့်လိုက်ကာ မြေပေါ်တွင် ဝပ်ချလိုက်သည်။

'အဲဒါ ခေါင်းနှစ်လုံးနဲ့ ဆင်ပစ်မြွေတွေပဲ၊ အင်မတန်ကြောက်ဖို့ကောင်းတယ် ဝါးရုံတောနဲ့ဝေးတဲ့နေရာကနေ ဖောက်ထွက်မှရမယ်'

သတိဝီရိယကြီးစွာ တောတိုးကာ ဝါးရုံတောကို ရှောင်ကွင်းပြီးဖောက်ထွက်ခဲ့ကြသည်။ ဝါးရုံပေါင်းမိုးတောကြီး လွန်ကာမှ ဆင်ပစ်မြွေများအန္တရာယ်ကို ရှောင်ကွင်းနိုင်ခဲ့သည်။ အရိပ်ကောင်းသည့် ဖျဉ်းမပင်ကြီးအောက်ခြေတွင် အမောဖြေရင်း ခေတ္တနားလိုက်ကြလေသည်။

ပန်းငုံသည် သူ့ခါးမှ လွယ်ထားသော ဘူးသီးခြောက်ရေဘူးကို ဖြုတ်ယူပြီး မောင်နန်းဝေအား ပေးလိုက်ရာ မော့သောက်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးဘဲ ... ပန်းငုံ'

ဟု ပြောပြီးပြန်ပေးလိုက်သည်။

ပန်းငုံ၏မျက်ဝန်းအိမ်ထဲတွင် ကြင်နာသည့် အရိပ်အယော

များနှင့် ရွှန်းစိုဝင်းလက်နေပေသည်။ ဦးယက္ခသည်လည်း မောင်နန်

နှင့် ပန်းငုံတို့ သံယောဇဉ်ငြိတွယ်နေကြသည်ကို ရိပ်မိသည်။ သဘော

တူကြည်ဖြူစွာ ခွင့်လွှတ်ထားသည်။ ဒါမှလည်းမောင်နန်းဝေတာ

ယောက် မိုင်းမောရတနာသိုက်ရှာဖွေရာတွင် သူ့အတွက် အခွင့်အရေ

မည်မဟုတ်ပါလား။

တစ်နေ့ကျန် တောလမ်းတောင်ကုန်းအဆင့်ဆင့်ကို ကျော်ဖြ

လာခဲ့ကြရာမှ သူတို့အုပ်စုအားလုံးခရီးပမ်းနေကြသည်။ အလင်းရောင်

လည်း တဖြည်းဖြည်းမှိန်ဖျော့အားလျော့သွားသည်။

'နေဝင်တော့မယ် ရှေ့နားဆီက ကျောက်ဂူတစ်ခုခုမှာဝင်ပြီး

ဒီညတော့ စခန်းချမှဖြစ်မယ် သူကြီး'

'အင်း ... စိတ်မလာနေလို့လားမသိဘူး။ အချိန်တွေကလည်

ကုန်တာမြန်လိုက်တာ ...'

သူကြီးဦးယက္ခက ညည်းညည်းညူညူ ပြောလိုက်သည်





'ကျွန်တော်တို့ခရီးထွက်လာရာမှာ ... သတိထားရမယ့်

အချက်တစ်ခုရှိတယ် သိုက်ညွှန်းလက်ာထဲမှာက ယာဘက်နေ့ ဝဲဘက်

လလို့ ဆိုထားတယ်။ သွားရမယ့်လမ်းကြောင်းမှာ ကျွန်တော်တို့

လက်ယာဘက် နေထွက်ရာဖြစ်ပြီး နေဝင်သွားတာက လက်ဝဲဘက်

ဖြစ်ရမယ်။ ဒါမှလည်း လမ်းကြောင်းမှန်ပါ။ ယခုနေဝင်သွားတာက

ကျွန်တော်တို့ ဦးတည်တဲ့လမ်းကလေးရဲ့ လက်ဝဲဘက်မှာ ဖြစ်နေ

တော့ လမ်းမှားဘူး ညစခန်းချတိုင်း မနက်နေထွက်လာတိုင်း အဲဒီ

အချက်ကိုတော့ သတိထားဖို့လိုတယ်'

'မောင်နန်းဝေ ... မောင်နန်းဝေပြောတာ အရေးကြီး တယ်။

ငါတို့အဖွဲ့သားတွေအားလုံး အဲဒါကိုသတိပြုထားမှ လမ်းကြောင်း

မှန်မယ်။ ကဲ ... ရှေ့ကဂူကြီးထဲမဝင်ခင် အထဲမှာ တောရိုင်းတိရိစ္ဆာန်

တွေ ရှိမရှိ သွားကြည့်ရမယ်။ တောကောင်တွေက ဂူတွေထဲမှာ

နေအောင်းနေလေ့ရှိတယ်'

မုဆိုးကြီးပေတလှသည် ကျောပိုးအိတ်ထဲမှ ကညင်ဆီမီးရှူး

ကိုထုတ်ယူပြီး မီးခတ်နှင့်ခတ်ကာ မီးထွန်းလိုက်သည်။ ကညင်ဆီမီး

အလင်းရောင်ကြောင့် ဂူကြီးတစ်ခုလုံးမှာ လင်းထိန်သွားသည်။ ဂူကြီး



www.burmeseclassic.com

အား သေချာစွာလေ့လာကြည့်ရှုလိုက်ပြီး စိတ်ချရသောကြောင့် ထင်းများရှာပြီး မီးဖိုလိုက်ကြသည်။ ဂူအတွင်းပိုင်းနံရံများရှိ ကျောက်ဖျာကြီးများပေါ်တွင် ထိုညအဖို့ စားသောက် အနားယူအိပ်လိုက်ကြသည်။

❖ ❖ ❖

နောက်တစ်နေ့တွင် ခရီးဆက်ထွက်ခဲ့ကြလေသည်။ မုဆိုးကြီးပေတာလူမှာ တောကျွမ်းသော မုဆိုးကြီးတစ်ဦးဖြစ်သည်။ မောင်နန်းဝေနဲ့ တိုင်ပင်ပြီး တစ်တော်ဝင်တစ်တောင်ကျော် တစ်တောင်ဆင်းနှင့် ငါးရက်ခရီးသို့ရောက်လာကြသည်။ ရိက္ခာမှာ တစ်ပတ်စာသာ ယူလာခဲ့သောကြောင့် နောက်ရက်များတွင် အမဲလိုက်ပြီး ရိက္ခာအတွက် ဖန်တီးရလေသည်။

သစ်တောကြီးများမှာလည်း ထူထပ်သိပ်သည်းလွန်းလှသည်။ ထောက်ကြန့်၊ ကညင်နီ၊ ကျွန်း၊ ပျဉ်းကတိုး၊ သစ်အယ်၊ ကုက္ကိုကနစို၊ သစ်ကတိုး၊ အင်ကြင်း စသည်ဖြင့် သစ်ပင်ကြီးများ ပေါက်ရောက်လျက်ရှိကြသည်။ နေထွက်လာသော်လည်း တောအရိပ်ကြောင့် အလင်းရောင် မထိုးဖောက်နိုင်ဘဲ မှိုင်းပျပျဖြစ်နေသည်။ တောကလည်း





နက်သည်ထက် နက်လာသည်။ နေ့လယ် ဆယ့်နှစ်နာရီမှ ညနေသုံးနာရီသာ နေရောင်ကိုမြင်ရသည်။ တောင်တန်းများတွင် မြူနှင်းများဖြင့် ပြည့်နက်လျက်ဖြင့် မှိုင်းဝေနေလေသည်။

ဖိုးထောင်နှင့်တာတေတို့မှာ ခရီးပင်ပမ်းလွန်းလှသဖြင့် စိတ်ဓါတ်ကျလာသည်။ ဦးယက္ခကတော့ မိုင်းမောရတနာသိုက်အား မတွေ့မချင်း နောက်ကြောင်းပြန်လှည့်မည့်သူမဟုတ်ပေ။ ညအခါများတွင် တစ်လှည့်စီကင်းစောင့်၍ ထင်းမီးဖိုများ မညိမ်းစေရန် မီးမပြတ် ထိုးပေးရသည်။

မီးထည့်ထားသည့် အရှိန်ကြောင့် တော်ရုံတန်ရုံ သတ္တဝါများ အနားမကပ်ဝံ့တော့ပေ။ တောကြမ်းသောနေရာ၊ မြေပေါ်သော နေရာများတွင် သစ်ပင်အောက်၌ မအိပ်ဝံ့ကြဘဲ အကိုင်းချင်း ယှက်နေသော သစ်ကိုင်းကြီးကြီးများပေါ်တွင် လင့်စင်ထိုး၍ အိပ်ကြရသည်။ ခြောက်ရက်မြောက်သောနေ့တွင် မက်စောက်သော ကျောက်တောင်ကြီးပေါ်သို့ တက်ကြသည်။ တောင်ထိပ်သို့ရောက်လာသောအခါ ကျောက်ရင်ကွဲကြီးများကို ထူးဆန်းစွာ တွေ့လိုက်ရသည်။ တစ်ဖက်သို့ကူး၍ မလွယ်ကူလှပေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်နန်းဝေသည် ကျောက်တောင်ထိပ်ပေါ်မှနေ၍ ဆီးကြည့်ရင်း ထူးခြားသည့်မြင်ကွင်းကို အမှတ်မထင် မြင်တွေ့လိုက်ရသည်။

'ဦးကြီးကျွန်တော် ထူးခြားတာကို တွေ့ရတယ်'

'ဘာများလဲ မောင်နန်းဝေ'

မောင်နန်းဝေပြောစကားကြောင့် မုဆိုးကြီးပေတာလူနှင့် ကျန်လူများကပါ မောင်နန်းဝေအနီးသို့ တိုးကပ်လာကြသည်။ ချောက်ကမ်းပါးကြီး၏ အောက်ခြေတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်ဂူကြီး နှစ်ခု၏ ပုံသဏ္ဍာန်မှာလည်း ထူးခြားလျက်ရှိသည်။

'ဟိုမှာမြင်ရတဲ့ ကျောက်ဂူကြီးနှစ်ခုရဲ့ ပုံစံကထူးခြားနေတယ်ထင်လို့ပါ။ ဒီနေရာနဲ့ကတော့ တော်တော်ဝေးတယ်။ ဒီကနေလှမ်းကြည့်လိုက်ရင် မိုးကြိုးသွားထောင်ထားသလို ပုံစံမျိုးနဲ့ တစ်ခုကခရုတစ်ကောင်ရဲ့ ပုံစံမျိုးဘဲ။ သူကြီးဦးနေမင်း ထားခဲ့တဲ့ ပုရပိုက်ထဲကလက်ဘသိုက်ညွှန်းထဲမှာပါတဲ့အတိုင်း ဘေးဝဲဝဇိရ် ဘေးယာခရုသင်းဆိုသလို ကိုက်ညီနေတယ်'

'အေးကွ ... ဝဲဘက်မှာ မိုးကြိုးသွားပုံစံ၊ ယာဘက်ကခရုပုံ





စဲ။ ငါ့စိတ်အထင်တော့ တစ်ဖက်ကိုကူးပြီး ချောက်ကမ်းပါး အောက်ဆင်းကြည့်ရင် ချောင်းတစ်ချောင်းကို တွေ့ရလိမ့်မယ်ထင်တယ်'

'ဒါဖြင့် ဟိုဘက်ရောက်ရင် ကျောက်ရင်ကွဲကြီးကနေ ဘယ်လို ကူးဖြတ်ကြမလဲ'

'ငါတို့မှာပါတဲ့ ကြိုးခွေအရှည်နဲ့ မမှီလောက်ဘူး နွယ်ကြိုးတွေ ရှာရမယ်'

ချောက်ကမ်းပါးအောက်သို့ရောက်ရန် နွယ်ကြိုးများကို တွယ်လျက် တစ်ယောက်တလှည့်စီ ခယဉ်းစွာ ဆင်းသက်ရသည်။ နောက်ဆုံးမှဆင်းသည့် မောင်နန်းဝေအလှည့်တွင် မြေပြင်ပေါ်သို့ မရောက်သေးသော ပန်းငုံကို စောင့်နေစဉ် တစ်ဝက်ခန့်အရောက်တွင် နွယ်ကြိုးပြတ်ကျသွားသည်။

အားလုံးကပင် 'ထာ'ကနဲအာမေဋိတ်သံများ ထွက်ပေါ်လာကြသလို နှစ်ယောက်စလုံးအတွက် စိုးရိမ်သွားကြသည်။ အောက်သို့ရောက်နှင့်နေကြသူများက ကြောင်ပြီးကြည့်နေကြသည်။ ပန်းငုံမှာ အောက်သို့ မရောက်ရှိသေးဘဲ ပြုတ်ကျလာသော နန်းဝေအတွက် ကောင်းသွားသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်စွန်းတွင် နွယ်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ချည်မတ်မိပြီး နှစ်ယောက်စလုံး ကြိုးတန်းလန်းနှင့် တွဲလောင်း ဖြစ်ရလေတော့သည်။

ကံကောင်းထောက်မစွာ အနည်းငယ်ပွန်းပွဲ့ကျယုံမှတစ်ပါး ဒဏ်ရာအကြီးအကျယ်မရ၍ တော်သေးသည်။ အောက်ခြေကျောက် ကြားကြီးအောက်တွင် နေရောင်ခြည်မတိုးသဖြင့် စိုထိုင်းလျက် အလင်းရောင်သိပ်မရပေ။ အနီးတစ်ဝိုက်တွင်လည်း တိရိစ္ဆာန်အရိုးစုများကို တွေ့ရသောကြောင့် စိတ်ချောက်ချားဖွယ်ကောင်းလှသည်။

အားလုံးကပင် အတန်ကြာအောင် တွေဝေငေးမောကြည့်နေမိသည်။

'ဟော့... ဘာတွေကြည့်နေကြတာလဲ၊ ဒီအနားမှာ ကြာကြာနေလို့မဖြစ်ဘူး။ ဝန်စည်းတွေယူပြီး ရှေ့ခရီးဆက်ရအောင်'

မုဆိုးကြီးပေတလူက တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွင်းပြီးသတိပေးလိုက်သည်။ ယခုမှပင် အားလုံးကလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ကျောက်ကြားလမ်းတစ်လျှောက်တွင် တိကောင်များသဖွယ် မြွေတွေကလည်း ပေါများလှသည်။ ဦးပေတလူ၏ နားထဲတွင် ရေစီးသံကြားရသည်ဟုထင်ပါသည်။





'မောင်နန်းဝေ ငါ့စိတ်ထဲမှာ ရေစီးသံကြားနေရတယ်။ ရှေ့နားဆီမှာ ချောင်းတစ်ခုရှိလိမ့်မယ်။ မင်းပြောတဲ့အတိုင်း အဲဒီချောင်းက ကျောက်ဂူတစ်ခုထဲ စီးဝင်သွားပြီဆိုရင်တော့ ငါတို့ရှာတဲ့ရတနာသိုက်ကို တွေ့ပြီပဲ'

ဦးပေတလူက ဝမ်းသာအားရပြောလိုက်သည်။ ကျောက်စွန်းထိပ်ပေါ်မှ လှမ်းမြင်တွေ့ရသော မိုးကြိုးသွားပုံနှင့် ခရုပုံကျောက်တောင်ကြီးများရောက်ရန် လေးမိုင်ခန့်ဆက်သွားရမည်။ သွားရင်းမှာဝင် လောလောလတ်လတ်သွားထားသော ကျားခြေရာများကို တွေ့ရသည်။

ကျားဟိန်းသံများကိုလည်း ကြားရသည်။မုဆိုးကြီးပေတလူ အနေနှင့် ဘေးဘီဝဲယာကိုသတိမပြတ်ထားရင်း အန္တရာယ်ရှိနေသည်ဟု ထင်မိသည်။

သူတို့အားလုံး၏ အကြားအာရုံတွင် ရေစီးသံများကို တိုး၍တိုး၍ကြားလာရသည်။ တောအုပ်လေးတစ်ခုကို ကျော်လိုက်သည်နှင့် သူတို့မျှော်လင့်ထားသော ရေစီးသန်သည့် ချောင်းကို ဝမ်းသာအားရ ရှာတွေ့မြင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါချောင်းရေသည် မောင်နန်းဝေတို့ ဦးတည်ရာဘက်သို့ အရှိန်ပြင်းစွာစီးဆင်းနေသည်။ ကျောက်တောင်များက ပိုမိုထူထပ်လာသလို ကျောက်နံရံကြီးများကလည်း တက်ရောက်ရန် စက်ခဲလှန်းလှသည်။

ဖောင်လုပ်ပြီး ရေစီးအတိုင်း မျောချကြရန် ဆုံးဖြတ်လိုက်ကြသည်။ ချောင်းစပ်တွင် သဲမြေများကား လက်လက်ထ တောက်ပနေကြသည်။

‘တောကောင်က ငါတို့အုပ်စုနောက်ကို လိုက်နေတယ် အထူးသတိတော့ ထားကြဟေ့’

ဦးပေတာလူက စိုးရိမ်လာပြီး သတိပေးစကား ပြောလိုက်သည်။ ရေစီးနှင့် မျောချနိုင်ရန် အနီးအနားတဝိုက်တွင် ပေါ်များစွာပေါက်ရောက်နေသော ဝါးများကို ရှာဖွေခုတ်ယူကြသည်။ ဝါးများ ရပြီးနောက် ဖောင်လုပ်ရန် ပစ္စည်းများကို ချည်နှောင်ရန် နွယ်ကြိုးများ ရှာရပြန်သည်။ ဝါးတောကြီးများကြောင့် ဝက်ဝံနှင့် မြွေပွေးကြီးများ ပေါ်များလှသည်။ တောင်မပေါက်၊ ငန်းမြွေ၊ ကင်းမြီးကောက်ကြီးများကို မကြာခဏတွေ့ရသည်။





အလွန်ကြီးမားသော စပါးအုံး၊ စပါးကြီးမြွေများမှာ သစ်ပင်များပေါ်တွင် အမြီးပိုင်းကို လိမ်ချိတ်၍ ခေါင်းပိုင်းကို အောက်စိုက်အောက်ထိုးချကာ စားပြီးသော ဂျီ၊ ဆိတ် စသည့် တောကောင်ငယ်များ၏ အရိုးစုများကို ပြန်အန်ထုတ်လျက်ရှိသည်။

တစ်နာရီခန့်အကြာတွင် မလှမ်းမကမ်းမှ ငယ်သံပါအောင် အော်ဟစ်လိုက်သည့်အသံကြောင့် ထိတ်လန့်တုန်လှုပ်သွားသည်။ အသံကြားရာဆီသို့ အားလုံးစုဝေးထွက်ကြည့်လိုက်ကြသောအခါ သွေးစက်လက်နှင့် ကျားခြေရာများကို တွေ့လိုက်ရသည်။

ကျားခြေရာနောက် လိုက်လံရှာဖွေကြရာတွင် လူတစ်ယောက်ကို ကုတ်မှ ချိတ်ဆွဲယူသွားသော ကျားကြီးတစ်ကောင် မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် သေနတ်သံသုံးချက်ထွက်ပေါ်လာပြီး ကျားကြီးမှာ ကျွမ်းပြန်လိမ့်ကျ သေဆုံးသွားသည်။

အနားသို့သွားရောက်ကြည့်ရှုကြသောအခါ သွေးအလိမ်းလိမ်းနှင့်သေဆုံးနေသော တာတောဖြစ်နေလေသည်။ တာတောအတွက် အားလုံးစိတ်မကောင်းဖြစ်ရသည်။

ကျင်ကြီးစွန့်နေစဉ် ကျားဆွဲသွား [illegible] လူများကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်စစ်လိုက်သောအခါ တာတေမှတစ်ပါး အားလုံးလူစုံရှိသည်။ တာတေ့အလောင်းကိုလည်း မြေမြှုပ်သင်္ဂြိုဟ်ကြသည်။

မကြာမီပင် ဖောင်များ ပြုလုပ်ပြီးစီးသွား၍ ရေပေါ်သို့ ချလိုက်သည်။ ယူဆောင်ရမည့် ပစ္စည်းများကိုလည်း ဖောင်ပေါ်သို့ တင်၍ ရေစီးအတိုင်းမျောလာကြသည်။ ရေစီးက သန်လှသလို ရေမှာလည်း အလွန်နက်ပြီး စိမ်းမြကြည်လင်နေသည်။ နေ့လည် ဆယ့်နှစ်နာရီခန့်ရှိပြီးဖြစ်၍ နှင်းထုများကွဲကာ ပတ်ဝန်းကျင်အနီးတစ်ဝိုက်ကို ကောင်းစွာမြင်ရသည်။

မောင်နန်းဝေသည် နေရောင်ထွက်ပေါ် လာရာသို့ကြည့် လိုက်ရင်း သူတို့အုပ်စု ဦးတည်ရာလမ်းကြောင်း မှန်မမှန် ဆန်းစစ်နေသည်။ ယာဘက်မှာနေ ဝဲဘက်မှာလ ဆိုသည့်အတိုင်း နေထွက်ရာသည် လက်ယာဘက်မှဖြစ်၍နေသဖြင့် မှန်ကန်ကြောင်း သိလိုက်ရသည်။

'ဟော ...ဟိုမှာတွေ့ပြီ'

ဟု ဦးယက္ခက ဝမ်းသာအားရအော်ဟစ်လိုက်သည်။ အားလုံး ကြည့်လိုက်ကြသည်။ ဂူပေါက်ဝထဲသို့ ချောင်းရေများ အဟုန်ပြင်းစွာ စီးဆင်းနေကြောင်းမြင်လိုက်ရသည်။ ဂူပေါက်ဝအပေါ်တွင် ကျောက်





တုံးများကို အဆင့်ဆင့် စုပုံထားပြီး စေတီလေးတည် ထားသည်။ စေတီအောက်တွင် ကြီးစဥ်ငယ်လိုက် ကျောက်တုံးလေးတုံးကို ထပ်ဆင့် ပုံထားသည်။

'ဒီဂူက သေချာတယ် ဦးကြီး... ဘာဖြစ်လို့လဲဆိုတော့ ဂူပေါက်ဝထိပ်ပေါ်က ကျောက်တုံးတွေဆင့်ပုံထားတဲ့ စေတီလေးရယ်၊ အောက်မှာ ကျောက်တုံးလေးတုံးရှိပြီးပုံထားတဲ့ ပုံစံက မိုင်းမော ပုရပိုက်မှာပါတဲ့ ဒဂ်ါးက သီရိဝဇ္ဇလက္ခဏာတွေပဲ၊ ဝဲကပုံထားတဲ့ ကျောက်တုံးတွေက ဗိန္ဓုပြောက်လေးတုံးဘဲ ကျွန်တော်တို့ယာဘက်က နေထွက်တဲ့ နေရာ ဝဲဘက်က နေဝင်ပြီးလထွက်တဲ့နေရာ ဒီကျောက်ဂူကြီးရဲ့ အားနှစ်ဖက်က ကျောက်ဂူတွေပုံစံကလည်း ဝရဇိန်မိုးကြိုးသွားပုံစံ မျိုးနှင့် ခရုပုံစံမျိုးပဲ သေချာပါတယ် ဦးကြီး၊ ဒီဂူဟာ မိုင်းမောရတနာ သိုက်ရှိတဲ့ ဂူကြီးပဲ'

ရေစီးအရှိန်နှင့် ဝါးဖောင်လေးသည် ယိမ်းယိမ်းယိုင်ယိုင်နှင့် ဂူပေါက်ဝအနီးသို့ ချဉ်းကပ်လာသည်။ ဂူပေါက်ထဲသို့ စီးဝင်သွားသည့် ရေစီးသံများကလည်း မကောင်းဆိုးရွားကြီးတစ်ကောင် အော်ဟစ်နေ သို့ တစ်ဟဲဟဲ ကြောက်မက်ဖွယ်မြည်ဟီးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစီးထဲတွင် ချာလည်ချာလည်ဖြစ်နေသော ဝါးဖောင်ကို ထိန်း၍ ရပ်တန့်စေလေသည်။ ရပ်မရတော့ပေ ရေစီးသန်သော ရေစီးကြောင့်ဖြစ်သည်။ ခြောက်ပေပတ်လည်ခန့် ကျယ်သော ဂူပေါက်ဝထဲသို့ အရှိန်ပြင်းစွာ ဝင်ရောက်သွားကြတော့သည်။ အဝင်အဝတွင် အလင်းရောင်အနည်းငယ်ကို မြင်ရသော်လည်း အတွင်းသို့ရောက်သော အခါ မည်းမှောင်နေပြီး ဘာမှ မမြင်တွေ့ရတော့ပေ။

ဂူခေါင်းမှာကျဉ်း၍ ကွေ့ကောက်စီးဆင်းလာသောကြောင့် ဖောင်မှာလည်း ဟိုတိုက်ဒီတိုက်နှင့် ပန္နည်းတစ်ခုပြီးတစ်ခု လွင့်ကျကျန် လေသည်။ လူများလိမ့်မကျစေရန် ဖောင်ကို အားတင်းတွယ်ဖက်ထား ကြရသည်။

ဂူတွင်းတစ်လျှောက်လုံးရှိ ပြင်းထန်လှသော ရေစီးကြောင်း တွင် ကျောက်နံရံများနှင့် ဖောင်မှာ အကြိမ်ကြိမ် တိုက်ခိုက်လျက်ရှိ သည်။ ဖောင်ကို ခိုင်ခံ့စွာ ချည်နှောင်ထားသောကြောင့် ဖောင်မှာ မပျက်စီးပေ။

ရေစီးနှုန်းမှာ တစ်နာရီမိုင်နှစ်ဆယ်ခန့် အရှိန်ပြင်းပြင်းဖြင့်မျော ပါရသောကြောင့်အားလုံး မှင်သက်မိနေကြသည်။ ဘုရားတရုံမှတစ်ပါး





ဆည်သို့မျှမတတ်နိုင်ဘဲ ကံကိုသာအားကိုးလျက် မျောပါနေကြသည်။ တစ်နာရီနီးပါးမျှ မျောပါသွားပြီးနောက် ရေစီးအားမှာ တဖြည်းဖြည်း အားပျော့သွားသည်။ မကြာမီမှာပင် အလင်းရောင်စက်ကလေးများ မြင်တွေ့လိုက်ရသောကြောင့် စိတ်တထင့်ထင့်ရှိရာမှ သက်သာရာရသွား သည်။

ရေစီးကြောင်းသည် ဂူအတွင်းမှာပင် နှစ်မွာကွဲထွက်သွားရာ အားပျော့နေသော ရေစီးကြောင်းဘက်သို့ ကွေ့ချလိုက်ကြသည်။ မကြာမီမှာပင် ဖောင်ကို ထိန်းထားနိုင်သလို အတွင်းဂူကျောက်စွန်း တစ်ခုနားတွင် ရပ်တန့်လိုက်ကြသည်။

အားလုံးမှာလည်း ဆာလောင်နေကြပြီး ပြန်လည်၍ ဖောင် ကိုကျောက်ဂူအတွင်း ခြေချလိုက်ကာ ပါလာသော အသားကင်များကို စားသောက်ကြပြီး ခေတ္တအနားယူ အပမ်းဖြေကြသည်။

'ကဲ ... မောင်နန်းဝေ ငါတို့ဘာဆက်လုပ်ကြမလဲ'

'ဒီဂူထဲမှာပဲ ရှေးဟောင်းမိုင်းမောပျူလူမျိုးတွေရဲ့ သဲလွန်စတွေ ကို ရှာကြရမှာပဲ'

ဂူကြီးအတွင်းပိုင်းမှာ ကျယ်ဝန်းသော ဂူကြီးလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်။ အတွင်းပိုင်းတွင်မူ အခြားဂူပေါက်များစွာကို တွေ့ရ၍ အရှင်း မဝင်ရဲကြပေ။ ဂူကြီးအတွင်းသို့ ကျောက်အကြိုအကြား ကျောက်ချွန်များမှ အလင်းတန်းတို့မှာ ဂူအတွင်းသို့ ဖြာကျလျက်ရှိကာ အတော် အတန်လင်းလျက်ရှိသည်။

'သူကြီး…ဒီမှာဘာတွေရေးထားတာလဲ မသိဘူး'

ဖိုးထောင်က အော်ပြောလိုက်သဖြင့် ကျောက်နံရံတစ်ခု၏ ရှေ့သို့ သွားရောက်ကြည့်ကြသည်။

'လှုပ်စမ်းပါဦးမောင်နန်းဝေရေ၊ ဒီမှာလည်း ရေးဟောင်းပုရပိုက် တွေ ရေးထားပါလား၊ ငါတို့မှာရှိတဲ့ ပုရပိုက်ထဲက စာတွေနဲ့ ခပ်ဆင်ဆင် တူတယ်'

မောင်နန်းဝေသည် အနားသို့သေချာကပ်ကြည့်လိုက်သည်။ ကျောက်ဂူနံရံတွင် ရေးထိုးထားသည့် စာတမ်းများအနက် အချို့စာတမ်း များမှာ ရေညှိကျောက်ညှိများတက်နေလေသည်။

မောင်နန်းဝေက ကျောက်ဂူနံရံများမှ ရေးဟောင်း ပျူစာများ ကို ဖတ်ကြည့်ပြီး ခေါင်းခါလိုက်သည်။

ဒီစာတွေက ဘာမှမထူးခြားသေးဘူး၊ ဦးကြီး ကျွန်တော်တို့





မှာ ရှိတဲ့ ပုရပိုက်ထဲမှာရှိတဲ့စာတွေနဲ့ အတူတူဘဲ ရတနာပစ္စည်းတွေကို ယူမယ်ဆိုရင် ဘေးဒုက္ခအန္တရာယ်တွေနဲ့ ကြုံရပါစေသားဆိုပြီး အမတ်ကြီးမဟာသေနရဲ့ ကျိန်စာတွေပဲ။ ဝိညာဉ်ဘဝနဲ့ နောက်ဆုံးအထိ ထာဝရကွယ်စောင့်ရှောက်လျှက်ရှိကြောင်း ရေးထားတာပဲ ဦးကြီး။

ဦးယက္ခမှာလည်း သူရှာဖွေလိုချင်သော ရတနာပစ္စည်းများကို ရှာမတွေ့ရဘဲ ကျိန်စာများကိုသာ တွေ့ရှိလိုက်သောကြောင့် အကြီး အကျယ်ဒေါကန်သွားသည်။

မည်သည့်ရတနာပစ္စည်းမှ မတွေ့ရဘဲ ကျောက်ဂူကြီးထဲတွင် နောက်ထပ်ရတနာအညွှန်းများ ရေးထားသည်ကို တွေ့လိုတွေ့ငြား မျှော်လင့်ချက်နဲ့ ကျောက်နံရံများရှိ ရေညှိရေမှော်များကို ဖယ်ရှား ရှာကြည့်လိုက်သည်။

'ကျွန်တော်ပြောမယ် သူကြီး ဒီကျောက်နံရံမှာရေးထားတဲ့ စာအရ ဝိညာဉ်ဘဝနဲ့ စောင့်ရှောက်နေရတယ်ဆိုတော့ ဒီဂူကြီးထဲက တစ်နေရာရာမှာ ကျိန်းသေရှိမှာပဲ။ ဒီအခန်းထဲမှာမရှိပေမယ့် တခြားဂူ တွေထဲမှာ ရှိချင်ရှိနေမှာပဲ'

'ဟုတ်တယ် မေတ္တာလူပြောတာ ဟုတ်တယ်။ ဒီလောက်ခက်



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲခဲ ဝင်ပင်ပန်းပန်း မရောက်ရောက်အောင်လာပြီး ရှာရတာဆိုတော့ ကျောက်ဂူထဲကိုအနှံ့ သေချာရှာပြီးမှ ပြန်မယ်'

မောင်နန်းဝေသည် ပန်းငုံအနီးသို့ တိုးကပ်လိုက်ပြီး တိုးတိုး လေးပြောလိုက်သည်။

'ပန်းငုံ ကျွန်တော့်စိတ်တွေ လေးနေတယ်။ မကြာခင် အန္တရာယ်တစ်ခုခုနဲ့ ကြုံရတော့မယ်လို့ထင်နေတယ်။ ရှေးဟောင်းပစ္စည်း တွေနဲ့ ရေးထိုးထားတဲ့ ကျိန်စာတွေဆိုတာ ကြောက်ဖို့လည်း ကောင်း တယ်။ တကယ်လို့ ရတနာတွေ ရှာတွေ့မယ်ဆိုရင် ယူလည်းမယူ ထိုက်ဘူး၊ ဘုရားပစ္စည်းတွေ ဖြစ်နေတယ်'

'ဟုတ်တယ် ကိုနန်းဝေ၊ ပန်းငုံလဲ ဦးကြီးသဘောထားကို မလွန်ဆန်နိုင်တာရယ်၊ ကိုနန်းဝေကိုစိတ်မချနိုင်တာရယ်ကြောင့် ဒီခရီး ကို လိုက်လာမိတာပါ၊ ဒီတော့ ပန်းငုံတို့ဘာလုပ်ကြမလဲ'

'ပြဿနာတစ်ခုခုဖြစ်လာပြီဆိုရင်တော့ ဝါးဖောင်ရှိတဲ့နေရာ ကို ပန်းငုံအမြန်ဆုံးပြေးပေတော့။ ကျွန်တော်လည်း အမြန်ပြန် ထွက်မယ်၊ အရေးကြီးတာက ဒီဂူကြီးထဲကနေ အမြန်ဆုံးပြန်ထွက်ဖို့ ပဲ၊ ဒီအကြောင်းကိုလည်း ဦးကြီးတို့မရိပ်မိစေနဲ့'





'ဟုတ်ကဲ့ပါ ကိုနန်းဝေ'

ထိုစကားပြောနေရင်းမှ မောင်နန်းဝေသည် ကျောက်နံရံပေါ် တွင် နေလုံးပုံစံသဏ္ဌာန် တက်နေဝန်းတွင်ရောင်ခြည်များ ဖြာထွက် နေပြီး ရောင်ခြည်ကြားတွင်ဗိန္ဓုပြောက်များ စက်ဝိုင်းပုံဝိုင်းပတ်ထားပြီး ဗိန္ဓုပြောက်များ ပါရှိသောအမှတ်အသားတစ်ခုကို တွေ့ရှိလိုက်ရသည်။

အဆိုပါနေဝန်းနှင့် ဗိန္ဓုပြောက်ပါ စက်ဝိုင်းအမှတ်အသားကို လက်နှင့်ဖိပြီး ထောက်ကြည့်မိလိုက်သည်။ ကျောက်နံရံကြီးသည် ရုတ်တရက် နိမ့်ဝင်ရွေ့လျားသွားပြီး တကျွီကျွီအော်မြည်ကာ ဘေးဖက် သို့ တစ်ပတ်လည်ထွက်သွားသည်ကို အံ့သြစွာတွေ့မြင်လိုက်ရသည်။

တစ်ချိန်တည်းမှာပင် သွေးခဲလုမတတ် အေးစိမ့်သွားသည်။ ဒီဂူကြီးထဲတွင် ကြာရှည်စွာနေလို့ရမည်မဟုတ်ပေ။ မမျှော်လင့်ဘဲ တွေ့လိုက်ရသော ရေခဲဂူမြင်ကွင်းကိုလည်း သူတို့လူစုအားလုံး ပါးစပ် အဟောင်းသားဖြစ်သွားရသလို အံ့အားသင့်သွားစေခဲ့သည်။ ကျောက်ဂူ အမိုးပေါ်တွင်လည်း လှပဆန်းကြယ်သော ကျောက်ပန်းဆွဲများသည် ပုံသဏ္ဌာန်မျိုးစုံနှင့်တည်ရှိနေသလို ကျောက်စက်ရေများ တစိမ့်စိမ့်ကျ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖွေးကြည်လင်ပြီးထူးဆန်းသည့် ကျောက်သားခေါင်းကြီး အတွင်းတွင် မောင်နန်းဝေ အလွန်တရာမြင်ချင်တွေ့ချင်သော ရှေးဟောင်းမိုင်းမောပျူမင်းသမီးလေးသည် ဝိဘိဒြိမ်သက်အိပ်မောကျနေသကဲ့သို့ မြင်တွေ့လိုက်ရသည်။

မိုင်းမောပျူမင်းသမီးလေး၏ ရုပ်အလောင်းမှာလည်း ပုပ်သိုးပျက်စီးခြင်းမရှိဘဲ တည်ရှိနေသည်မှာ လွန်စွာအံ့သြဖို့ကောင်းလှသည်။

သူကြီးဦးနေမင်း၏ မှတ်တမ်းတွင် ဖတ်ခဲ့ရသော မပုပ်မသိုးနိုင်သည့်ဆေးရည်စိမ်ရုပ်အလောင်းကို မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရသောကြောင့် ဝမ်းသာသွားသည်။

ယခုတွေ့ရသည့် ရုပ်အလောင်းမှာ ကချေသည်မလေး ဗျူမင်းသမီးလေး သီရိမာလာ၏ ရုပ်အလောင်းအစစ်ဖြစ်သည်။ သူကြီးဦးနေမင်း မှတ်တမ်းတွင်ပါရှိသော စိမ့်ကြီးပေါက်ချောင်းရိုးဘေးရှိ ဆေးရည်စိမ်ရုပ်အလောင်းမှာ အခြားကချေသည်တစ်ဦးဖြစ်သော သီရိမာလာနှင့် ရုပ်ချင်းခွဲခြားမရအောင်တူသည့် ကချေသည် သီရိကလျာ၏ ရုပ်အလောင်းဖြစ်သည်။





ပျူမင်းသမီးလေးရုပ်အလောင်း၏ဘေးတွင် ဦးယက္ခတို့ အသည်းအသန်ရှာဖွေနေကြသော ရတနာပစ္စည်းတို့ကား တဝင်းဝင်း တလက်လက် တောက်ပနေကြသည်။

'ဟား… ဟား… တွေ့ပြီဟေ့။ ငါ နှစ်ပေါင်းများစွာ ကြိုးစားရှာဖွေလာတဲ့မိုင်းမောရတနာသိုက်ကြီးကို တွေ့ပြီဟေ့၊ ဟား … ဟား..'

ဦးယက္ခက ဝမ်းသာအားရအော်ဟစ်ခုန်ပေါက်နေသလို သူတပည့်များ၏မျက်နှာများမှာလည်း ဝင်းထိန်ပျော်မြူးသွားကြသည်။ ကျောက်သားဖြူဖြူခေါင်းထဲတွင်ရှိနေသော ပျူမင်းသမီးလေး၏ ရုပ်အလောင်းကို မြင်လိုက်ရသည်နှင့် ဗလသည် တုန်တုန်ယင်ယင်ဖြစ်လာသည်။

ထူးခြားလာသော ဗလအသွင်အပြင်ကိုကြည့်၍ ဝန်နိုင်က သတိပေးလိုက်သည်။

'ကိုဗလ… ဘာဖြစ်တာလဲ..ဘာဖြစ်လို့လဲ'

ဗလသည် ခေါင်းထဲမှ ပျူမင်းသမီးလေးရုပ်အလောင်းကို ကြည့်ပြီး ခက်ထန်တင်းမာလာသည်။ မျက်နှာသိုးတစ်ကောင်နှင့် အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှူသံများက တရှူးရှူးတရှဲရှဲဖြစ်လာသည်။ ကိုဗလ စိတ်ဖောက်ပြန်လာသည်ကို ပန်းငုံချက်ချင်း သဘောပေါက်နားလည်သွားသည်။

'ဥစ္စာစောင့်မ'

ဗလ နှုတ်မှ ထိုကဲ့သို့ ပြောဆိုလိုက်သလို လက်ထဲမှဓါးကို မြှောက်ပြီး ပျိုမင်းသမီးလေး ရုပ်အလောင်းအား တအားလွှဲပြီး ခုတ်ရန်ရွယ်လိုက်သည်။

သူ့မျက်လုံးများမှာလည်း တည်ငြိမ်မှုမရှိတော့ဘဲ ချာချာလည်လျက် စိတ်ဖောက်ပြန်လာသည့် အမူအရာများက သိသာထင်ရှားလာသည်။

ကိုဗလ ပါးစပ်မှလည်း ကြမ်းမောင်းပြစ်တင် ဆဲဆိုသံများ စိတ်ဖောက်ပြန်လာလျှင် ပြောဆိုနေကျ စကားသံများ ထွက်ပေါ်လာသည်။

'သေချင်းဆိုးဥစ္စာစောင့်မ၊ ခင်းကာဒီမှာလာပြီ အိပ်နေတာကိုး။ ဒီကောင်မကို သတ်ပြီးမှပြန်မယ် မသေသေအောင်သတ်မယ်၊ ခုမှပဲ ဒီကောင်မ သိုက်နန်းကို ရှာတွေ့တော့တယ်'

'ဗလ… ဟောကောင် မလုပ်နဲ့လေ'





ဦးယက္ခက အော်ဟစ်တားဆီးလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။ ရွယ်မိုးထားသော ဓါးနှင့် တအားခုတ်ပိုင်းချလိုက်သည်။ သို့သော် မိုင်းမောပျိုမင်းသမီးလေး၏ ရုပ်အလောင်းသည် ဘာမှ မဖြစ်ပေ။

'ချွင်…'ခနဲ မြည်သံများထွက်ပေါ်လာသလို ကျောက်သားဖြူဖြူအား ခုတ်လိုက်သောဓါးသည် အားနှင့်ပြန်ကန်ထွက်လာပြီး ဗလ၏ ဓားသည် လွင့်ပျံခုန်ထွက်သွားသည်။ ဗလ၏လက်မှာလည်း လျှပ်စစ်ဓါတ်လိုက်သလို ကျင်တက်သွားရာမှ မချိမဆံ့နာကျင်သွားပုံရသည်။ ဆိုးဆိုးဝါးဝါးအခြေအနေများ ပြန်လာတော့မည်ကို မောင်နန်းဝေက ကြိုသိလိုက်ရ၍ ပန်းငုံလက်အား ဆွဲယူပြီး ဝါးဖောင်ထားရာဆီသို့ အမြန်ဆုံးပြေးထွက်လိုက်သည်။

'ပန်းငုံ ဘာမှ ကြည့်မနေနဲ့တော့ အန္တရာယ်ရှိနေပြီ'

လောဘရမ္မက်တက်နေသော ဦးယက္ခ၊ မုဆိုးကြီးဝေတလုနှင့် ဖိုးထောင်တို့သည် တဝင်းဝင်းတလက်လက် တောက်ပြောင်နေသော ရွှေထည်ပစ္စည်းများ၊ ရွှေဒင်္ဂါးများ စုပုံရာသို့ ပြေးသွားသွားပြီး ရတနာများကို ကောက်ယူကာ အိတ်ကြီးများထဲသို့ အလုအယက်



www.burmeseclassic.com

www.burmeseclassic.com



ထိုးကြိတ်ထည့်လိုက်ကြသည်။ သွက်သွက်ခါအောင် ရှုးသွပ်သော သားဖြစ်သူ ဗလကိုလည်း ဦးယက္ခဂရုမစိုက်နိုင်တော့ချေ။

ဗလကလည်း ဖိုးထောင်ဘေးနားတွင် ချထားသော ကာဘိုင် သေနတ်ကို လျှင်မြန်စွာကောက်ယူလိုက်သည်။

'ဓါးနဲ့ခုတ်လို့မရတဲ့ ဥစ္စာစောင့်မ သေနတ်နဲ့ကို ပစ်သတ်မယ်။ သေစမ်းဟာ သေစမ်း'

'ဒိုင်း ... ဒိုင်း ... ဒိုင်း ...'

ဂူကြီးထဲတွင် သေနတ်သံများ ဆူညံမြည်ဟီးထွက်ပေါ်လာသည်။ ထိုအချိန်တွင် ဝါးဖောင်ပေါ်သို့ ပြန်ရောက်လာကြသော မောင်နန်းဝေနှင့်ပန်းငုံတို့သည် ရေစီးအတိုင်း ဂူပေါက်ဝကြီးမှ ကျော်ထွက်လာနိုင်ခဲ့သည်။

ရေစီးနှုန်းကိုကြည့်ပြီး ကိုနန်းဝေ အံ့သြလျက်ရှိသည်။ အလာတုန်းက ဂူကြီးထဲသို့ စီးဝင်နေသောရေသည် ရေစုန်ခရီးဖြစ်သလို ဂူအပြင်သို့ပြန်ထွက်ရာတွင် ရေကိုဆန်တက်ရမည်ဖြစ်သည်။ သို့သော် ပြောင်းပြန်ပြန်ဖြစ်ကာဂူကြီးထဲမှ အပြင်သို့ တရဟောထိုး၍ အရှိန်ပြင်းစွာ စီးဆင်းလျက်ရှိနေသည်။





'ဂူထဲမှာတော့ ရတနာတွေကို လုကြရင်း အချင်းချင်း ပစ်ခတ်ကုန်ကြပြီထင်တယ်။ တော်သေးတယ်ပန်းငုံ အချိန်မီရုံကလေး အမြန်ပြန်ထွက်လာနိုင်ခဲ့ကြလို့ပဲ'

'ဦးကြီးနဲ့ ကိုဗလတို့ ဘာတွေဖြစ်နေကြမလဲမသိဘူး'

ပန်းငုံက စိုးရိမ်ပူပန်စွာပြောလိုက်သည်။

ဂူကြီးအတွင်း၌မူ ဗလသည် စိတ်ဖောက်ပြန်ကာ ပျှမ်းသမီးလေး ရုပ်အလောင်းအား တဒိုင်းဒိုင်းနှင့် ပစ်ခတ်နေသလို ရတနာများအား အလုအယက်ကောက်ယူထည့်သိုနေကြရာမှ ဟစ်အော်နေသံများလည်း ရှုပ်ထွေးသွားသည်။ သူကြီးဦးယက္ခသည် ရတနာများကို ကောက်ယူကျုံးနေသော မုဆိုးကြီးပေတလူထံသို့ လွှားခနဲခုန်ဝင်ပြီး တန်ထည့်လိုက်သည်။

'ဟေ့ကောင် ပေတလူ၊ ဒါငါ့ရတနာတွေ၊ မင်းက ဘာလို့ယူနေရတာလဲ'

လွင့်စဉ်ကျသွားသော ပေတလူကလည်း ကုန်းရုန်းလိုက်သည်။

'သူကြီး... ခင်ဗျားလောဘကြီးလှချည်လား။ အစတုန်းက



www.burmeseclassic.com

ပြောတော့ အညီအမျှ ဝေစုခွဲယူကြမယ်ဆို။ ခုမှ ခင်ဗျားက ဘာဖောက်ပြန်သွားတာလဲ'

ပြောပြောဆိုဆို ဦးယက္ခမျက်နှာသို့ ပြင်းထန်သော လက်သီးချက်များဖြင့် ထိုးနှက်လိုက်သည်။ ဦးယက္ခကလည်း ပြန်လည် ခုခံရင်း ရတနာပုံထဲတွင် နှစ်ယောက်သားလုံးထွေးသတ်ပုတ်ကုန်ကြသည်။ လောဘကား ကြောက်စရာကောင်းလှပေသည်။ လောဘ … ဒေါသ … မောဟများ ဖုံးလွှမ်းသွားသော ဦးယက္ခနှင့် မုဆိုးကြီးပေတလုတို့မှာ ဥစ္စာရှူးကြီးများအဖြစ်သို့ ရောက်ရှိသွားကြသည်။

ထိုအချိန်တွင် သက်တမ်းရာနှင့်ချီပြီး တည်ရှိခဲ့သော ကျောက်ဂူကြီးသည် ဗလပစ်ခတ်လိုက်သော သေနတ်သံများ ဆူညံစွာရိုက်ခတ်မှု အသံလှိုင်းနှင့် ပြင်ပလေဖိအားများကြောင့် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကျောက်သားများ တဝုန်းဝုန်းပြိုကျလာသည်။ ပွဲ့ရွဲ့ကျလာသော ကျောက်တုံးကျောက်ခဲကြီးများသည်လည်း ပြင်းထန်သောအရှိန်နှုန်းများနှင့် လွင့်စဉ်လာကြသည်။

ကမ္ဘာပျက်သကဲ့သို့ တဝုန်းဝုန်း ဆူညံပေါက်ကွဲသံကြီးများသည် လောဘသားလေးဦးအား ရွှေယောင်းရတနာများနှင့်အတူ ဖုံးလွှမ်းသွားလေသည်။





အန္တရာယ်ကင်းစွာ ပြန်ထွက်နိုင်ခဲ့ကြသည့် ဝါးဆောင်လေး ပေါ်တွင် မောင်နန်းဝေနှင့် ပန်းငုံတို့သည် အရှိန်ပြင်းသော ရေစီးနှုန်းနှင့်အတူ မျောပါလျက်ရှိသည်။ ပန်းငုံသည် ပြိုကျပျက်စီးသွားသော မိုင်းမောရတနာသိုက်ဂူကြီးရှိရာသို့ လှမ်းမျှော်ကြည့်ရင်း တရှုံ့ရှုံ့ ငိုကြွေးလျက်ရှိသည်။

ဂူကြီးထဲတွင် ယယ်စဉ်ကတည်းက ကျွေးမွေးပြုစုခဲ့သော ဦးလေးပင်ဖြစ်သော်လည်း ဖခင်တစ်ဦးကဲ့သို့ ကျေးဇူးရှိခဲ့သည့် သူကြီး ဦးယက္ခ အစ်ကိုဝမ်းကွဲဖြစ်သည့် ကိုဗလတို့နှင့် အပြီးတိုင်လမ်းခွဲခဲ့ရပြီ ဖြစ်သည်။

'ငိုမနေပါနဲ့ ပန်းငုံရယ်၊ ခုလိုဖြစ်ပျက်ခဲ့ရတာတွေကို ကျွန်တော် လည်းစိတ်မကောင်းပါဘူး။ သူကြီးဦးယက္ခနဲ့ ကိုဗလတို့ မရှိတော့ပေမယ့် ပန်းငုံဘဝကို တစ်သက်လုံးစောင့်ရှောက်သွားမယ့် ကျွန်တော် ရှိပါတယ်။ ဘာမှ ဝမ်းမနည်းပါနဲ့တော့နော်'

မောင်နန်းဝေက ပန်းငုံအား နှစ်သိမ့်စကားပြောနေမိသည်။

မျက်ရည်ဝဲနေသော မျက်လုံးများနှင့် သူ့နန်းဝေကို တွေကြည့် လိုက်သည်။ ကိုနန်းဝေကို ပန်းငုံချစ်ပါသည်။ ယခုဘဝတွင် ပြန်လည်

www.burmeseclassic.com



ဆုံဆည်းရသော သမိုင်းပညာရှင် ကိုနန်းဝေကိုသာမဟုတ် ပိုးအရင် အတိတ်ဘဝတစ်ခုက ခင်ခင်လေးအဖြစ်နှင့်လည်း ပန်းချီဆရာကိုနန်းဝေကို မြတ်နိုးစွာ ချစ်ခဲ့ရသူဖြစ်သည်။

ယန်းငုံသည် ကိုနန်းဝေရင်ခွင်ထဲသို့တိုးဝင်လိုက်သလို ကိုနန်းဝေကလည်း ယန်းငုံအား ယုယနွေးထွေးစွာ ဖက်တွယ်ထားလိုက်ပေတော့သည်။

၈၁ဝ



www.burmeseclassic.com